www.burmeseclassic.com

# Angry Maths



# Nyay

ရေး

စိတ်ဆိုးနေတဲ့သင်္ချာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင် (အိမ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (ကာလာဇုန်ပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - မျိုးဝင်းမြတ် |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် (၂၀၁၃ ခုနှစ်၊ ဧပြီလ) |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၅၀၀ ကျပ် |


BURMESE CLASSIC .com

## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ✷ ၃၀၁၃ | ညေး |
| ✷ ယောက်ျားတိုက်ပွဲ | သည်ခေတ်နေ |
| ✷ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ | သည်ခေတ်နေ |
| ✷ ဘာလဲဆိုတာမေးမြန်းခြင်းသည်းခံပါ | စစ် |

www.burmeseclassic.com

www.burmeseclassic.com

# ရှုံး

ဆိက်ဆိုးနှုတာ့ သခ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl., 153rd Lane.
Tamwe Tsp., Ygn.
Ph : 551403,09 730 53 703

BURMESE CLASSIC .com

တစ်ခါတုန်းက လူငယ်လေးတစ်ယောက်ဟာ

ဂိမ်းတစ်မျိုး တီထွင်နိုင်ခဲ့တဲ့အတွက်

ကမ္ဘာတစ်ဖက်ခြမ်းက သူ့ကို ဖမ်းဝရမ်းထုတ်ခဲ့ပြီး

ကမ္ဘာတစ်ဖက်ခြမ်းကတော့ ဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့ပါတယ်..

သူထွင်ခဲ့တဲ့ ဂိမ်းနာမည်က ANGRY MATHS ...တဲ့

www.burmeseclassic.com

www.burmeseclassic.com

(က)

ကဲ··ရယ်စရာ မကောင်းဘူးလား···

ပိုင့်ကို ဒီနေ့ပဲ ကမ္ဘာ့တစ်ဖက်ခြမ်းက သင်္ချာဆိုင်ရာ ပါရဂူ (ဒေါက်တာ)ဘွဲ့ချီးမြှင့်ခဲ့ကြပြီး၊ ကမ္ဘာ့တစ်ဖက်ခြမ်းမှာ တော့ ဖမ်းဝရမ်း ထုတ်လိုက်ကြပြီ···

စပ်စပ်ဆော့ဆော့နဲ့ ပေါက်တတ်ကရ လုပ်တတ်တဲ့ ကောင်လေးတစ်ယောက်ဟာ ဒီနေ့ တစ်ရက်တည်းနဲ့ ဒေါက်တာ ဝရမ်းပြေးဆိုတဲ့ ဘွဲ့တံဆိပ်နှစ်ခုကို တပြိုင်နက် ရခဲ့ပြီပေါ့···

"ဟား··ဟား··"

ပိုင် သဘောကျစွာ ရယ်မောလိုက်ပြီး ကျောပိုးအိတ် တစ်လုံး ကောက်လွယ်ကာ ဇာတိမြေကို စွန့်ခွာခဲ့သည်။

ဟုတ်တယ်···။

ဒီတစ်ခါ သူလုပ်ခဲ့တာ ပေါ့သေးသေးတော့မဟုတ်···။ ကမ္ဘာနဲ့ချီပြီးတော့ကို ပေါက်တတ်ကရ လုပ်ခဲ့ခြင်းဖြစ်သည်။

အင်း···။ အရင်းစစ်လိုက်ရင်တော့ ဟိုပုဂ္ဂိုလ်ကြီးကိုပဲ

BURMESE CLASSIC .com



အပြစ်တင်ရမှာပဲ···။ အသက်ခြောက်ဆယ်ကျော်တော့မှ မနာလိုစရာ ကောင်းလောက်အောင် ခပ်ငယ်ငယ် တပည့်မလေးနဲ့ ယူလိုက်တဲ့ ဟိုလူကြီး··(အဲလိုပြောလို့ ဆွေမျိုးရင်းချာထဲက တစ်ယောက် ယောက်လို့တော့ မထင်လိုက်ပါနဲ့···အဟဲ!)

ခရစ်တော်မပေါ်ခင် ဘီစီငါးရာဝန်းကျင်က ပေါ်ခဲ့တဲ့ မဟာ လူသားမစ္စတာသင်္ချာဂုရု ပိုက်သဂိုရပ်ကြီးကို ပြောတာ··။

ကဲ···ပြောနေကြာတယ်··။

ပုံတစ်ပုံ ဆွဲပြမယ်··။ ကြည့်··။



ခင်ဗျားသာ သင်ရိုးညွှန်းတမ်းပြင်ပ သင်္ချာပညာရပ်ကို လေ့လာလိုက်စားထားတဲ့သူဆိုရင် ဒီပုံကို မြင်တာနဲ့ ကောင်းကောင်းရိပ်မိသွားပြီပေါ့···။

Tetraktys ...။

ဟုတ်တယ်··။ တနည်းပြောရရင် ကမ္ဘာကို ခပ်ပြင်းပြင်းကြီး ကိုင်လှုပ်ခဲ့တဲ့ မဟာတြိဂံတစ်ခု···။

မဟာတြိဂံနဲ့ စိမ်းနေတဲ့သူတွေကို နားလည်အောင် ရှင်းပြရမယ်ဆိုရင် အပေါ်ဆုံး လိုင်းကနေစပြီး ရေတွက်ကြည့် လိုက်···။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရှင်းတဲ့ သဘာဝကိန်းပြည့်တွေဖြစ်တဲ့ 1,2,3,4...တွေ။ ပေါင်းလာဒ်က 10 ။

"ဒါ..ဘာဆန်းသလဲ"လို့ လူပြိန်းက မေးလိမ့်မယ်..

ပိုက်သဂိုရအတွက်ကတော့ ဒီကိန်းစဉ်ဟာ စွမ်းအင်ကြီးသော ကိန်း၊ ပြီးပြည့်စုံသော ကိန်း၊ တစ်ဆယ်ဖြစ်မှုကိန်းဆိုပြီး ငုတ်တုတ်မေ့ခဲ့ရဖူးသည်။

ဂဏန်းသင်္ချာ၊ ဂီတသင်္ကေတနုတ်(စ်)၊ ဂျီဩမေတြီ၊ နက္ခတ်ပညာရပ်တွေရဲ့ မူလဘူတ ဌာနချုပ်ကြီးဟာ အဲဒီမဟာ တြိဂံကစတာပဲ...။

"ဝါး"ကနဲ ခင်ဗျားက သမ်းဝေလိမ့်မယ်။ ငြီးငွေ့ပြီး အိပ်ချင်စရာကောင်းလှတဲ့ ကျောင်းသင်ခန်းစာ ဘာသာရပ်တွေဆီ ခင်ဗျားကို ဆွဲခေါ်သွားဖို့ မဟုတ်ပါဘူး..။

ကဲ..ရယ်စရာ ဟာသလေးတစ်ပုဒ်လောက် ပြောကြရအောင်..။

ပိုက်သဂိုရကြီးဟာ ပေါင်းလာဒ် ၁၀ ဖြစ်တည်မှုကို ပညာရပ်တွေအတွက် စကေးကိုက် ဖန်တီးပေးခဲ့ရုံနဲ့ အားမရသေးဘဲ ကောင်းကင်ပေါ်ကိုပါ တွန်းပို့ခဲ့သေးတာ..။

ကောင်းကင်မှာ နေကိုလှည့်ပတ်နေတဲ့ ဂြိုဟ်ကြီးဟာ ဆယ်လုံးတိတိရှိရမယ်..တဲ့။

ကဲ..သီအိုရီသမားက ရှေ့ကသွားနှင့်ပြီဆိုတော့ လိုနေတဲ့ ဂြိုဟ်တစ်လုံးကို ဘယ်လိုဆွဲထည့်ကြမလဲ...

ဒီ ပိုက်သဂိုရကြီး ဗျာဒိတ်ပေးခဲ့တဲ့ ဆယ်လုံးမြောက်



ဂြိုဟ်ကို နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်တဲ့အထိ ဘယ်သူမှ ရှာမတွေ့နိုင်ဘူး...။

ပိုင်ဟာ စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ဆယ်လုံးမြောက်ဂြိုဟ် ရှာပုံတော်ကို သင်္ချာအခြေခံပြီး အုံးစားရတဲ့ လူငယ်ကြိုက် အဆင့်မြင့်ဂိမ်းတစ်ခု တီထွင်ခဲ့ပါသည်။

ထိုဂိမ်းကြောင့် ပိုင် နေ့ချင်းညချင်း ကမ္ဘာကျော်ခဲ့ရ သည်။ သန်းကြွယ်သူဌေးဖြစ်ခဲ့ရသည်။ ဒေါက်တာဘွဲ့ရခဲ့သည်။

နောက်တော့ ဖမ်းဝရမ်း အထုတ်ခံရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

(ခ)

မင်းမြတ်အိပ်မက် ဆယ့်သုံးချက်··

အိပ်မက် (၁)

ကျယ်ပြန့်သော လွင်ပြင်တစ်ခု၌ တစ်ထီးတည်း မတ်တပ်ရပ်နေခြင်း

အိပ်မက် (၂)

ကလေးငယ်တချို့ လိုအပ်သည်ထက် ပိုမိုမြူးထူးအော်ဟစ် ဆော့ကစားလျက်ရှိပြီး ကလေးငယ်တချို့ နွမ်းလျလျက်ရှိခြင်း

အိပ်မက် (၃)

အဆမတန် ကြီးထွားဖွံ့ဖြိုးနေကြသော သစ်သီးဝလံများမှာ သဘာဝထက် ပိုမိုတောက်ပသော အရောင်အဆင်းများ ဖိတ်ဖိတ်တောက်လျက်ရှိခြင်း···



အိပ်မက် (၄)

အလွန်သေးငယ်သော တွင်းပေါက်တစ်ခုထဲသို့ ပုရွက်ဆိတ်အုံကြီး တိုးဝှေ့ဝင်ရောက်လျက်ရှိခြင်း

အိပ်မက် (၅)

ပွဲလမ်းသဘင်တစ်ခု၌ မိန်းမငယ်တချို့ အဝတ်အစားအထက်အောက် မှားယွင်းစွာ ဝတ်ဆင်လာခြင်း

အိပ်မက် (၆)

ညဦးအခါမှ ထွက်လေ့ရှိသော ငှက်ဆိုးများ မြူးတူးပျော်ပါး တေးဆိုနေကြခြင်း

အိပ်မက် (၇)

ရေစီးသန်လှသော မြစ်ကြီးတသွယ်မှာ ရုတ်ချည်းဆိုသလို အင်္ဂတေမြစ် ဖြစ်သွားခြင်း

အိပ်မက် (၈)

မိခင်ငှက်မကြီး အစာသွားရှာသည်ကို မစောင့်နိုင်ကြတော့ဘဲ ငှက်ပေါက်ကလေးများ ငှက်သိုက်အပြင် ခုန်ထွက်ကာ အစာရှာနေကြခြင်း

အိပ်မက် (၉)

သုသာန်တစ်ခု၏ အုတ်ဂူများ၌ သေဆုံးသူများ အသက်ကို ကမ္ပည်းရေးထိုးထားကြရာ အသက်အရွယ်များမှာ ငယ်ရွယ်နေကြခြင်း

အိပ်မက် (၁၀)

ကြားဖူးနားဝမရှိသော ဘာသာစကားများပြောဆိုနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည့် လူစုလူဝေးများ နေရာအနှံ့၌ ရှိနေကြခြင်း

အိပ်မက် (၁၁)

ကြက်တူရွေးများ ဘုရားစာရွတ်နေကြပြီး ဝံပုလွေများ ကြေးစည်ထုနေကြခြင်း

အိပ်မက် (၁၂)

ဆတ္တာသည် (ဆံပင်ညှပ်ဆရာ)များ တောအုပ်ထဲ ဝင်ရောက်သွားခြင်း

အိပ်မက် (၁၃)

မင်းမှုထမ်းများနေထိုင်သည့် အိမ်အများစုမှာ အိမ်ရှေ့ တံခါးပေါက်များ ဟောင်းနွမ်းဆွေးမြေ့နေပြီး၊ အိမ်နောက်ဖေး တံခါးပေါက်များ ရွှေရောင်ထ,လျက် ရှိခြင်း..

ဘုရားသခင်နှင့်စကားစမြည်

www.burmeseclassic.com

www.burmeseclassic.com

## (၈)

Once upon a time, there was a king...။

အင်း…။ ထိုသို့ပင် နိဒါန်း ချီရပေလိမ့်မယ်··။

တရံရောအခါက ဘုရင်ကြီးတစ်ပါး ရှိလေသတည်း··။

ညဥ့်ယံတပါး၌ ကောရာဇ်မင်းသည် ယနေ့ခေတ် ဟိုနိုင်ငံဖြစ် ဇာတ်လမ်းတွဲများလို ရှည်လျားထွေပြားစွာ အိပ်မက် (၁၃)ခုကို မက်မြင်တော်မူခဲ့ပြီး၊ မိုးသောက်သောအခါ ကြီးစွာတုန်လှုပ်သွားလေတော့၏…။

ညီလာခံ၌ မင်းတိုင်ပင် စိုးတိုင်ပင် အမတ်များအား အိပ်မက်နှင့်စပ်လျဉ်းသည့် နိမိတ်များအား မေးမြန်းလေရာ··။

"(၁၃)ဆိုတော့ ဘူကျကြောင်းပါ မင်းကြီး…နမိတ် မကောင်းပါသောကြောင့် သာသနာ့ဘောင်းအတွင်း ခဏဝင်ရောက်သင့်ကြောင်းပါ··"

"သစ်သီးဝလံများ အဆမတန်ကြီးထွား စိမ်းစိုနေသည်ကို ထောက်ချင့်ပြီး မင်းကြီးလက်ထက်၌ တိုင်းပြည်ဟာ စည်ပင်



သာယာဝပြောသည့် ခနသဟာရနိုင်ငံကြီး ဖြစ်လာတော့မည့် နမိတ်ကောင်းပါ မင်းကြီး…"

စသဖြင့် အချို့အိပ်မက်တို့ကို တစ်ယောက်တစ်ပေါက် နမိတ်ဖတ်နိုင်ကြပြီး၊ အိပ်မက်အချို့ကိုမူ ဘာမှန်းညာမှန်း မသိလောက်အောင် ဖြစ်နေစဉ်··

ဘုရားသခင်သည် ကောင်းကင်၌ ကိုယ်ထင်ပြလျက် မင်းကြီး၏ အိပ်မက်ပါ နမိတ်များအား ဖြေရှင်းပေးတော်မူလေတော့၏··။

"ချစ်သား…ဦးဆုံးအိပ်မက် နမိတ်ကား ရင်လေးဖွယ်ရာ ကောင်း၏။ ဝိသမလောဘရှိသူ ကြေးရတတ်တချို့မှာ နောင်အခါ··"မြေယာငွေကြေး"ဟု ခေါ်ဆိုနိုင်သော ငွေကြေး တစ်ရပ်ကို ဖန်တီးကြပေအံ့…။

အကြင်သူသည် သူ၊ သူ၏မိသားစု၊ သူ၏ဆွေစဉ်မျိုးဆက်နေ၍ မကုန်နိုင်လောက်သော မြေနေရာများကို တစ်ဘဝစာ အမြတ်အစွန်းကြည့်ရှုဝယ်ယူခြင်းအားဖြင့် လူတန်းစားကျပ်တည်းမှု ဂယက်မီးကို စတင်ဖန်တီးပေလတ္တံ့…။"

ဘုရားသခင်၏ ဗျာဒိတ်တော်ကြောင့် မင်းကြီး ရှုံ့ရှုံ့ရှဲရှဲဖြစ်တော်မူသွားပြီး ထိုသို့သောသူမျိုးကို ရှင်းလင်းသုတ်သင်ပစ်မည်ဟု လျှောက်တင်သောအခါ ဘုရားသခင်က ပြုံးတော်မူလိုက်ပြီး…

"ချစ်သား··ထိုအမှုကိစ္စအား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်··သင့်အိပ်မက်သည် သင့်လက်ထက်၌ပေါ်ခြင်း၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လက်ထက်၌သော်လည်း ဖြစ်လာလတ္တံ့မည်မဟုတ် ··နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညှိုးဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏···”

သို့မှ မင်းကြီးလည်း ရင်ချောင်သွားပြီး ဒုတိယအိပ်မက်ကို ဆက်လက်မေးမြန်းတော်မူလေတော့၏···။

ဘုရားသခင်၏ ဗျာဒိတ်တော်မှာလည်း ရေလည်လန်းသည်ဟုပင် ဆိုရပေလိမ့်မည်··။

“ချစ်သား···ဒုတိယအိပ်မက်၏ နိမိတ်ကား ရင်လေးဖွယ်ကောင်း၏။ နောင်အခါ အင်တာနေရှင်နယ် စကူးလ် (International School)ဟု အမည်တွင်လတ္တံ့မည့် ယခုအခေါ် တက္ကသိုလ်ပြည့် ပညာရေးကျောင်းတော်ကို နောင်းလူတို့က မြို့ကြီးပြကြီးများ၌ စီးပွားရေးဆန်ဆန်ပင်၊ နောင်အခါ ဘီးလ်ဘုတ်( Billboard)ဟု ခေါ်တွင်လတ္တံ့သော ကြော်ငြာဆိုင်းဘုတ်တို့ဖြင့် ကြော်ငြာပေလတ္တံ့··။ ထိုသို့ ကြော်ငြာရာတွင်လည်း ပညာရေး ဦးစားပေးမြင်ကွင်းများနှင့် မကြော်ငြာဘဲ ကလေးငယ်တို့ နှစ်သက်ဖွယ်သော ခေတ်မှီကစားကွင်းများတွင်၊ ကလေးငယ်များ မြူးတူးခုန်ပေါက်ဆော့ကစားနေကြသော မြင်ကွင်းများနှင့် ကြော်ငြာကြပေလတ္တံ့··။ ကြေးရတတ်သားသမီးအနည်းအကျဉ်းမျှသာ ထိုကျောင်းတော်များကို သွားရောက်ပညာသင်ကြားနိုင်မှုကို ထောက်ချင့်ပြီး သာမန်လူဆင်းရဲသားသမီးများသည်ကား ကလေးငယ်တို့သဘာဝအရ အားငယ်မှုဖြစ်စေမည့် လူတန်းစားကွာဟမှု နိမိတ်တစ်ခုပေတည်း··”



ဘုရားသခင် ဗျာဒိတ်တော်ကြောင့် မင်းကြီးခမျာ စိတ်နှလုံးမသာမယာ ဖြစ်သွားပြီး အမိန့်တစ်ရပ် ထုတ်ပြန်လိုက်လေတော့သည်။

“ငါ ဘုရင်လက်ထက်၌ အခကြေးငွေကောက်ခံမည့် တက္ကသိုလ်ဖွင့်ခွင့်ပါမစ်လျှောက်ထားသူများအား ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ပေးစေ···”

ဘုရားသခင်လည်း မင်းကြီးအမိန့်ကြောင့် ပြုံးတော်မူလိုက်ပြီး···

“ချစ်သား··ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်··။ သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၎င်း၊ ငါ ဘုရားသခင်လက်ထက်၌သော်၎င်း ဖြစ်လာလတ္တံ့မည် မဟုတ်··။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညှိုးဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏···”

သို့မှ မင်းကြီးလည်း ငါးရှူပြုံး ပြုံးတော်မူနိုင်ပြီး တတိယအိပ်မက်ကို ဆက်လက်လျှောက်ထားလေတော့သည်။

နှစ်ပေါင်း ထောင်နှင့်ချီသော အနာဂတ်ကို ကြည့်ရှုနိုင်သော ဘုရားသခင်၏ ဉာဏ်တော်မှာလည်း အံ့မခန်းပင်··။

“ချစ်သား·· တတိယအိပ်မက်၏ နမိတ်ကား ရင်လေးဖွယ် ကောင်း၏။ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်သော အချို့လူများသည် နောင်အခါ ဓာတုဆိုးဆေးများ၊ ပြင်းအားများသော မြေသြဇာများကို တီထွင်ကြပေလတ္တံ့။ သစ်သီးဝလံ စိုက်ပျိုးသူ၊ ရောင်းချသူများကလည်း စည်းစားချင့်

www.burmeseclassic.com

www.burmeseclassic.com



ချိန်မှုမရှိတော့ဘဲ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ကာ ဓာတုဆိုးဆေးများ၊ မြေဩဇာများ ပိုးသတ်ဆေးများကို အလွန် အကျွံသုံးစွဲအံ့။ မင်းကြီး အိပ်မက်ထဲမှ သစ်သီးဝလံများမှာ အပြင်ပန်းစွဲလန်းနှစ်သက်ဖွယ်ရာကောင်းသော်လည်း၊ ဇီဝ ဓာတ်ကြွင်း၊ ဓာတုဆိုးဆေးများနှင့် ဥပါဒ်သင့် သစ်သီးသစ်နှံ များ ဖြစ်ပေရာ စားသုံးသူများအဖို့ ဘေးဖြစ်စေမည့် နမိတ်ဆိုး တည်…”

“သယ်..ရိုင်းလိုက်လေ..မောင်မင်းများ..”

“မျှား…..”

“ငါ ကိုယ်တော်မြတ် အမိန့်ချမယ်..။ ထို,ထို လူယုတ်မာများအား ဆုကြေးထုတ်၍ ရှာဖွေလော့..တွေ့ရာ သင်္ချိုင်း၊ ခါးမဆိုင်းဘဲ အပိုင်းပိုင်းခုတ်ထစ်သုတ်သင်လော့..။ ငါ ဘုရင်မင်းမြတ်၏ အမိန့်တော်…”

ဘုရားသခင်လည်း မင်းကြီး အမိန့်ကြောင့် ပြုံးတော်မူ လိုက်ပြီး…

“ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..။ သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၎င်း၊ ငါ ဘုရားသခင်လက်ထက်၌သော်၎င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အ ရောက် ညှို့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏…”

ထိုမှ မင်းကြီးလည်း နေသာထိုင်သာ ရှိတော်မူသွားပြီး စတုတ္ထအိပ်မက်ကို ဆက်လက်လျှောက်ထားလေတော့၏..။



“ချစ်သား..ယခုအိပ်မက်သည်ကား ဦးဆုံးအိပ်မက် ၏ နောက်ဆက်တွဲပေတည်း။ ကြေးရတတ်တစ်ယောက်သည် မြေယာကေများစွာကို ပိုင်ဆိုင်သည်ဟု ငါဆိုခဲ့ပြီ။ မြေယာတို့ မှာ သူဆင်းရဲများ လိုက်မမီလောက်အောင် ဈေးများမြင့်တက်ခဲ့ ပြီဖြစ်သောကြောင့် ဆင်ခြေဖုံးများ၌ သူဆင်းရဲများ ဆင်းရဲကျပ် သိပ်စွာ နေထိုင်ရတော့မည့် နမိတ်ပေတည်း..”

မင်းကြီးလည်း ပါးစပ်တော်ဟမည်ကြံရာ ဘုရားသခင် က ကြားဖြတ်ဝင်ရောက်ပြီး..

“မပူလင့်ချစ်သား..။ ထိုအမှုကိစ္စကား သင်ကိုင်တွယ် ခြင်းငှာ မတတ်နိုင်..။ သင့်အိပ်မက်သည် သင့်လက်ထက်၌ သော်၎င်း၊ ငါ ဘုရားသခင်လက်ထက်၌သော်၎င်း ဖြစ်လာ လတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညှို့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏…”

သို့မှ မင်းကြီးလည်း စိတ်နှလုံးကြည်မွေ့တော်မူသွားပြီး ငါးခုမြောက်အိပ်မက်ကို ဆက်လက်လျှောက်ထားလေတော့၏။

“ချစ်သား…အသင့်အိပ်မက်၏ နမိတ်သည်ကား ရင်လေးဖွယ်ကောင်း၏.. နက္ခတ်သဘင်၊ အတာသဘင်ကဲ့သို့သော အစဉ်အလာကြီးမားစွာ ကျင်းပသည့် ပွဲလမ်းသဘင်များကို ခုတုံး လုပ်၍ နောင်အခါ မိန်းမငယ်များသည် မိမိတို့ဂုဏ်သတင်းကြီး စေရန်အလို့ငှာ အဝတ်အစားများ ကမောက်ကမ ဝတ်ဆင်ခြင်း၊ မလုံတလုံ လျှပ်ပေါ်လော်မာ ဝတ်ဆင်ခြင်းများကို ကြီးစွာမြှကျင့်

www.burmeseclassic.com

www.burmeseclassic.com



မည့် နမိတ်ပုံတည်း..''

ဘုရားသခင် ဗျာဒိတ်တော်ကြောင့် မင်းကြီးလည်း ဒေါ်ဖောင်းတော်မူသွားပြီး အမိန့်တစ်ရပ် ထုတ်ပြန်လိုက်လေတော့သည်။

''သယ်..လောကကို အလှမဆင်ဘဲ ရှုချင်တဲ့ သူယုတ်မာတွေ..။ သဘင်သည် အနုပညာသည်ဖြစ်က ပွဲမိန့်ဆယ်နှစ် ပိတ်စေ..အရပ်သူဖြစ်က ချက်ချင်းလက်ငင်းထောင်သွင်း အကျည်းချုဖျင်းကြစေဗျား..''

ဘုရားသခင်လည်း မင်းကြီးအမိန့်တော်ကြောင့် ပြုံးတော်မူလိုက်ပြီး....

''ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၄င်း၊ ငါဘုရားသခင်လက်ထက်၌သော်၄င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညံ့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏...''

သို့မှ မင်းကြီးလည်း ရွှေစိတ်တော်အေးသွားပြီး ခြောက်ခုမြောက် အိပ်မက်ကို ဆက်လက်လျှောက်ထားလေတော့၏..။

''ချစ်သား..အသင့်အိပ်မက်၏ နမိတ်သည်ရင်လေးဖွယ်ကောင်း၏။ နောင်အခါ လူတို့ဖန်တီးအပ်သော ပျော်ပွဲရွှင်ပွဲများသည် ကေတီဗွီ(KTV)၊ နိုက်ကလပ်(Night Club)၊ စတိတ်ရှိုး(Stage Show)စသဖြင့် ကျယ်ပြန့်ကုန်မည် ဖြစ်ရာ သေသောက်ကြူး၊ အပျော်ကြူးသော ထိုထိုယောကျ်ား



ထိုထိုမိန်းမတို့သည်ကား ညအခါ အစာရှာထွက်သည့် ညဥ့်ငှက်ဆိုးများအလား အော်ဟစ်ဆူညံမြူးတူး ပျော်ပါးတေးသီကခုန်ကြတော့မည့် တုန့်လှုပ်ဖွယ်ရာ နမိတ်ပေတကား..''

ဘုရားသခင် ဗျာဒိတ်တော်ကြောင့် မင်းကြီးလည်း စပ်ဖျဉ်းစပ်ဖျဉ်းဖြစ်တော်မူသွားပြီး မှူးမတ်သေနာပတိများဘက်လှည့်ကာ အမိန့်တစ်ရပ် ထုတ်ပြန်လေတော့၏။

''ထိုထို ယောကျ်ား၊ ထိုထိုမိန်းမတို့ကို သင်တို့အမြန်ရှာဖွေလော့..။ တွေ့ရှိက ထမင်းလုံးတစ်ထောက်စာ အပေါက်ငယ်ချန်ပြီး ပါးစပ်ကိုအပ်နှင့်အပ်ချည်သုံးကာ အသေချုပ်စေသတည်း..''

ဘုရားသခင်လည်း မင်းကြီးအမိန့်ကြောင့် ပြုံးတော်မူလိုက်ပြီး...

''ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၄င်း၊ ငါဘုရားသခင်လက်ထက်၌သော်၄င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညံ့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏...''

သို့မှ မင်းကြီးလည်း ကျေနပ်တော်မူသွားပြီး ခုနစ်ခုမြောက် အိပ်မက်ကို ဆက်လက်မေးမြန်းလျှောက်ထားလေတော့၏။

''ချစ်သား..အသင့်အိပ်မက်၏ နိမိတ်သည် ရင်လေးဖွယ်ကောင်း၏..။ ဝိသမလောဘကြီးသူ နှောင်းလူ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် မြစ်ချောင်းကမ်းရိုးအနီးတဝိုက် ရွှေ၊ ငွေ၊ ကြေး၊ သံ ကျောက်သံပတ္တမြား တူးဖော်ခြင်းလုပ်ငန်းများကို ဆင်ခြေတုံ့တရားကင်းမဲ့စွာ လုပ်ဆောင်ကြအံ့။ စက်ရုံအလုပ်ရုံများ တည်ဆောက်ပြီးလျှင် စွန့်ပစ်ဓာတုဓာတ်ကြွင်းအမှိုက်များကို မြစ်ချောင်းများထဲ မျောချကြပေအံ့..။ ထိုအခါ ရေနေသတ္တဝါမျိုးစိတ်တို့ များစွာပျက်စီးကြကုန်ပြီး၊ အစဉ်အလာကြီးမားလှ သော မဟာနဒီမြစ်မင်းမှာလည်း သူ့အို၊ သူနာ တစ်ယောက်ပမာ ယိုယွင်းချိနဲ့လာတော့မည့် နမိတ်ပေတည်း..''

မင်းကြီးလည်း အိပ်မက်၏ နမိတ်ကို သိလျှင်သိချင်း တင်းတော်မူလေပြီး ဥပဒေတစ်ရပ်ကို နှုတ်တိုက်ထုတ်ပြန်ပါလေတော့သည်..။

''မြစ်ချောင်းအင်းအိုင်များကို တိမ်ကောပျောက်အောင် လုပ်ဆောင်ကြမည့် ထိုသူယုတ်တို့ကို သင်တို့အခုပင် ဖမ်းဆီးလော့..မိလျှင်မိချင်း မဆိုင်းမတွပင် ဝမ်းဗိုက်ပေါက်သည်အထိ ရေတိုက်၍ သတ်စေ..ငါ၏ အမိန့်တော်..''

ဘုရားသခင်လည်း မင်းကြီးအမိန့်ကြောင့် ပြုံးတော်မူလိုက်ပြီး...

''ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၎င်း၊ ငါဘုရားသခင်လက်ထက်၌သော်၎င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညံ့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏...''



သို့မှ မင်းကြီးလည်း ရွှေဘဝင်ကျတော်မူသွားပြီး ရှစ်ခုမြောက် အိပ်မက်ကို ဆက်လက်မေးမြန်းလျှောက်ထားလေတော့၏။

''ချစ်သား..အသင့်အိမ်မက်၏ နမိတ်သည် ရင်လေးဖွယ်ကောင်း၏..နောင်းလူတို့ခေတ်တွင် ကမ္ဘာအနှံ့ စီးပွားပျက်ကပ်များ ဆိုက်ပေအံ့။ ကျပ်တည်းမှု ဂယက်များကြောင့် မိသားစုဝင်များသည် တစ်ဦးတစ်ယောက်၏ ဝင်ငွေအပေါ် အများက မှီခိုစားသောက်ခြင်းငှာ မတတ်နိုင်ကြတော့ဘဲ၊ ကလေးငယ်များ ဖြစ်လင့်ကစား ကိုယ်နှင့်ထိုက်တန်သည့် အလုပ်များကို လုပ်ကိုင်ကြရတော့မည့် ဘဝရှန်းကန်မှုပြ သရုပ်ဖော် အိပ်မက်ပေတည်း..''

ထိုအခါ မင်းကြီးလည်း ကြီးစွာပူပန်တော်မူသွားပြီး ဘဏ္ဍာထိန်းဝန်ကြီး မှူးမတ်များဘက်လှမ်းကာ...

''ဒီအရေးကို ငါကိုယ်တိုင် ကယ်တင်မှဖြစ်ပေတော့မည်..။ အခုကစပြီး သုံးနှစ်သုံးမိုး ကြာသည်အထိ အရပ်ရှစ်မျက်နှာအနှံ့ အလှူမဏ္ဍာပ်များ ထိုးစေသတည်း..။ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ အသားစို၊ အသားခြောက်၊ အထည်လိပ်၊ ပိတ်အုပ်၊ ဆေးဝါး၊ လယ်ယာသုံး၊ စက်မှုသုံးပစ္စည်းများ ရက်ရောစွာ လှူစေသတည်း မော်င်မင်းများ..''

''ရွှေဘုန်းတော်ကြောင့် လှူနိုင်ခြင်းပါဖျား..သင့်မြတ်လှကြောင်းပါဖျား..''

ဘုရားသခင်လည်း မင်းကြီးအမိန့်ကြောင့် ပြုံးတော်မူလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၄င်း၊ ငါဘုရားသခင်လက်ထက်၌သော်၄င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညှံ့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏..."

အခုခေတ် လူငယ်လေးတစ်ယောက်သာ ဖြစ်သည် ဆိုလျှင် ရွှေနန်းရှင်ကြီးမှာ မချင့်မရဲဖြင့် "ဟာဂျာ..."ဟုပင် ရေရွတ်မိပေတော့မည်။ နှိပ်ကွပ်ဖြေရှင်းပေးလိုသည်မှာ အသည်းတယားယားပင်...။

ရာဇပ္လင်နွေပျက်ယွင်း၍ မရသည်မို့ ရွှေနှုတ်ခမ်းမွှေး တော်ခပ်ကားကားကြီးကို ဟိုပွတ်ဒီပွတ် ပွတ်တော်မူလိုက်ပြီး ဆယ်ခုမြောက်အိပ်မက်ကို ဆက်လက်မေးမြန်းလျှောက်ထား လေတော့၏..။

"ချစ်သား..သင့်အိပ်မက်၏ နမိတ်ကား ရင်လေးဖွယ် ကောင်း၏။ နောင်အခါ ဤကမ္ဘာပေါ်ဝယ် လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်မက်ရေးရာ၊ စစ်အေးတိုက်ပွဲများ၊ ယဉ်ကျေးမှု ရေးရာများ ပြိုင်ဆိုင်ကြမည်ဖြစ်ရာ အင်အားသေးသော နိုင်ငံများအပေါ် အင်အားကြီးနိုင်ငံများ၏ အရိပ်အယောင်အရှိန်အဝါများ လွှမ်းမိုးသွားတတ်သည်မှာ ဓမ္မတာတည်း..မိမိနိုင်ငံ၏ ယဉ်ကျေးမှုများ သူတပါးနိုင်ငံအပေါ် မလွှမ်းမိုးနိုင်သည်ရှိသော် တိုင်းတပါး၏ ယဉ်ကျေးမှုဓလေ့စရိုက်များ မိမိနိုင်ငံအပေါ် လွှမ်းမိုးချယ်လှယ်ခံရတော့မည့် နမိတ်ပုံတည်း.."



"ဟင်း..ငါ ကိုယ်တော်မြတ် ရင်လေး တော်မူတယ်.."

မင်းကြီး၏ သက်ပြင်းချ ညည်းညူခြင်းအပေါ် ဘုရားသခင် ပြုံးတော်မူလိုက်ပြီး..

"မပူလင့် ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၄င်း၊ ငါဘုရားသခင်လက်ထက်၌သော်၄င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အရောက် ညှံ့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏..."

သို့မှ မင်းကြီးလည်း ရွှေတံတွေးတော်ကို ဂလု ကနဲ မျိုချလိုက်တော်မူပြီး ဆယ့်တစ်ခုမြောက် အိပ်မက်ကို ဆက်လက်မေးမြန်းလျှောက်ထားလေတော့၏။

"ချစ်သား..အသင့်အိပ်မက်၏ နမိတ်သည် ရင်လေးဖွယ် ကောင်း၏။ နောင်အခါ ဤတိုင်းပြည်ဝယ် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အကျပ်အတည်းများကြောင့် လူတို့၏ စာရိတ္တများ များစွာ ယိုင်နဲ့ပျက်စီးလတ္တံ့။ ဗြဟ္မစိုရ် တရား နည်းပါးလာသော လူမိန်းမများသည် ကြည်တူရွှေးကဲ့သို့ လူကြားကောင်းအောင် ဘုရားစာရွတ်ဆိုနေတတ်ပြီး၊ ဝံပုလွေကဲ့သို့ ကောက်ကျစ်လာကြသော လူယောကျ်ားများကတော့ လူမြင်ကောင်းအောင် ဟန်ဆောင်၍ အများအကျိုးသယ်ပိုးနေမည့် နမိတ်ပုံတည်း..."

ထိုအခါ မင်းကြီးလည်း များစွာ ကျွတ်ကြဲတော်မူသွားပြီး တစ်စုံတစ်ရာ အမိန့်ထုတ်မည်ပြုရာ ဘုရားသခင် ပြုံးတော်မူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး…

"ချစ်သား..ထိုအမှုကိစ္စကား သင်ကိုင်တွယ်ခြင်းငှာ မတတ်နိုင်..သင့်အိပ်မက်သည် သင့်လက်ထက်၌သော်၄င်း၊ ငါဘုရားသခင်လက်ထက်၌သော်၄င်း ဖြစ်လာလတ္တံ့မည် မဟုတ်..။ နောင်လာ လတ္တံ့သော ဆုတ်ခေတ်၊ ကပ်ခေတ်အ ရောက် ညံ့ဖျင်းသော မင်းတို့အပေါ်၌သာ တည်ကုန်၏…"

သို့မှ မင်းကြီးလည်း ရွှေခေါင်းတော်ညိတ်နိုင်ပြီး ဆယ့်နှစ်ခုမြောက် အိပ်မက်ကို ဆက်လက်မေးမြန်းလျှောက်ထား လေတော့၏။

"ချစ်သား…အသင့်အိပ်မက်၏ နမိတ်သည် ရင်လေးဖွယ် ကောင်း၏။ နောင်အခါ ထိပ်တန်းမနေရှင်တို့သည် မင်းမိုးရာဇာတို့အား တံစိုးလက်ဆောင်များပေးကာ အိတ်(စ်) ပို့ဟု ခေါ်တွင်လာမည့် ပြည်ပထုတ်ကုန်များ ရောင်းချနိုင်ရန် ဝန်ချီစက်များနှင့် သစ်တောများအား ခုတ်ထွင်ကြလတ္တံ့။ ထိုအခါ တောတောင်များမှာ ခြောက်သွေ့ပျက်သုန်းသွားပြီး ရာသီဥတု မောဟာစနစ်ပါ ပျက်စီးတော့မည့် နိမိတ်ပုံတည်း.."

ထိုအခါ မင်းကြီးလည်း ထုံးစံအတိုင်း နှာတင်းတော် မှုသွားပြီး…

"မောင်မင်းများ…"

"များ…"

"ဝိသမလောဘသားများအား တောတောင်အနှံ့ ပိုက်စိပ်တိုက်ရှာစေ..တွေ့ရှိက တောင်ကတုံးများလို ဆွေခုနစ်



ဆက်၊ မျိုးခုနစ်ဆက် ကတုံးတုံးပြီး ထိုကတုံးအား မီးမြိုက်သတ် စေ.."

ထိုအခါ ဘုရားသခင်သည် ပြုံးတော်မူလိုက်ပြီး…

"ချစ်သား..အဘယ်ကြောင့် ဒေါသထွက်လင့် သနည်း…"ဟု ဆိုကာ မိန့်မြဲအတိုင်း မိန့်လေ၏။

သို့မှ မင်းကြီးလည်း ရွှေအသည်းတော်အေးနိုင်ပြီး နောက်ဆုံးမြောက် အိပ်မက်ကို ဆက်လက်မေးမြန်းလျှောက်ထား တော်မူလေသတည်း..။

"ချစ်သား..အသင့်အိပ်မက်၏ နမိတ်သည်ကား ရင်လေးဖွယ်ကောင်း၏..။ နောင်အခါ အစိုးရဝန်ထမ်းများသည် ငိုစား၊ ရယ်စား၊ လာဒ်လာဘများရရန် ပြည်သူတို့အား လမ်း နှစ်သွယ်ဖွင့်ပေးထားပေလိမ့်မည်။ ရုံးပြင်ကန္တားများ၌ တည်ကြည် ဖြောင့်မတ်သယောင်ဟန်ဆောင်နေကြသော်လည်း၊ လာဒ်လာဘများ ပေးကမ်းနိုင်ရန် မိမိတို့နေအိမ်သို့ လျှို့ဝှက်စွာ ခေါ်ငင်ကြမည့် နိမိတ်ပုံတည်း.."

www.burmeseclassic.com

www.burmeseclassic.com

ကြာပြီ..။ ကြာတော့ ကြာခဲ့ပြီ..။

အဲဒီတိုင်းပြည်က လူတွေဟာ တိတ်ဆိတ်ခြင်းမှုတွေနဲ့ ဘုရားသခင် လက်ထက်တော်တုန်းက ဂိုပ်ဖက်နိဗိတ်ပုံတွေကို မကြာခဏ သတိရနေတတ်သည်။

ကံဆိုးသည်လား..ကံကောင်းသည်လားတော့ မသိ..။

ပေါက်တတ်ကရတွေ လုပ်တတ်တဲ့ ဒေါက်တာဝရစ်ပြေးလေး ဟာ သမိုင်းဒဏ်ရာတွေနဲ့ ကြေမွနေတဲ့ အဲဒီတိုင်းပြည်ကိုမှ တည့်တည့်ကြီး ရောက်သွားသည်..

ပွဲက ကြည့်ကောင်းပြီ။

## အခန်း (၁)

### ဆိတ်ဆိတ်နေ ထောင်တန်

သက်ငြိမ်မြို့တော်

ဘာလဲဟ! ...။

မြို့အဝင်မှာ ထောင်ထားတဲ့ ဆိုင်းဘုတ်အကြီးကြီးကို ရော၊ မြို့အမည်ကိုပါ ဖတ်ပြီး ပိုင် စိတ်ဝင်စားသွားကာ အသက် ရှူ နည်းနည်းမြန်လာသည်။

ဘာသဘောလဲ..။ ဘာ အဓိပ္ပာယ်လဲ..။

ဆိတ်ဆိတ်နေ ထောင်တန်ဆိုပဲ..။ ဆိတ်..ဆိတ်နေမှ တော့ ထောင်တန်ပါဦးမလား။ ပွဲရှဲ့ထွက်လာမှာပေါ့..။

မြို့ နာမည်ကလည်း ဆန်းပါဘိ..။ သက်ငြိမ်..တဲ့ ပန်းချီဆရာတွေ ပန်းချီလာဆွဲတဲ့ မြို့များလား မသိ..။

ထိုသို့ သို့လော သို့လော ပေါက်တီးပေါက်ရှာ ကတ်သီး ကတ်ဖဲ့ ခပ်ကြောင်ကြောင်တွေးနေစဉ်....

"ဖျတ်..ဖျတ်..ဖျတ်..ဖျတ်.."

ပိုင့်အနောက်ကို တစ်ယောက်ယောက်က ဝင်တိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်..။

"အဲ..."

ငှက်တစ်ကောင်ပါလား..။ အံမယ်..သူကလည်း ဝင်တိုက်သွားသေးတယ်။ သူကပဲ စိတ်ဆိုးမာတ်ဆိုးနဲ့...။ အင်း.. ပြောလို့တော့မရဘူး..။ အခုအချိန်က Angery Bird ဂိမ်းက သိပ်ခေတ်စားနေတာ..။ အဲဒီဂိမ်းထဲက ထွက်လာတဲ့ ငှက်ကြီးလားမသိဘူး..။

(Touch screen ကို လက်ညှိုးနဲ့တောက်လိုက်ရင် ပြောင်းပြန်ကြီး ပျံတက်တဲ့ ငှက်ကြီးနဲ့တောင် တူသလိုလိုပဲ..)

"တင်းလာတယ်..တင်းလာတယ်.."

နှုတ်သီးအရှည်ကြီးနဲ့ဆိုတော့ သူပြောတဲ့စကားကလည်း မပီကလာ ပီကလာ ခပ်သြသြရယ်..။ ကြည့်ရတာ ငှက်ကြီး ဝန်ပိုနဲ့ တူသလိုပဲ..။ မိတ်ဆက်ကြည့်ဦးမှ..။

"ခင်ဗျားက ဘာငှက်တုန်းဗျ.."

"ငှက်ကြီး တန်ပို.."

ငှက်ကြီးက ပိုင့် နံဘေးက အပင်ပုကလေးမှာ နားလိုက်ရင်း ဆိုလေသည်။

"ဟမ်..."

ပိုင်လည်း ကြောင်အမ်းအမ်း..။ ဒီလို ငှက်မျိုးကြားမှ မကြားဖူးပဲ..။

"ငှက်ကြီး တန်ပိုပါဆို..မင်းကလည်း.."

"စိတ်ရှည်ပါဗျာ..မကြားဖူးလို့ပါ..။ တန်ပိုဆိုတော့



လည်း တန်ပိုပေါ့..။ ကျွန်တော်က ငှက်ကြီးဝန်ပိုလောက်အထိပဲ သိတာ.."

"အင်း..ငါက သူတို့နဲ့ ရုပ်ဆွေရုပ်မျိုးငှက်ဆိုပါတော့ကွာ..ငှက်ကြီးတန်ပိုလို့ ခေါ်တယ်"

"သြော်..ဒါ့ကြောင့် ထင်တော့ထင်သား..။ ခင်ဗျားကို ကြည့်ရတာ ငှက်ကြီးဝန်ပိုနဲ့ တူပါတယ်လို့..။ ဒါထက် ခင်ဗျားကို ကြည့်ရတာ ဒေါသထွက်နေသလိုပဲ..။ စောစောက ကြားလိုက်ပါတယ်..ဘာတဲ့..တင်းလာတယ်..တင်းလာတယ် ဆိုလား.."

"အစစ်ပေါ့..ဟိုမြို့က ဂိတ်ကြေးဖြတ်တဲ့ကောင်တွေနဲ့ ပြဿနာတက်လာတာ.."

ငှက်ကြီးတန်ပိုက သူ့နှုတ်သီးရှည်ရှည်ကြီးနှင့် သက်ငြိမ်မြို့တော်ကို မေးငေါ့ကာ ဆိုလေ၏..။

"ဟုတ်လား..ဘာပြဿနာလဲ.."

"တခြားငှက်တွေကျတော့ ဂိတ်ကြေးမဖြတ်ဘူးကွ.. ငါ့ကျတော့ နာမည်ထဲမှာကို တန်...ပို နေလို့တဲ့။ ဂိတ်ကြေး ပိုင်းဖြတ်ကြတယ်.."

"အမ်..."

အင်း..ဖြစ်ရပ်ကတော့ ရယ်ရမလို ငိုရမလို..ပဲ..။

ဂိတ်ကြေးဖြတ်တဲ့လူတွေဘက်ကတောင် စိတ်ကပါနေမိတယ်။ သူ့ဇလုတ်ကြီးကိုလည်း ကြည့်ဦးလေ..။ ဖောင်းလို့ ကားလို့..။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်း ခင်ဗျားပဲ..။ တခြားငှက်တွေနဲ့ ကောတူလို့လား..။ ဇလုတ်ထဲ လှောင်ထားတဲ့ငါးက ဘယ်နှစ်ကောင်းလောက်ရှိမှန်းမှ မသိတာ.."

"ဟ..ဒါက ငါ့ကုသိုလ်နဲ့ ငါ ဖြစ်လာတဲ့သဘာဝတရား..။ သဘာဝတရားကို တန်ပိုကြေးကောက်စရာ မလိုဘူး.."

ငှက်ထဲမှာတော့ ပညာရှိငှက်ဖြစ်ပုံရသည်။ မဟုတ်မခံ ဇတ်ဇတ်ကြဲစရိုက်အချို့ကိုလည်း တွေ့ရသည်မို့ သက်ငြိမ်မြို့တော်ထဲမဝင်ခင် ငှက်နှင့် အမြင်ချင်းဖလှယ်ရန် သူဆုံးဖြတ်လိုက်သည်။

"ဒေါ်သလျှော့ပါ ကိုငှက်ရယ်..ဂိတ်ကြေးဖြတ်တဲ့သူဆိုတာ အလုပ်ကများသားကလား..။ ကြည့်ရတာ တန်ပိုကားတွေနဲ့ရောယောင်ပြီး ခင်ဗျားကို မှားဖြတ်လိုက်တယ် ထင်ပါရဲ့ဗျာ..။ နို့..နေစမ်းပါဦး..ဒီမြို့မှာ တန်ပိုတင်တဲ့ ကုန်ကားတွေများလို့လား.."

"အင်း..များတယ်..များတယ်လို့ ပြောရမှာပဲ.."

"အကြောင်းတစ်ခုခုတော့ ရှိရမယ်.. ဘာ့ကြောင့် သူတို့တန်ပိုတွေတင်ကြတာလဲ ကိုငှက်ရဲ့"

ငှက်က မဖြေချင်သလို ဖြေချင်သလိုနဲ့ လူကို တစ်ချက်ကြည့်လိုက်ပြီး..

"မင်းက အတွေးအခေါ်သမားလား.."

"ဟင့်အင်း..မဟုတ်ဘူး..."

"ပြုပြင်ပြောင်းလဲရေး သမားလား..."

"မဟုတ်ပါဘူး..အဟီး.."



"ဒါဆို ဘာလဲ.."

"သင်္ချာသမားဆိုပါတော့ အဟဲ.."

"သင်္ချာသမားဆိုရင်တော့ ငါနည်းနည်းဉာဏ်စမ်းကြည့်ရဦးမယ်..ငါ့ဇလုတ်ထဲမှာ ငါးဘယ်နှစ်ကောင်ရှိလဲ..ဖြေ.."

"ဟာ့ဗျာ..."

ပိုင်က ခေါင်းကုတ်တော့ ကျေးဇူးရှင်က မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်သည့် အင်တာနက်ဥယျာဉ်ကမ္ဘာမှ အိုင်ကလစ်မေးဟန်ဆန်ဆန် ပုစ္ဆာတစ်ပုဒ်ကို မေးပါသည်။

ပိုင်လည်း ငှက်ကြီးပြောတဲ့ပုစ္ဆာကို စိတ်ထဲကနေ အိကွေးရှင်းချရေးကြည့်ရာ

$$\frac{2x}{5} = \frac{x}{10} + \frac{3}{5}$$

ဟူသည့် ခပ်လွယ်လွယ် ပုစ္ဆာတစ်ပုဒ် ဖြစ်နေသည်မို့

"နှစ်ကောင်ဗျာ.."လို့ ဖြေလိုက်ရသည်...

"အာ..တယ်ဟုတ်ပါလား..မင်းတွက်တာ မှန်လည်းမှန်တယ်။ မြန်လည်း မြန်တယ်။ မင်းလည်း ပညာရှိပဲ..."

ငှက်ကလည်း အလာကြီးပဲ..။ မင်းကလည်း ပညာရှိပဲဆိုတော့ သူက နဂိုကတည်းက ပညာရှိလို့လို ဘာလိုလိုပေါ့..

"ကဲ..ကြော်ငြာတွေ လျှော့ဗျာ..။ ဓာတ်က နည်းနည်းအရှိန်တက်လာပြီ။ အကြောင်းတစ်ခုခုတော့ ရှိရမယ်.. ဘာကြောင့် သူတို့ တန်ပိုတွေ တင်ကြတာပဲ.."

"အင်း..ဘယ်လို ပြောရမလဲ..ဂိတ်ကြေး၊ တံတားကြေးတွေ များလို့ ဖြစ်မှာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဂိတ်ကြေး တံတားကြေးတွေက ဘာ့ကြောင့် များရတာလဲ.."

"လေလံကြေးမြင့်လို့ ဖြစ်မယ်ကွ.."

"ဘာကြောင့် လေလံကြေးမြင့်ရတာလဲဗျ.."

"ဈေးပြိုင်ဝင်ဆွဲတဲ့ လူတွေများလို့ပေါ့ကွာ.."

"ဘာ့ကြောင့် ဈေးပြိုင် ဝင်ဆွဲတဲ့လူတွေ များကြတာလဲ.."

"သူတို့ အမြတ်များများလိုချင်တယ်လေ..ဒါ့ကြောင့် နိုင်ငံတော်ကို ငွေတွေပုံအောပေးနေတာပေါ့"

"ဒါဆို နိုင်ငံတော်က ဘတ်ဂျက်တော်တော်များများ ရမှာပေါ့.."

ငှက်ကြီးဖါန်ပိုလည်း သင်္ချာသမားရဲ့ စဉ်းစားဟန်ကြောင့် အူလည် အူလည်ဖြစ်သွားပြီး..

"အင်း..အဲဒီလိုတော့လည်း ပြောလို့ မရပြန်ဘူးနဲ့ တူတယ်.."

"ဘာ့ကြောင့်လဲ.."

"တန်ပိုကားတွေ ဖြတ်တာများတော့ လမ်းတွေက ခင်းပြီး သိပ်မကြာဘူး။ ခဏနဲ့ပျက်ရော တံတားတွေလည်း အဲဒီလိုပဲ။ ဒါဒီတော့ နိုင်ငံက လမ်းတံတားတွေ ခင်းဖို့ဘတ်ဂျက် ပြန် သုံးစွဲရတာပဲ.."

"အဲဒါ..သင်္ချာစဉ်းစားနည်းရဲ့ အဖြေပဲ..လေလံကြေး ကို လျှော့ရမယ်ဗျာ..။ ဈေးပြိုင်ဆွဲတဲ့ စနစ်အစား မဲနှိုက်စနစ် နဲ့



ပုဂ္ဂလိကကို ပေးရမယ်။ ဂိတ်ကြေး၊ တံတားကြေးတွေကို လိုအပ်သည်ထက် ပိုမကောက်ဖို့ စောင့်ကြည့်အဖွဲ့တွေ ဖွဲ့ရမယ်။ ဂိတ်ကြေးလျှော့သွားရင် ကုန်တင်ယာဉ်တွေ တန်ပိုတင်ကြတော့ မှာ မဟုတ်တော့ဘူး။ နိုင်ငံတော်အတွက် ဘတ်ဂျက်နည်းရင် တော့ နည်းသွားမှာပေါ့ဗျာ။ ဒါပေမဲ့ တစ်ဖက်မှာလည်း လမ်း၊ တံတားခင်းဖို့ ဘတ်ဂျက်သုံးစွဲပေးစရာမလိုတော့သလို လမ်း တွေ၊ တံတားတွေလည်း သိက္ခာရှိရှိနဲ့ ရေရှည်ခံလာမှာပဲ.."

ပိုင့် စကားကြောင့် ငှက်ကြီးခမျာ သူ့ဇလုတ်ထဲက ငါးတစ်ကောင် ထုတ်မကျွေးရုံတမယ် နှစ်ထောင်းအားရ ဖြစ် သွားပြီး လေးစားမှုအပြည့် လေသံနှင့်...။

"ဟုတ်လိုက်လေ..ဟုတ်လိုက်လေ..မင်းဟာ တကယ့် ကို သင်္ချာပညာရှိပဲ..။ မင်းလိုကောင်မျိုးတွေ..တိုင်းပြည်မှာ လိုအပ်နေတာ မင်းလိုကောင်မျိုးတွေ.."

လို့ တကယ်လား၊ အချွန်နဲ့မ,နေတာလား၊ မှန်းဆရခက် ခဲတဲ့ လေသံကြီးနဲ့ ဆိုပြန်ပါသည်။ ငှက်ကြီးနှင့်စကားပြောရ တာ ပျော်စရာတော့ ကောင်းသည်။

နောက်တော့ ငှက်ဦးနှောက်တထွာတမိုက်ကလေးနှင့် ဘာကို စဉ်းစားမိသွားသည်မသိ။

သူ့အတွေးအခေါ်ကလည်း နည်းနည်းတော့ ချော်တော ငေါ့နိုင်လွန်းသည်ဟု ဆိုရပေလိမ့်မည်..။

"မဟုတ်သေးဘူးကွ..။ သီအိုရီက သီအိုရီ..လက်တွေ့ က လက်တွေ့ပဲ..။ တို့မြို့မှာက အလုပ်အကိုင်အခွင့်အလမ်း

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း နည်းသေးတယ်။ Vancancy (အလုပ်ခေါ်စာ)က ဆောက်လုပ်ရေးက ခေါ်တာများတယ်လေ။ လူငယ်တော်တော်များများလည်း ဘွဲ့ရပြီးရင် ဆောက်လုပ်ရေးဘက် ဝင်သွားကြတာများတယ်။ တို့မြို့မှာတော့ ဆောက်လုပ်ရေးက အရမ်းအလုပ်လုပ်ရတဲ့ အဖွဲ့အစည်းကြီးတစ်ခုပဲ။ မင်းပြောပုံအတိုင်းသာဆို လမ်းတွေ၊ တံတားတွေက သိက္ခာတွေ အရှိလွန်ပြီး လုပ်ကွက်တွေ ပေါ်မလာရင် ဆောက်လုပ်ရေးတွေနား လူငယ်တွေလည်း အလုပ်လက်မဲ့တွေဖြစ်ကုန်မှာပေါ့..”

“ဟာ...ဂျာ...”

ငှက်နဲ့ဝရမ်းပြေးပေါင်းပြီး ပါးစပ်နဲ့မဆံ့တဲ့ စကားတွေ ဆွေးနွေးမိလျက်သား ဖြစ်နေတော့သည်။

လောကကြီးက တစ်ခါတစ်ရံ ထိုသို့ သီအိုရီထုတ်လို့ မရနိုင်လောက်အောင် အူကြောင်ကြောင်နိုင်လွန်းလှသည်။

## အခန်း (၂)

“ကောင်လေးရေ..”

“ဆို..ဗျာ..”

“မင်းနဲ့ စကားပြောရတာ မဆိုးဘူးကွ..”

“အဟဲ..”

“ငါတော်တော်ပညာရတယ်..”

“လူရာသွင်းတယ်ပေါ့လေ..”

“ဆိုပါတော့..ဒါထက်..မင်းနာမည် ဘယ်လို ခေါ်လဲ..”

“ပိုင်..”

ငှက်ကြီးတန်ပိုက “ပိုင်”ဟု အသံသြသြကြီးနဲ့ ရေရွတ်လိုက်ပြီး..

“တစ်လုံးတည်းလား..”

“ဟုတ်တယ်..တစ်လုံးတည်း..”

“ဒါဆို သချိုတွက်တဲ့အခါ တစ်ရာ့ရှစ်ဆယ်ဒီဂရီ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ထောင့်ကို ကိုယ်စားပြုတဲ့ အက္ခရာလား။ ပိုင် (π)ဆိုတော့လေ..”

ငှက်က နှာတဖျားသာလွန်းသည်ဟု ယူဆမိသဖြင့် အမြင်ကပ်သွားပြီး မျက်စောင်းတောင် ထိုးလိုက်မိသည်ထင်ပါသည်။

“ခင်ဗျားကလည်း နေရာတကာ သိကိုသိနိုင်လွန်းတယ်..”

“ဒါကတော့..မင်းတို့လို လူငယ်ခြေတက်ကလေးတွေနဲ့ တော်ကီပစ်တဲ့အခါ နောက်ကျမကျန်ရစ်ရလေအောင် လေ့လာထားရတာပေါ့ကွ..”

“ဟုတ်ပါပြီ..ထားပါတော့..”

“ဒါ့ထက် မင်းဘာလုပ်သလဲ..”

အဲဒီမေးခွန်းက တရားမျှတမှုမရှိတဲ့ မေးခွန်းဟု ပိုင်ယူဆမိပြန်သည်။ ကြည့်လေ..မေးတဲ့သူဘက်က ပေါ့ပေါ့ပါးပါးနိုင်သလောက် ဖြေတဲ့သူဘက်ကျတော့ သိပ်ကို မလေးလံလွန်းဘူးလား..။

“ဘာလုပ်သလဲဆိုတော့..အင်း..စောစောက ပြောသလိုပေါ့..အတွေးအခေါ်ကို အခြေခံတဲ့ သင်္ချာအလုပ်တွေလုပ်တယ်..။ ပမာဏတွေ တွက်ချက်တယ်..ပုံသဏ္ဍာန်တွေဖော်တယ်”



ငှက်ကြီးတန်ပိုက ပိုင့်စကားကြောင့် အတော်ကလေးစိတ်ဝင်စားသွားပြီး....

“ဟုတ်လား..ငါ့ကိုလည်း ရှင်းပြစမ်းပါဦး..”

“ကျွန်တော်ငယ်ငယ်တုန်းက တော်တော်တွေးတာဗျ။ အတွေးအခေါ်တွေကလည်း ကမောက်ကမတွေချည်းပဲ..”

“အင်း..”

“ဆိုပါတော့ဗျာ..ငယ်ငယ်တုန်းက အမေက ကျွန်တော်တို့ကို ဖိနပ်တွေ ခဏခဏဝယ်ပေးရတယ်လေ..။ ကျွန်တော်တို့ခြေဖဝါးတွေကလည်း တစ,တစကြီးထွားလာကြတာ မဟုတ်လား..”

“အင်းပေါ့..ဒါပေါ့..”

“ကျွန်တော်က အဲဒီတုန်းက အဲဒီလို မတွေးခဲ့မိဘူးဗျ။ ကျွန်တော့် ခြေဖဝါးတွေကြီးကြီးလာတယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့မိဘူး။ ဖိနပ်တွေကသာ အချိန်ကြာလာတာနဲ့အမျှ သေးသေးသွားတယ်လို့ ထင်ခဲ့တာ..အတွေးအခေါ်ပြဿနာက အဲဒီကစ,တော့တာပဲ..”

“ဟားဟားဟား..တကယ့်ကောင်ပဲကွာ..”

“နောက်..ကျွန်တော်က ငယ်ငယ်ကတည်းက သင်္ချာအခံကောင်းတဲ့ကောင်။ သင်္ချာကို စိတ်တွက်တွက်ရင်လည်း အရမ်းကို မြန်တယ်ဗျ..”

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ငါ့လက်တွေ့ပဲ။ စောစောတုန်းက ငါ့ဇလုတ်ထဲ ငါးဘယ်နှစ်ကောင်ရှိတယ်ဆိုတာ မင်းအတိအကျ ကို ပြောသွားတာ.."

"ထားပါတော့..ကျွန်တော် ချာတိတ်ကတည်းက ကိန်းဂဏန်းတွေမြင်ရင် ဘယ်ဂဏန်းက သုဒ္ဓကိန်း၊ ဘယ်ဂဏန်း က ဆခွဲကိန်းဆိုတာ ခွဲတတ်တယ်ဗျ.."

"အလာကြီးပဲ.."

"မလာနဲ့ ကိုယ့်လူရေ..အဲဒီက စ,လွဲတော့တာပဲ"

"လုပ်စမ်းပါဦး..ဘယ်လို စ,လွဲလဲ.."

"ဓာတ်လှေကားကြောက်တဲ့ ရောဂါဖြစ်လာတယ်"

"ဟင်.."

ပိုင်က သူ့ငယ်ဘဝကို တွေးမိပြီး တစ်ချက်ရယ်မော လိုက်မိပြီး...

"တစ်ရက်မှာပေါ့ဗျာ..။ ကျွန်တော့် အမေဈေးဝယ် ကောင်းနေတုန်း ကျွန်တော်က ဓာတ်လှေကားနားရပ်နေတာ.. ဓာတ်လှေကားထဲ ဝင်သွားတာ လုတပတ ကောင်မလေးသုံး ယောက်ဗျ။ သိပ်မကြာဘူး..ပြန်ထွက်လာတော့ အဘွားကြီး လေးယောက်ဖြစ်နေတယ်.."

"ဟား..ဟား.."

"ကျွန်တော်လည်း အဲဒါမြင်ပြီး တော်တော်ခေါင်းကြီး



သွားတာ။ သုဒ္ဓကိန်း လုလှသေးသေးလေး အထဲကို ဝင်သွား တာ ဆခွဲကိန်းအိုအိုကြီး ဘယ်နှယ့်ပြန်ထွက်လာပါလိမ့်ဆိုပြီး ..။ အဲဒီက စပြီး ကျွန်တော်ဓာတ်လှေကား မစီးရဲတော့ဘူးဗျ ..."

"ဟား..ဟား..ဟား..ဟား.."

ငှက်ကြီးတန်ပိုက သူ့စကားကြောင့် အားပါးတရ ရယ် မောလိုက်ပြီး...

"မင်းအတွေးအခေါ်တွေက အဆန်းတွေချည်းပဲ..ဓာတ် လှေကားကိုတောင် လျှပ်စစ်ရွေ့လျားယာဉ်လို့ မမြင်ဘဲ ကိန်းဂဏန်းတွေကို ကမောက်ကမဖြစ်အောင် လုပ်တဲ့စက်လို့ မြင်သွားတာကိုး...ကြံကြံဖန်ဖန်ကွာ.."

"ကလေးအတွေးလေဗျာ..ကိုကြီးငှက်ကလဲ.."

"အေးကွ..ငါလည်း မင်းကို သတိထားမိပါတယ်။ မင်းရဲ့ စိတ်က အများသူငါလို ချောင်ပိတ်မိမနေဘူး။ ပွင့်ထွက် နေတဲ့စိတ်ပဲ...။ ဂရိက ပလေတို တို့လိုပေါ့ကွာ.."

"အဲဒီလူလည်း တို ပေလို့ပဲ..။ ရှည်များရှည်လို့က တော့ မလွယ်ကြောပဲ.."

"သူ့နာမည်ရဲ့ အသံထွက်အမှန်က ပလာတုံကွ..။ သူ့ရဲ့ ပခုံးတွေက တောင့်တောင့်တင်းတင်းနဲ့ ကျယ်ကျယ်ပြန့် ပြန့်ရှိလို့ သူ့ရဲ့ နပန်းသတ်ဆရာက ပလာတုံလို့ ပေးလိုက်တာ .."

"ခင်ဗျားကလည်း ငှက်မို လို့ပဲ..လူသာဆို

www.burmeseclassic.com

www.burmeseclassic.com



စကြာဝဠာမင်းလောက်အထိ မှန်းလို့ရမယ်နဲ့တူတယ်..”

ပိုင်ရဲ့ ခပ်ငေါ့ငေါ့စကားကြောင့် ငှက်ကြီးက စပ်ဖြဲ စပ်ဖြဲနှင့်..

“စကားအရာမှာတော့ မင်းက အမတ်ကြီးဦးပေါ်ဦးတို့ လှတောသားတို့ထက်တောင် နှာတဖျားသာမယ်ထင်တယ်။ ကြိုက်ပြီဟော့..။ ဆက်လိုက်ရအောင်..။ ကလေးအတွေးထိ ကတော့ ငါ လိုက်လို့မီသေးတယ်..။ လူကြီးအတွေးကိုရောက် တော့ရော..ဘာတွေ ကမောက်ကမဖြစ်ခဲ့သေးလဲ..”

မေးတတ်လိုက်တဲ့ လူကြီး..။ အဲလေ..ငှက်ကြီး..။

ရင်ထဲမှာ တင်းတင်းကျပ်ကျပ် စည်းနှောင်ခံလိုက်ရ သလို ခံစားလိုက်ရသဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်ရပြီး ...

“ကျွန်တော် ဂိမ်းတစ်ခု ထွင်လိုက်မိတယ်ဗျာ..”

“ဟုတ်လား..ဘာဂိမ်းလဲ..”

“ကောင်းကင်မှာ ပျောက်နေတဲ့ ဂြိုဟ်တစ်လုံးကို ကျွန်တော်ပေးထားတဲ့ သင်္ချာပုံသေနည်း ဆယ်ခုထဲက တစ်ခုခု နဲ့တွက်ပြီး တဆင့်ပြီးတဆင့် ဖော်ထုတ်ရတဲ့ ဂိမ်းဆိုပါစို့..”

“မင်းဟာက တော်တော်အဆင့်မြင့်တာပဲ.. လူတော် လေးတွေမှမင်းဂိမ်းကို ကစားနိုင်ကြမယ် ထင်ပါရဲ့..”

“ဟူး..”

(ပိုင် လေပူတချို့ကို မှုတ်ထုတ်လိုက်သည့် အသံ..)



“ဂိမ်းနာမည်က ဘာတဲ့လဲ..”

“Angry Maths....”

“ဟော..”

ငှက်ကြီးက ဂိမ်းနာမည်ကြောင့် ခဏမှင်တက်သွားပြီး အတန်ကြာမှ မေးခွန်းတစ်ခုကို မေးလိုက်သည်..။

“ဂဏာန်းသင်္ချာတွေမှာရော စိတ်ဆိုးတဲ့အချိန်တွေ ရှိကြ သလား..”

“..............”

“.............”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကျွန်တော် ကမ္ဘာနဲ့ချီပြီးတော့ကို တော်တော်လေး ပေါက်တတ်ကရ လုပ်ခဲ့မိတယ်"

"အင်း.."

"ကျွန်တော့်မှာ ဘယ်သူ့ကိုမှ ဒုက္ခပေးလိုတဲ့ ဆန္ဒမရှိပါဘူး.."

"အင်း..."

"ကျွန်တော့်ရဲ့ Angry Maths ကို ကျွန်တော်အရမ်းကို အဆင့်မြင့်အောင် ဖန်တီးခဲ့မိတယ်။ File Size ကိုလည်း ပေါ့နိုင်သမျှပေါ့အောင် ဖန်တီးပေးလိုက်တယ်။ နှစ်ဆယ် မီဂါဗိုက် (20 MB) ပဲရှိတာဆိုတော့ ဟမ်းဖုန်း၊ အိုင်ပေါ့၊ တက်ဗလက်.. ကြိုက်တဲ့အထဲ ထည့်ပြီး ကစားလို့ရတယ်ဗျာ ဒီအထိ ခင်ဗျား ရှင်းလား မသိဘူး.."



"အင်း.."

ငှက်ကြီးက ရုပ်တည်ကြီးနဲ့ တအင်းအင်းတော့ လုပ်နေပါသည်။ နားရောလည်ရဲ့လားမသိ။

"ဂြိုဟ်သိမ်ဂြိုဟ်မွှားလေး တွေကို အပျော်တမ်း ကစားတဲ့သူတွေအတွက် အလွယ်တကူတွေ့နိုင်အောင် ပရိုဂရမ် ဆွဲပေးလိုက်တယ်ဗျာ။ နေကို ဆယ်လုံးမြောက်ပတ်တဲ့ဂြိုဟ်ကိုတော့ အရမ်းကိုခက်ခဲတဲ့သင်္ချာနည်းသုံးပြီး ဖြေရှင်းနိုင်မှ ရှာတွေ့မယ့် သဲလွန်စတစ်ခုပေးလိုက်တယ်။ တကယ်တော့ အဲဒီဂိမ်းဟာ လူတစ်သန်းမှာ တစ်ယောက်နိုင်ဖို့ မလွယ်တဲ့ဂိမ်းဗျ... ကျွန်တော်လည်း အဲဒီမှာတင်ပေါက်တတ်ကရ ထပ်လုပ်လိုက်မိသေးတယ်။"

"ငါတောင် မင်းဂိမ်းကို ဆော့ချင်လာပြီ.. ဘယ်လို ထပ်လုပ်လိုက်တာလဲ.."

"ဩော်..ဆယ်လုံးမြောက်ဂြိုဟ်ကို ရှာတွေ့နိုင်တဲ့သူကို ဒေါ်လာ တစ်သန်း ဆုချမယ်လို့ အင်တာနက်ကနေ ကြော်ငြာလိုက်တာ.."

"ဟော..မင်းမှာ အဲဒီလောက်ကော ရှိလို့လား.."

"ကျွန်တော်ဂိမ်းကို ကမ္ဘာအနှံ့က အိုင်တီကုမ္ပဏီကြီးတွေက မူပိုင်ခွင့်ဝယ်လိုက်ကြတယ်လေဗျာ"

"ဟာ..ဒါဆို မင်းက သန်းကြွယ်သူဌေးပေါ့..ဇာတ်ရှိန်က တက်လာပြီ..ဆက်စမ်းပါဦး"

"ဘာပြောကောင်းမလဲ..။ တချို့ကလည်း သူ့ဘာသာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ခံအားကောင်းလို့ တချို့ကျတော့လည်း ဒေါ်လာတစ်သန်းလိုချင်လို့ လူတွေ လူတွေ Angry Maths ကို ဆော့ကြတော့တာပဲ။ စာသင်ကျောင်းတွေမှာ ကလေးတွေ လက်ချာလိုက်မမှတ်ကြတော့ဘူး။ စက်ရုံ အလုပ်ရုံတွေက ဝန်ထမ်းတွေ အချိန်လစ်ပြီဆိုတာနဲ့ Angry Maths ကျတော့တာပဲ‥။ ဘုန်းတော်ကြီးကျောင်းတွေ၊ ဗလီဝတ်ကျောင်းတွေ၊ ဆေးရုံပေါ်က ဆရာဝန်တွေ အိုဗျာ‥သေအံ့ဆဲဆဲလူနာတောင် Angry Maths ရဲ့ Level 10 ကို သဲကြီးမဲကြီးဆော့ရင်းတန်းလန်းနဲ့ ဘဝနိဂုံးချုပ်ကြတာ‥"

"ဟာကွာ‥မင်းဟာ ၂၁ရာစု နယူတန်ပဲ‥"

"အင်‥ဘာဆိုင်လို့တုန်း‥"

"အင်းပါ‥ထားပါတော့‥ဆက်ပါဦး‥"

"အဲဒီမှာတင် ဂြိုဟ်ဆိုးက အတောင်ပံပေါက်ပြီး ကျွန်တော့်ဆီ တည့်တည့်ပျံလာတော့တာပဲ‥။ ဆိုင်ရာအာဏာပိုင်တွေက ကျွန်တော့်ကို ကိုယ်ကျင့်သိက္ခာမဲ့မှိန်စေမှု၊ လူသားမျိုးနွယ်တိမ်းစောင်းစေမှု၊ ကလေးသူငယ်လမ်းမှားရောက်စေမှု၊ အီလက်ထရောနစ်ပုဒ်မတွေ တပ်ပြီး အရေးယူတော့တာပဲ‥"

"ဟေ…"

"ကျွန်တော့်ရဲ့ ဘဏ်စာအုပ်ထဲက ငွေတွေအားလုံးကို ပြည်သူပိုင်သိမ်းလိုက်ကြတယ်။ ကျွန်တော့်ကိုလည်း ဖမ်းဝရမ်းထုတ်လိုက်ကြတယ် ဆိုပါတော့ဗျာ‥"

"ဒါဆို မင်းက အခု ဝရမ်းပြေးပေါ့‥"

"ဒါပေါ့‥ကံက အကောင်းဆုံးနဲ့အဆိုးဆုံးအနေအထား



ကို ရောက်နေတာဗျ၊ အဲဒီအချိန်မှာ ကျွန်တော့်ကို ကမ္ဘာ့အနောက်ခြမ်းက အကယ်ဒမီသိပ္ပံတက္ကသိုလ်တစ်ခုက သချာၤဆိုင်ရာအဓေးရောက် ပါရဂူ(ဒေါက်တာဘွဲ့)ချီးမြှင့်လိုက်ကြပြန်ရော‥"

"ဟာ‥ဒါဆို မင်းက အခု ဒေါက်တာဝရမ်းပြေးပေါ့"

"အစစ်ပေါ့‥"

"ဟာ‥ငါတော့‥တကယ့်ပုဂ္ဂိုလ်ကျော်နဲ့မှ စကားပြောမိရက်သား ဖြစ်နေပြီကိုး‥"

ငှက်ကြီးရော သူပါ ကိုယ့်အတွေးနှင့်ကိုယ် ခဏတိတ်ဆိတ်သွားလိုက်သေးသည်။ နောက်တော့ မစ္စတာတန်ပိုက ထုံးစံအတိုင်းပါစပ်နဲ့ မဆန့်တဲ့ကောက်ချက်တစ်ခုကို ပေးပါလေတော့၏…။

"အင်း‥လူတစ်ယောက်ကို တစ်ချိန်တည်းမှာပဲ ကမ္ဘာ့တစ်ဖက်ခြမ်းက ဖမ်းဝရမ်းထုတ်လိုက်တယ်။ တစ်ချိန်းတည်းမှာပဲ ကမ္ဘာ့တစ်ဖက်ခြမ်းက ပါရဂူဘွဲ့ပေးလိုက်တယ်ဆိုကတည်းက ကမ္ဘာကြီးဟာ ဘယ်လောက်တောင် စိတ်ဝမ်းကွဲနေကြပြီလဲဆိုတာ မင်းတို့ငါတို့ အားလုံးသတိထားမိဖို့ ကောင်းတယ်"

"ကျွန်တော်ကတော့ အဲဒီအဆိုကို ကန့်ကွက်တယ်ဗျာ။ အဲဒါ အဆိုးမြင်စိတ်ဓာတ်ရှိတဲ့လူတစ်ယောက်ရဲ့ အမြင်ပဲဗျ‥။ သိမ်မွေ့တဲ့ဘက်က ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ ငြိမ်းချမ်းစာ သဘောထားကွဲလွဲနေကြတာကလွဲရင် ကျန်တာ အေးဆေးပါ‥"

"အေးလေ‥မင်းလို‥'ဇော်'တစ်ယောက်ကိုငါပြိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်လိမ့်မယ် မထင်ဘူး··ဒါ့ထက် မင်းက အဲဒီမြို့ကို သွားမလို့လား··"

ငှက်ကြီးက သူ့နှုတ်သီးရှည်ရှည်ကြီးနဲ့ သက်ငြိမ်မြို့တော်ကို မေးငေါ့ပြလေသည်။

"အင်း··ကျွန်တော်သွားရရင်ကောင်းမလား စဉ်းစားနေတယ်··"

"မင်းလိုကောင်တွေ အဲဒီမြို့မှာ လိုအပ်နေတာတော့ အသေအချာပဲ··ဒါပေမဲ့ မင်းအခွန်တော့ ဆောင်ရလိမ့်မယ်နော်··"

"ဘာ··အခွန်တုန်းဗျ"

"စကားများများပြောသူတွေအတွက် စကားလုံးခွန်··"

"ဗျာ···"

## အခန်း (၄)

ဟုတ်ပါတယ်··။

အဲဒီမြို့မှာ စကားလုံးတွေ သိပ်မလိုအပ်။

အမိပ[illegible]ကြီးက တိုင်းပြည်ကို တိုတိုတုတ်တုတ်ပင် အုပ်ချုပ်သည်။ ဓိတော့ ပြည်သူလူထုကလည်း သိပ်ပြီး ရှည်ရှည်ဝေးဝေးတွေ မလုပ်ဝံ့ကြ။

ရှင်းအောင်ထပ်ပြောပါမည်။

အဲဒီမြို့ကလေးမှာ "မလိုအပ်ဘဲ စကားမပြောရ။ အာမချောင်ရ" အမိန့်ထုတ်ထားသည်။ သိပ္ပံပညာရှင်တချို့ကို ကိရိယာတစ်ခု တီထွင်ခိုင်းပါသည်။ အဲဒီ ကိရိယာကတော့ လက်ပတ်နာရီလို လက်ကောက်ဝတ်မှာ လွယ်လွယ်ကူကူပေါ့ပေါ့ပါးပါးဝတ်ဆင်နိုင်သော စကားလုံးရေတွက်စက် (Words Counter machine)ပင်ဖြစ်သည်။ (အောင်အောင်မြင်မြင် တီထွင်လိုက်နိုင်သည့် သိပ္ပံပညာရှင်ကိုလည်း မဟာစက်မှုတူးနှန်ရွှေတံဆိပ်ချီးမြှင့်လိုက်သေးသည်။)

www.burmeseclassic.com

www.burmeseclassic.com



ထိုစက်ကို ပုခက်အတွင်းမှ စူးစူးဝါးဝါးအော်နိုင်သည့် ကလေးငယ်များမှအပ လူတိုင်းမပတ်မနေရ..။

ထိုစက်က ပတ်ထားသူ ပြောသည့်စကားလုံးများကို ရေတွက်ပေးထားသည်။

ဥပမာ ဆိုပါစို့...။

"ချစ်လေးကို ကိုကိုသိပ်ချစ်တာပဲကွာ.."

အားလုံး စကားလုံးအရေအတွက် ဆယ်လုံးတိတိ..

အဓိပတိကြီးက လူတစ်ယောက်ကို တစ်နေ့ စကားလုံး ၁၀၀အထိပင် အခမဲ့ပြောဆိုခွင့်ပေးထားသည်။

စကားလုံး (၁၀၀)ကျော်သွားလျှင် တစ်လုံးချင်းဆီ အတွက် အခွန်ကောက်သည်။

ခြွင်းချက်တော့ ရှိပြန်သေးသည်။

ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ဘတ်(စ်)ကား စပယ်ယာ၊ ဆရာဝန်၊ အထူးကုသမားတော်ကြီး များ၊ ဗေဒင်ဆရာများ၊ အနုပညာရှင်များ၊ အရှူးများ၊ သိပ္ပံပညာ ရှင်များကတော့ စကားလုံးအခွန်ဆောင်စရာ မလို..။

ရှုပ်ရှုပ်ယှက်ယှက်ကိစ္စများမှလွဲ၍ ကျန်တဲ့စကားကြိုက် ရာပြောခွင့်ရှိသည်။ ကျန်တဲ့လူတော်တော်များများလည်း သိပ် မလိုအပ်ဘဲ စကားများများ မပြောကြ။ အာမချောင်ရ ဥပဒေ နှင့် အတော့်ကို ကျင့်သားရနေကြသည်။

ချစ်မှုရေးရာဘက်တွေမှာတောင် လိုတိုရှင်းစနစ်နှင့် ရည်စားတွေဖြစ်သွားကြသည်။



"ငါနင့်ကိုချစ်။ ငါ့ကိုပြန်ချစ်"

ဆိုတဲ့ ရည်းစားစကားကပင် အတော့်ကို ရှည်လျားလွန်း နေပြီ။

ကမ္ဘာ့ရဲ့ အချို့အချို့သော နိုင်ငံများတွင် အီမိုကေထား ပါက သေဒဏ်၊ မိန်းမများ မျက်လုံးနေရာအနီးတဝိုက်မှအပ တစ်ကိုယ်လုံး လုံခြုံစွာ ထုတ်သိမ်းထားရမည်။ ယောကျ်ားများ မေးစေ့ကတုံးနှင့်မနေရ။ မုတ်ဆိတ်ထားရမည်..စသကဲ့သို့ အမိန့် များ ထုတ်ပြန်ထားလေရာ...။

သက်ငြိမ်မြို့တော်မှ အဓိပတိကြီး၏ အမိန့်နှင့်ပတ်သက် ပြီးလည်း ဆိုးတယ်လို့တော့ မဆိုသာပါ..ကောင်းကွက်များ လည်း ရှိပါသည်။

'အာမချောင်ရ' အမိန့်နဲ့ပတ်သက်ပြီး ယောကျ်ားလေး များသည် မိန်းကလေးတစ်ယောက်နှင့်ချစ်သူဖြစ်ဖို့ အားစိုက် စရာ၊ စကားတွေအများကြီးပြောစရာ သိပ်မလိုတော့..။ သူတောင်းစားများသည်ပင် "ထမင်းဖိုးဟင်းဖိုးလေးများ ပေးကြ ပါဦး"ပြောမိပါက စကားလုံးအခွန်ဆောင်ရမည်စိုးသဖြင့် အလုပ် တွေလုပ်လာကြသည်။ ဒီတော့ တိုင်းပြည်မှာသူတောင်းစားလူဦး ရေ ကျဆင်းလာသည်။

လူတော်တော်များများ ဝစီပိတ်ကျင့်ရလွန်းသဖြင့် အကုသိုလ်နည်းပါးလာပြီး နိဗ္ဗာန်သို့ပင် အရှင်လတ်လတ်နှင့် ခြေတစ်လှမ်းလှမ်းနိုင်နေလေပြီ...။

ကဲ..အဲဒီလို ထူးထူးခြားခြားမြို့ကလေးဆီကိုမှ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ချီပြီး ပေါက်တတ်ကရ လုပ်တတ်သည့် သချာပညာရှင်က ရောက်သွားလေတော့သည်..။

ပွဲကတော့ ကြည့်ကောင်းပြီ...။

## အခန်း (၅)

မြို့အဝင်လမ်းကတည်းက ဒေါက်တာဝရမ်းပြေး နည်းနည်းတော့ ဖင်တွန့်နေမိသည်။ လက်ထဲမှာ ပိုက်ဆံက များများစားစားမရှိပါဘူးဆိုမှ စကားလုံးတွေအတွက် အခွန်က ဆောင်ရဦးမည်..တဲ့။

တကယ်တော့ ဒီမြို့ကလေးကို ရှောင်ကွင်းသွားပါက သွားနိုင်သည်။ စပ်စုချင်ပြီး ပေါက်တတ်ကရ လုပ်တတ်သည့် ဗီဇကလေးကြောင့် မြို့ကလေးဆီ တန်းတန်းမတ်မတ်ဝင်လာခဲ့သည်။

တကယ့်ကို ငှက်ကြီးတန်ပိုပြောတဲ့အတိုင်းပါပဲလား.. တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်နေကြပြီး ကိုယ့်အလုပ်ကိုယ် အေးအေးဆေးဆေးလုပ်နေကြသည်။

လက်ဖက်ရည်ဆိုင်က လူငယ်တချို့လည်း ဖြတ်သွားဖြတ်လာမိန်းကလေးတွေကို တိတ်တဆိတ်ငေးမောလို့၊ ကောင်တာထိုင်တဲ့ ဆိုင်ရှင်ကလည်း ကျသင့်ငွေကို လက်ချောင်းထောင်ပြပြီး တောင်းလို့၊ ဘယာကြော်သည်တွေ၊ ဒန်ဝယ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ကြေးဝယ်တယ်တွေလည်း အသံအစား ဆိုင်းဘုတ်ကလေးတွေ ကိုယ်ဆီရိုက်လို့…။ အို…တစ်မြို့လုံး တိတ်…ဆိတ်…ငြိမ်…သက်…လို့…။

“ဘယ့်နှယ့်မြို့ကြီးပါလိမ့်…”

(အတွေးထဲက စကား…)

ဟော…ဟိုမှာ လူတစ်စု…။

ဟိုက်…ပိုင့်ကို တည့်တည့်ကြည့်ပြီး လက်ကုပ်နေကြပြီ…။ စကားလုံးရေတွက်စက် တပ်ပေးမလို့နဲ့တူတယ်…။ ကြည့်ရတာ စကားလုံးခွန်အရာရှိတွေလား မသိဘူး…။

မြို့အထာကို အကဲခတ်ဖို့ ဗုက်ဖဲတစ်ချပ်လို နေကြည့်ဦးမယ်…ပြေးမှ…။

သို့နှင့် ခေါက်တာဝရမ်းပြေးလည်း ဘုမသိ ဘမသိနှင့် ကိုယ်ရောင်ဖျောက်ကာ ထွက်ပြေးလာသည်။ ဟိုအုပ်စုကလည်း ဘုမသိ ဘမသိနဲ့ နောက်ကလိုက်လာသည်။

ဈေးတန်းတွေ…၊ စားသောက်တန်းတွေ…။ ဘီယာဆိုင်တွေ…။ တိုက်ခန်းတွဲတချို့ကို သူကျော်ဖြတ်ပြေးလွှားပြီးချိန်မှာတော့…

“ကျွိ….”

ဝတ္ထုဆန်ဆန်ပင် ပါရာဒိုကားကြီးတစ်စီးနှင့် သူ၊ လမ်းခုလတ်မှာ ခေါင်းချင်းဆိုင်မိကြတော့သည်။

“အား…”

(အခွန်ဆောင်ရမည် စိုးသဖြင့် စိတ်ထဲကသာ “အား”



လိုက်ရသည်။ ပါးစပ်ကတော့ ဘာသံမှထွက်မလာ)

တော်ပါသေးရဲ့…။ ပါရာဒိုမောင်းတဲ့လူက သတိကြီးပေလို့။ နို့မို့ဆို…သန်းကြွယ်သူဌေးကနေ ဝရမ်းပြေး၊ ဝရမ်းပြေးကနေ ဒုက္ခိတဘဝရောက်ရင် သူမျှားမြို့ရွာမှာ ခက်ရချည့်။

ကားနဲ့ ဝင်အတိုက်မခံလိုက်ရပေမယ့်၊ ခြေထောက်ဟန်ချက် အနည်းငယ်ပျက်ယွင်းသွားတာမို့ ခြေချင်းဝတ်နေရာ အောင့်မျက်မျက်ဖြစ်၍ မထနိုင်သေးခင်…တံခါးဖွင့်သံကြားလိုက်ရ သည်။

ဘုရားသိကြားမစလို့ ခပ်ချောချော ကောင်မလေးဆင်းလာပါစေ…။

“ဂေါင်းလေး…ဘဲး နား နားတွားလဲ…”

ဟိုက်…။ အဲဒါကြီးကတော့ တစ်မျိုး…။

မိရိုးဖလာ လေယူလေသိမ်းကို နယ်ချဲ့ပြိုတိသျှလေသံဖမ်းပြီး ပြောလာတဲ့လူကြီးတစ်ယောက်…ဘယ့်နှာ့ကြီးလဲတော့ မသိဘူး…။ သူပြောချင်တာက “ကောင်လေး…ဘယ်နားနာသွားလဲ…”ဖြစ်ပုံရသည်။

“ရတယ်…ရတယ်…”

“ထ, နိုင်းရဲ့လား…”

“ထ,နိုင်း မှား ဘား…။ အဲ…ထ,ထနိုင်မှာပါ…အန်ကယ်”

ဒုက္ခပါပဲ စကားလုံးတွေက ဘယ်နှစ်လုံးလောက်တောင်ရှိနေပြီလဲ မသိ…

အသားအရည်က ဖြူဖြူသန့်သန့်၊ ရုပ်က ဥပတိရုပ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း၊ ဝတ်ပုံစားပုံက gentelman ဆန်ဆန် ကြေးရတတ်လူတန်းစား..။ ကြည့်လိုက်တာနဲ့ ထိုင်ရှိခိုးချင်စိတ်ပေါက်လောက်အောင် ဩဇာပါဝါက ကောင်းလွန်းလှသည်။

စကားကိုလည်း ပေါပေါသီသီပြောနိုင်သည်။ အခွန်ဆောင်ရသလား မဆောင်ရဘူးလားဆိုတာတော့ ပိုင် မသိ... အကဲခတ်ရသလောက်ကတော့ ထိပ်တန်းစီးပွားရေး ရင်းနှီးမြှုပ်နှံမှု သူဌေးတစ်ယောက်ပင် ဖြစ်ရမည်။

ဟော..သူ့ ခါးကြားက ဖုန်းမြည်သံ..။

"ဟ..လို.."

တစ်ဖက်က ဖုန်းပြောသူမှာ သူ့ရဲ့ လုတပတ အာကျယ်ကျယ် အတွင်းရေးမှူးမလေးပင်ဖြစ်ရမည်။ စပီကာ ဖွင့်မထားဘဲနှင့်တောင် သူမရဲ့အသံကို ပိုင် ကြားနေရသည်။

"ဆရာရေ..ဒီမှာ Customer တွေက အပြည့်နော်.."

"အိုခေး...အိုခေး.."

"တုံကင်က တစ်ပတ်အထိ ပြည့်နေလို့ နောက်မှ ဘွတ်ကင်လာလုပ်တဲ့သူတွေကို မျက်နှာပူရတဲ့ကြားထဲ ဆရာက ရုံးတက်တာပါ နောက်ကျနေတယ်..ဟင်း.."

တစ်ဖက်က ဘော့(စ်)ကို အတော်ပိုင်နိုင်ပုံရသည်။ ဒီဘက်ကလည်း နိုင်ငံကြီးသား ပီသသည့် ရုပ်နှင့်တဟဲဟဲလုပ်ကာ...

"Let me explain ဝင်ဒီ။ Let me explain ။ ကိုယ်အခု လမ်းခူးလတ်မှာ ကားအက်စီးဒင့်ဖြစ်နေလို့ ဖြေ ရှင်းပေးနေရဒဲ



ဝင်းဒီရေ.."

အင်္ဂလိပ်လေယူလေသိမ်းက ကောင်းလှပေမယ့် မိရိုးဖလာစကားကို နယ်ချဲ့လေသံဖမ်းပြီး ပြောနေပုံကြီးကို နားထောင်ပြီး ပိုင်ရယ်လည်း ရယ်ချင်သလို သောက်ညင်လည်း ကပ်သွားသည်။

တစ်ဖက်က စက္ကထရီမလေးကတော့ ပိုင့်လို သောက်ညင်ကပ်မသွားဘဲ အက်စီးဒင့်ဆိုတဲ့အသံလည်းကြားရော အတော့်ကို စိုးရိမ်ပူပန်သွားကာ...

"အို..ဆရာ..။ အက်စီးဒင့်...အက်စီးဒင့် ဟုတ်လား..။ ဆရာဘာဖြစ်သွားသေးလဲ..။ ဘယ်နားထိသွားလဲ...။ ဒုက္ခပါပဲ..ဝင်ဒီစိတ်ပူလိုက်တာ..။ ဆရာမရှိလို့..မဖြစ် ဘူးလေ..။ ဆရာမရှိရင် ဒီကလူတွေအားလုံး ဒုက္ခရောက်ကုန် ကြမှာပေါ့။ ဟင်း..ဝင်ဒီစိတ်ညစ်တယ်နော်.."

"အဟား..ဟား..ဝင်ဒီရယ်..သိပ်လည်းစိတ်ပူးမနေဘာနဲ့..Just a piece of cake (အသေးအဖွဲ့ကိစ္စလေး)ပါကွာ။ ကိုယ်ဘာမှ မဖြစ်ပါဘူး.. နာရီဝက်အတွင်း အရောက်လာခဲ့မယ်နော်..ဘောဘီ..ဘိုင်.."

ဖုန်းထဲက ပြောသံဆိုသံများကို ကြားပြီး ပိုင်နည်းနည်းတော့ ဖျားသွားသည်။ လုပ်ငန်းက အတော်ကြီးပုံရသည်။ ထိပ်သီး စီးပွားရေးသမားကြီးများအတွက်ကတော့ အချိန်တွေက ဒီလိုပဲ ဆင်းရဲကြတာပဲ...။

ဟော..မဟာသူဌေးမင်းက ပိုင့်လက်ကောက်ဝတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး၊ သူ့အိတ်ထဲက လိပ်စာကတ်ကို ထုတ်ယူလိုက်ကာ..

"ဒွေ့သည်နဲ့တူတယ်..။ ကဲ..ဘားမှ မဖြစ်လည်း ကိုယ်းတွားမယ် ဂေါင်းလေး..ဟောဒါး..ကိုယ်း ကတ်(ထ်)..။ ကိတ်ဆ တစ်ခုခုရှိးရင်း..ဆက်သွယ်လိုက်ပေါ့.."

ပြောပြောဆိုဆိုနှင့် မဟာသူဌေးက ကားကြီးဝူးကနဲ မောင်းကာ ထွက်သွားသည်။ အတော်ကြာတော့မှ လက်ထဲ ရောက်နေတဲ့ သူ့ကတ်ကလေးကို ကြည့်မိလိုက်ရာ...

Professor ဒေါက်တာ ကြံ့အာကာမှီ

ဗေဒင်လက္ခဏာပါရဂူ Ph.D(Tantra& Sastra) (Kol-India)

"ဟိုက်..ဗေဒင်ဆရာကြီးဟ..ဘုရား..ဘုရား.."

ပိုင့်တစ်ကိုယ်လုံး..မိုးကြိုးအပစ်ခံလိုက်ရသလို..တုန် လှုပ်သွားရလေတော့၏...

❀ ❀ ❀

## အခန်း (၆)

သချာၤသမားက စတင်တွေးခေါ်လေပြီ..။

တိတ်ဆိတ်ငြိမ်သက်ခြင်းဟာ အေးချမ်းတည်ငြိမ်ခြင်း လား..။ မဖြစ်နိုင်ပါ။ အဓိပ္ပာယ်ချင်း ဆင်သလိုရှိပေမယ့် အတော် ကလေးကို ကွဲလွဲပါသည်။

အခုပဲ ကြည့်ပါ..။

ဗေဒင်ဆရာတစ်ယောက် ဤ၍ဤမျှပင် ချမ်းသာကြွယ် ဝပုံကို ထောက်ချင့်ခြင်းအားဖြင့် ဒီမြို့ကလေးမှာ အသံတိတ် အပူသည်တွေ အမြောက်အမြားရှိရမည်...

သချာၤသမားဆိုတော့ ကိန်းဂဏန်းအတိအကျနှင့် analy-sis လုပ်လို လှသည်။

"ဒုက္ခပဲ..တတ်သိပညာမနေသာ..တဲ့။ ငါ ဒီမြို့မှာ မလည်ရှုပ်တော့ လုပ်မိတော့မယ်"

(အတွေးထဲက စကား)

စောစောက ပါရာဒိုနဲ့ ဗေဒင်ဆရာကြီးကို စိတ်ထဲက ဖျတ်ကနဲ မြင်ယောင်လာမိပြန်သည်။

ဒေါက်တာ ကြံ့အာကာမှီ..တဲ့..

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကတော့ လန်းတယ်··။ သူကြံစည်လိုက်ရင် အာကာသအထိတောင် မှီတယ်ဆိုတဲ့ နမိတ်ပုံများလား။

အခါအခွင့်သင့်မည်ဆိုလျှင် ပိုင့်ရဲ့ Angry Mathsကိုတောင် ဆော့ခိုင်းလိုက်ချင်သည်။

သူ့ ရုံးခန်းထဲက (သူတို့အခေါ် Customer) အပူသည်တွေရဲ့ စကားကို ပိုင်စိတ်ကူးနှင့် နားထောင်ကြည့်လိုက်သည်။

"ဆရာရေ··ကျွန်မလေ··ဒီအသက်ဒီအရွယ်တောင်ရောက်နေပြီ လူရှိသေ ရှင်ရှိသေဟမ်းဖုန်းလေး တစ်လုံးလောက်ကိုင်ချင်တာ၊ ငွေက မီမယ်ကြံလိုက် ဟမ်းဖုန်းဈေးက တက်သွားလိုက်နဲ့ရှင်··။ အဲဒါ ဟမ်းဖုန်းဈေးလေးများ ငြိမ်အောင်ဆရာ ယတြာလေးဘာလေးများ ပေးနိုင်မလားမသိဘူး··"

"ဆရာ··ကျွန်မသားကိုလေ··ဆရာဝန်ဖြစ်စေချင်လို့ ဆယ်တန်းကို အပြင်ဘော်ဒါမှာထားတာ။ သိန်းအစိတ်ဆရာ။ အဲဒါ စာမေးပွဲနားနီးလို့လေ···ချောချောမွေ့မွေ့လေးဖြစ် အောင် ဘာယတြာများ ဆောင်ရမလဲ··လို့··"

"သမီးက LCCI Level III, MBA, CPA, အို··ဆရာရယ် A to Z အားလုံးပြီးပါပြီ။ အဲဒါ ဟိုနိုင်ငံခြားသားပိုင်ဟိုတယ်မှာ အကောင့်တန့်လုပ်ချင်တာ။ ခက်တာက အဲဒီမှာ အလုပ်ရဖို့ဆိုရင် အဲဒီပိုင်ရှင်ရဲ့လက်အောက်က အရာရှိတွေနဲ့ ဘာညာဘာညာဖြစ်ရတယ်လို့ ကြားတယ်ဆရာရယ်··။ သမီးကတော့ သန့်သန့်ရှင်းရှင်းနဲ့ ကိုယ့်ပညာဂုဏ်ကလေးနဲ့ပဲ အလုပ်ရချင်တယ်··အဲဒါ··အဲဒါ ဘယ်လိုလုပ်ရမလဲဟင်···"



"ကျွန်တော် အရင်ကတော့ သဘော်လိုက်မယ်စိတ်ကူးပါတယ်ဆရာ··။ နောက်တော့ ဘောလုံးလိုင်းက ပိုဖြောင့်တယ်ကြားလို့ ကျွန်တော့်ရဲ့ ဦးတည်ချက်ကို ပြောင်းလိုက်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဝါသနာပါတယ်။ ဒါပေမဲ့ အရင်တုန်းကတော့ ဒီလိုင်းက ငွေမဝင်တော့ မိဘတွေကလည်း ဘောလုံးကန်တာ တွေ့တာနဲ့ သေသွားချင်သလား၊ မွဲသွားချင်သလား၊ ခွေးဖြစ်မယ့်အကောင် အဲဒီလို ဆဲပြီးတားပါတယ်။ အခုတော့ သူတို့ကိုယ်တိုင်ရပ်ကွက်ဘောလုံးကွင်းကို တင်းတင်းကျပ်ကျပ် နဲ့ လိုက်ပို့ပေးနေလို့ ကျွန်တော့်မှာလည်း ကန်လိုက်ရတာ လျှာတောင်ထွက်နေပါပြီ။ အခု ကြီးကြီးတက် FCက လူသစ်တွေ ခေါ်ဖို့ ခြေစစ်ပွဲလုပ်တော့မှာ··။ အဲဒါ ကျွန်တော်ခြေစစ်ပွဲအောင်အောင် ဘာယတြာလေးများ လုပ်သင့်ပါသလဲ··ဆရာ"

ပိုင် တွေးရင်းနှင့်ပင် ရင်မောသွားရသည်။

ထိုစဉ် ပိုင်ရှေ့သို့ ဘတ်(စ်)ကားတစ်စီး ထိုးစိုက်လာပြီး··

"ဘဝတူ၊ အသံတိတ်ကုန်း၊ ဆိတ်ငြိမ်၊ သဘောထားကြီး၊ မျှော်တိုင်းဝေး၊ ခေါ်တိုင်းငေး၊ ကြောက်ကြီး၊ တေမိး လာ··လာ··မြို့ထဲကို··မြို့ထဲကို··"

သြော်··ဘတ်(စ်)ကားမှတ်တိုင်နာမည်တွေကလည်းနော် လို့ တွေးမိပြီး၊ သေချင်စော်နံရင်း ဘတ်(စ်)ကားပေါ် ပိုင် တက်လိုက်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာလိုက်ပါ..။

အဲဒီလို ကိုယ့်အသံကိုယ် ကျကျနန ထုတ်ပိုးထားတဲ့ မြို့ကလေးမှာ အုတ်အော်သောင်းနင်း ကိစ္စကြီးတစ်ခု ဖြစ်ပွားသွားပါသည်။

ဖြစ်ပုံက ဒီလို..။

"ဟာ..ဟာ..ဟေ့..ဟိုရှေ့မှာ လူတစ်ယောက် လှုံ့ဆော်စာတွေ လိုက်ဝေနေပြီ..ဖမ်း..ဖမ်း.."

"ဟာ..ဒါ..ငါတို့ ဟိုးတစ်ရက်က မျက်ခြေပြတ်သွားတဲ့ ချာတိတ်ပဲ.."

"ဟုတ်တယ်..သူ့လက်မှာ ခက်၊ ပတ်မထားဘူး.. ဒီကောင် သေ့သည်နဲ့တူတယ်..ဘာပေါက်ကရ လုပ်မလို့လဲ မသိဘူး.."

"ဟေး..ဟေး..ရပ်လိုက်..ဟိုကောင်..ဆက်ပြေးရင် မင်းအမှုကြီးသွားမယ်နော်..ဒါပဲ.."

ပိုင်က နေရာမှာ ရပ်လိုက်ရင်း ကျေနပ်စွာပြုံးလိုက်သည်။

သူ..အဓိပတိကြီးနှင့်တွေ့ချင်နေတာ ကြာပြီ..။

## အခန်း (၇)

"လှုံ့ဆော်စာ လိုက်ဝေတယ်ဆိုတာ မင်းလား.."

"လှုံ့ဆော်စာ မဟုတ်ရပါဘူး အဓိပတိကြီး.."

"ဒါဖြင့် ဘာစာလဲ.."

"သချာမှာတော့ Probability လို့ခေါ်ပါတယ်"

"လူပြိန်းနားလည်အောင် ရှင်းစမ်းကွာ.."

"အဓိပတိကြီးက လူပြိန်းလား.."

"ဟိတ်ကောင်..."

ဒီစကားကိုတော့ အဓိပတိကြီးက ပြောဆိုတာမဟုတ်ဘဲ သူ့ရဲ့ လက်ဝဲရံ၊ လက်ယာရံများက ခပ်မာမာပြောဆိုတာဖြစ်ပြီး ပိုင်ရဲ့ လည်ဂုတ်က ကော်လံကို တစ်ယောက်သောသူက တင်းတင်းဆွဲကိုင်ပစ်လိုက်သည်။

"ကဲ..ကဲ..ရှင်းမှာရှင်း..ငါနဲ့စကားပြောရင် ခေတ္တနဲ့

www.burmeseclassic.com

www.burmeseclassic.com



မတာက်နဲ့ အညွန့်မထွက်နဲ့..''

''ဟုတ်..ဟုတ်ကဲ့..ဖြစ်တန်ချေရှိတဲ့ လူတန်းစား ကွဲပြားမှုစာရင်းကို Probability နဲ့ တွက်ချက်ထားတဲ့ သင်္ချာကိန်းဂဏန်းစာတမ်းတစ်စောင်ပါ..''

''မင်းက ဘယ်လိုအကိုးအကားတွေနဲ့ ဒီစာတမ်းကို ရေးသားပြုစုလိုက်တာလဲ..''

''ကျွန်တော် ဟိုတစ်ရက်က ဘတ်(စ်)ကားနဲ့ မြို့ထဲကို ပတ်စီးခဲ့ပါတယ် ခင်ဗျာ..''

''ထူးခြားဖြစ်စဉ် ဘာတွေ့လဲ..''

ပိုင် လည်း အဓိပတိကြီးစကားကြောင့် ခေါင်းနည်းနည်း ကုပ်လိုက်ပြီး..

''စပယ်ယာတွေ လိမ္မာပါးနပ်ပြီး ဖျတ်လတ်တာကို တွေ့ပါတယ် အဓိပတိကြီး..''

''သူတို့တွေ ဘယ်လိုဖျတ်လတ်ကြလဲ..''

''ဘယ်လောက်ပဲ စည်းကမ်းမရှိ၊ မရှိ မီးပွိုင့်မရောက်ခင် တံခါးပိတ်ရမယ်ဆိုတဲ့ သတိ၊ သူတို့မှာ ရှိပါတယ်။ လှည့်ကင်းတွေ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကားတွေ ဘယ်ထောင့်မှာ ဘယ်လိုပေါ်လာမယ်ဆိုတာက အစ သူတို့သိနေပါတယ်။ ကျွန်တော့်အထင်ပြောရရင် ဂြိုဟ်တုကနေ ပေးပို့နေတဲ့ အဝေးကြည့်ဗီဒီယိုဖိုင်တွဲကို ဖွင့်တဲ့စက်တွေများ သူတို့ဆီမှာရှိနေမလားလို့တောင် သံသယ ဝင်မိတယ်..''

ပိုင့်စကားကြောင့် ဆိုင်ရာဌာနမှ အကြီးတန်းအရာရှိ များ



ကွက်ကနဲ မျက်နှာပျက်ကုန်ကြသည်။ အဓိပတိကြီးက တော့ နှစ်လိုစွာ ရယ်မောလိုက်ပြီး..

''နောက်ပြီးတော့ကောကွာ..''

''ဘယ်ထောင့်ကနေ ဘယ်လိုမတ်တပ်ရပ်နေမှန်းမသိတဲ့ လူတွေရှေ့ရောက်ရင် အိတ်ကပ်ထဲကနေ ဆောင်ထားတဲ့ ငွေတချို့ကို ချစ်ကိုရေ..ချစ်ကိုရေနဲ့ ပေးတာတွေ့ပါတယ်..''

''ဟော..''

အဓိပတိကြီး နည်းနည်းတော့ မျက်လုံးပြူးသွားသည်။

''ယာဉ်ထိန်းရဲများလား...''

''မဟုတ်ဘူးခင်ဗျ..မီးပွိုင့်မှာ ရပ်နေတဲ့သူ မဟုတ်ဘူး။ လမ်းခုလတ်မှာ ရပ်နေတဲ့သူ''

မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးမှူးချုပ် စိတ်ညစ်နေသည်။ ''ငါတို့တော့ မြွေကိုင်မိတာပဲ'' ဆိုတဲ့အကြည့်နဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

''ကဲပါ..အဲဒီကိစ္စ အသာထား..မင်းက ဘတ်(စ်)ကား စီးမိတာနဲ့ ဒီစာတမ်းကို ဘယ်လိုပြုစုလိုက်တာလဲ..''

''တစ်မှတ်တိုင်ရောက်တိုင်း မြို့ပြအိုးအိမ်တွေရဲ့ ကွာခြားချက်တွေ။ လူတန်းစားကွာဟချက်တွေ။ လက်ဖက်ရည်ဆိုင်၊ စည်ဘီယာ၊ နက်ဝေါ့(ခ်)ဂိမ်းဆိုင်တွေ။ ကျူးကျော်တဲတွေရဲ့ ရာခိုင်နှုန်းကို ကျွန်တော်လေ့လာမိပါတယ်။ တစ်မြို့လုံးကို ကားပတ်စီးပြီးတဲ့အချိန်အရောက်မှာတော့ ဖြစ်တန်ချေရှိတဲ့ လူတန်းစား၊ အခြေပြဇယားကို လူဦးရေ အတိအကျနဲ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တွက်ချက်ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အမိပတိကြီးခင်ဗျား..."

"ပေးစမ်း..အဲဒီစာရွက်..ငါ့ကို.."

တကယ်တော့ ပိုင့်ဆီက တောင်းမကြည့်ခင် ကတည်းက ထိုစာရွက်ကို စုံထောက်တွေမှတဆင့် အမိပတိကြီး ကြည့်ရှုပြီးသားပါ။

လ.ဝ.က ရုံးတွေ၊ လူမှုဖူလုံရေးရုံးတွေ၊ ပုံစံ (၁၀) ရုံးတွေ၊ စာသင်ကျောင်းတွေ၊ ရဲစခန်းတွေ၊ ရပ်ကွက်ရုံးတွေက တဆင့် လူနေမှုအခြေပြဇယားပြုစုကြည့်ရာ ယခုချာတိတ်ပြုစု ထားသော စာရင်းဇယားနှင့် ကွက်တိနီးပါး တူညီနေတာမို့..

ထူးခြားအံ့ဩဖွယ်ရာ သင်္ချာပညာရှင်လို့ စိတ်ထဲက ထပ်မံချီးကျူးလိုက်ပြီး သူ့စာရွက်ကို ထပ်မံဖတ်ရှုကြည့်လိုက် သည်။

ဖြစ်တန်ချေရှိသော လူတန်းစားကွဲပြားမှု အခြေပြဇယား (Probability)

| | |
|---|---|
| ဟစ်ဟော့အဆိုတော်ဖြစ်ရန်ရည်သန်နေကြသော နှစ်ဆယ့်ငါးနှစ်အောက် လူစာရင်း (ကျား) | ၅၆၄၈ဦး ↑ |
| အစီအစဉ်တင်ဆက်သူ၊ စာရေးဆရာမ၊ လေယာဉ်မယ်ဖြစ်လိုသော မ,ဦးရေ | ၅၆၂ဦး ↑↓ |
| မိမိစီးပွားရေးကို အားမရဖြစ်နေသော လူလတ်ပိုင်းများ | ၁၆၃၀၇ဦး ↑ |
| လက်ဖက်ရည်ဆိုင်၌ အချိန်ဖြုန်းနေကြသူများ | ၄၉၀၀၅ဦး ↑ |



| | |
|---|---|
| အင်တာနက်ဆိုင်၌ ချက်တင် ထိုင်နေကြသော လူငယ်များ | ၁၅၅၉၂ဦး ↑ |
| ရုပ်ရှင်မင်းသမီး၊ မင်းသား၊ မော်ဒယ်လ် ဖြစ်လိုသူများ | ၄၈၀၉ဦး ↑ |
| ဘာသာစုံ ဂုဏ်ထူးထွက်ရန် မှန်းထားသော ထူးချွန်လူငယ်များ | ၁၀၃ဦး ↓ |
| အင်ဂျင်နီယာဖြစ်ရန် ရည်မှန်းပြီးကာမှ ကြေးစားဘောလုံးသမားအဖြစ် ရည်မှန်းချက် ပြောင်းလဲသွားသူ ကျားဦးရေ | ၆၆၉ဦး ↑↓ |
| စီးပွားရေးလောက၌ ဒိတ်ဒိတ်ကျဲ အောင်မြင်နေသူများ | ၁၉ဦး ↓ |
| မိုးဖလာအရ ချမ်းသာနေကြသောလူကုံထံများ | ၂၈၄ဦး ↓ |
| ဒိတ်ဒိတ်ကျဲ ဗေဒင်ဆရာ | ၂၈ဦး ↓ |
| နိုင်ငံခြားထွက်ရန် ပြင်ဆင်နေကြသူများ | ၈၅၄၂၈ဦး ↑↓ |
| ခေတ်အခါကိုလိုက်၍ ရှိတတ်ကြသော တောကြောင်လူတန်းစား | ၆၅၉၁၈ဦး ↑ |
| ဘဝကို အရှုံးမပေးဘဲ စိတ်ဓာတ်ခွန်အား မြင့်တင် ရုန်းကန်နေကြများ | ၇၀၀၈၅ဦး ↑↓ |
| နိုင်ငံရေးလုပ်လိုသည့် တက်ကြွလူငယ် | ၉၀၈ဦး ↑ |
| ရောနှော်နေကြသူများ(ကြီး/လတ်/ငယ်) | ၁၀၈၅၉ဦး ↑ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ကေတီဗွီ၊ မာဆတ်၊ ဘောလုံးဒိုင်၊ လောင်းကစားကြိတ်ဝိုင်းများသို့ ပုံမှန်ရောက်ရှိနေကြသူစာရင်း | ၂၀၆၄၈ဦး↑↓ |
| ဆယ်နှစ်အောက် ကလေးငယ်များ | ၅၄၀၈၀ဦး↑↓ |
| စာရင်းပြုစုရ ခက်ခဲနေသည့်လူဦးရေ | ၂၀၂၈၉ဦး ↑ |

ခန့်မှန်းခြေမြို့လူဦးရေ ၆ သိန်းဝန်းကျင်

အဓိပတိကြီးက ပိုင်ရဲ့ စာတမ်းကို ဖတ်ပြီး ပြုံးပါ သည်။ ဘယ့်နှယ့်ကြောင့်မှန်းတော့မသိ။

ဒီသူငယ်လေးကို မြင်ကတည်းက အဓိပတိကြီးရဲ စိတ်ထဲမှာ အတော့်ကို လှိုက်လှိုက်လှဲလှဲခင်မင်နေမိသည်။ သူ့ရဲ့ ထူးချွန်ပြောင်မြောက်လှတဲ့ သင်္ချာစွမ်းပကားနဲ့ ရည်မွန်တဲ့ ရုပ်ရည်လေးကြောင့်လည်း ပါချင်ပါမှာပေါ့။

ပိုင့်စိတ်ထဲမှာလည်း ထို့အတူပင်။ အဓိပတိကြီးကို မြင်လိုက်ကတည်းက "ဒယ်ဒီ"လို့ ခေါ်ချင်လောက်အောင် စိတ်ထဲက ရင်းနှီးနေမိသည်။

"ကျွန်တော်ပြုစုထားတဲ့ စာတမ်းက ကွာဟချက်တွေ ရှိနေလို့လား အဓိပတိကြီး ခင်ဗျား.."

အဓိပတိကြီးက အိုဗာတင်းကြော်ငြာထဲကလို "ဒါက လျှို့ဝှက်ချက်"ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ လက် အသာကာပြလိုက်ပြီး..



"ဘာရည်ရွယ်ချက်နဲ့ ဒီစာတမ်းကို မင်းပြုစုခဲ့တာလဲ"

"ကျွန်တော် သင်္ချာပညာရှင်တစ်ယောက်ပါ.. ကျွန်တော့်မှာ ပညာဘယ်လောက်ရှိမရှိ လက်တွေ့စမ်းသပ် ကြည့်လိုက်တာပါ.."

ပွဲကတော့ ကြည့်ကောင်းပြီ။ သင်္ချာပညာရှင်လည်း ဆိုလိုက်ရော အဓိပတိကြီးမျက်နှာမှာ အရိပ်အယောင်တချို့ ဖြတ် ပြေးသွားပြီး..

"သင်္ချာပညာရှင်ဆိုတော့ လေးတော့လေးစားစရာပဲ ဘာရည်ရွယ်ချက်နဲ့ ဒီကိန်းဂဏန်းစာရွက်တွေကို ဒီမြို့မှာ လိုက်ဝေနေရတာလဲ.."

ဒေါက်တာဝရမ်းပြေး တစ်ချက်စဉ်းစားလိုက်ပြီး..

"ကျွန်တော့်အတွေးကို အနည်းစပ်ဆုံး ဘာသာပြန် ရမယ်ဆိုရင် ဒီမြို့ကလူတွေအားလုံးကို ကိုယ်စီးနေတဲ့မြင်း အထီး လား၊ အမလားဆိုတာ သိစေချင်လို့ပါ.."

အဓိပတိကြီးက သက်ပြင်းရှည်ကြီးကို လေးတွဲစွာချ လိုက်ပြီး..

"မင်းက နည်းနည်းတော့ အံချော်နေတယ်ကွဲ့ ..."

"ဟုတ်ကဲ့..ကျွန်တော့်ကို ဘယ်လိုများ အကြံဉာဏ် ပေးချင်ပါသလဲခင်ဗျာ.."

"မင်းကို ငါ သင်္ချာအကြံပေးခန့်မယ်လေ။ မင်းအောက်

www.burmeseclassic.com

www.burmeseclassic.com



က ဒီထက်မက ပိုပြီးကြိုးစားမယ်ဆို သန်ဂျာဝန်ကြီးအဆင့်ထိပါ တိုးမြှင့်ခန့်မယ်။ ငါတို့ရဲ့ ရေငုပ်သင်္ဘောတည်ဆောက်ရေးပရော ဂျက်မှာ လိုနေတဲ့ အဆင့်မြင့်သန်ဂျာအီကွေရှင်းတွေနဲ့ ပတ်သက် ပြီး မင်းဖော်ထုတ်ပေးနိုင်မလား…"

"…………………"

"…………………"

## အခန်း (၈)

အွန့်ဖုန်း…တဲ့။

အဲဒီဆိုင်ထဲကနေ ကက်ဆက်သံ ဆူဆူညံညံကြားနေ ရသည်။ မီးထိုးမှန်ထိုးများကြားဝယ် လှတပတ ကောင်မလေး တစ်ယောက် ရွှေဘယက်လည်စွဲကြီးတစ်ခုကို ကိုင်ကာ အပေါ် မြှောက်တင်လိုက်၊ အောက်နှိမ့်ချလိုက်၊ နှစ်ပတ်သုံးပတ် ရမ်းပြ လိုက်၊ အခုပဲ ရွှေဘယက်ကြီးကို ကိုက်စားတော့မှာလိုလို၊ လျှာနဲ့ မြည်းကြည့်တော့မှာလိုလို၊ မျက်စိတွေမှိတ် လျှာတွေထုတ်ပြနေ လိုက်ကတည်းက အဲဒီဆိုင်ထဲမှာ တီဗွီကြော်ငြာတစ်ခု ရိုက် ကူးနေပြီမှန်း ဒေါက်တာဝရမ်းပြေးသဘောပေါက်လိုက်သည်။

မှန်ပါသည်။

ဖြူဖြူပြာပြာဝါ သည် ထိုမြို့ကြီးမှာတော့ အတော့်ကို လူကြိုက်များသည့် တီဗွီကြော်ငြာသရုပ်ဆောင်တစ်ယောက်ပင်‥

ဆိုင်ထဲသို့ ဒေါက်တာဝရမ်းပြေး ဝင်ရောက်လာပြီဆိုရင် ပဲ သူမနှလုံးသားများ ရှန်းကြွလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြွခံနိုင်ရိုးလား..။ ပေါက်တတ်ကရတွေလုပ်ရင်းနဲ့ ဂိုးတူမရျေးဘဲ(go to jail) သင်္ချာဝန်ကြီးခန့်အပ်ခြင်းခံလိုက်ရတဲ့ လူတော်လေးတစ်ယောက်...

အမိပတိကြီးရဲ့ ရေငုပ်သင်္ဘောတည်ဆောက်ရေး ပရော ဂျက်မှာ အရေးကြီးအစိတ်အပိုင်းတွေရဲ့ တွက်ချက်မှုနဲ့ပတ်သက် ပြီး တာဝန်ယူထားရတဲ့ အရာရှိလေးတစ်ယောက်..ရုပ်ကလေး ကလည်း သန့်သန့်ပြန့်ပြန့် မွန်မွန်ရည်ရည်..

ဒီတော့ ဖြူဖြူပြာပြာဝါရဲ့ နှလုံးသားများသည်လည်း ဒိန်း..တက်..တက်..၊ ဒိန်းတက်တက်ဖြစ်နေရပြီ။

သူ့ကို သင်္ချာဝန်ကြီးမှန်း လူသိနည်းကြပေမယ့် ဖြူဖြူ ပြာပြာဝါကတော့ သိပါသည်။ တဆင့်တက်ပြီးလည်း မိတ်ဆွေ ဖြစ်လိုလှသည်။ နဖူးစာပါလာလို့ စာအပေးခံရသည်ဖြစ်စေ၊ ရည်းစားစကားအပြောခံရသည်ဖြစ်စေ အပြတ်ကြွေပစ်လိုက် မည်ဟုပင် ရဲရဲဝင့်ဝင့်နှင့် ဆုံးဖြတ်ချက်က တဖက်သတ်ခိုင်မာ ထားသည်။

"ဟာ..ကဒ်..ကဒ်..မင်းသမီး..ဒီဆင်းနိ(Sence)က အပြတ်ကိုလှုပ်ရ၊ ကဲရမှာလေဗျာ၊ ဘာ့ကြောင့် လှုပ်ရှင်းကြွရင်း တန်းလန်းကနေ ငြိမ်ကျသွားတာတုန်း မင်းသမီး ဘယ်တွေ စိတ်ရောက်နေတာလဲ..ပြန်ရိုက်မယ်..ပြန်ရိုက်မယ်.."

ဒါရိုက်တာ ရိုက်ကြီး(3 days creation)က လှမ်းအော် လိုက်တာမို့ ပိုင့် မျက်လုံးများသည်လည်း ရွှေမင်းသမီးဆီ အာရုံ ရောက်သွားသည်။



အို.................................။

အဲဒီစာလုံးလေးတစ်လုံးက သူမကို စတွေ့လိုက်သည် နှင့် ရင်ထဲကြွေကျလာသည်။ နှလုံးခုန်နှုန်းများလည်း မြန်ဆန် လာသည်။ အချစ်က ဒန်ဝယ်တဲ့ကုလား ထမ်းလာတဲ့ ဆာလာ အိတ်ထဲက ဒန်ခွက်စုတ်တွေရဲ့ အချင်းချင်းထိခတ်သံလို နှလုံး သားသံ တချွင်ချွင်မြည်လျက် ရှိချေသည်။

ချစ်စရာကောင်းလိုက်တဲ့ ကောင်းမလေး..Celebrity ထဲက ထင်ပါရဲ့..သူကလေးကလည်း ငါ့ကို ရှူးတယ်ဟ!။

ဟော..ဒါရိုက်တာကြီး လှမ်းသတိပေးလိုက်လို့ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး သူမရိုက်ကွင်းထဲ စိတ်ရောက် သွားပြန်သည်။

ဟင်း..သူမဆီ စိတ်ရောက်သွားသဖြင့် လာရင်းကိစ္စ ကိုပင် ပိုင်မေ့သွားသည်။

ပိုင်ရဲ့ လာရင်းကိစ္စကတော့ ဒီဆိုင်ကို ရစ်ရန်အတွက် ပင် ဖြစ်သည်။

"ဘာ အလိုရှိပါသလဲရှင်..။ ဟမ်းချိန်းထဲကလား၊ ဆယ့်ခြောက်ပဲရည်အပြည့် အာမခံတယ်နော် အစ်ကို။ ဒီနေ့ ဆိုင်မှာ ကြော်ငြာရိုက်ကူးရေးရှိနေလို့ နည်းနည်းဆူညံတာကို တော့ ခွင့်လွှတ်ပါ"

ပထမဦးဆုံး စ,ကြားလိုက်ရတဲ့ ဖောဖောသီသီ စကား လုံးတွေပါပဲ။

သူမလက်ကို ကြည့်လိုက်တော့လည်း Words counter

www.burmeseclassic.com

www.burmeseclassic.com



တပ်ထားပါသည်။ ဝယ်ယူသူများထံမှ အမြတ်ဘယ်လောက်တောင် တင်ထားမှန်း ပိုင်ခန့်မှန်းကြည့်သည်။ ၄၅%ဒါ အနည်းဆုံးပင်..

"Touch screen ထဲက function စုံစုံနဲ့ လိုင်းခွဲအားကောင်းကောင်း ဟမ်းဆက်လိုချင်တယ်ဗျာ.."

"ရှင်.."

အရောင်းဝန်ထမ်းမလေး ကြောင်တောင်တောင်ဖြစ်သွားပြီး ခေါင်းကုတ်နေသည်။ ဟုတ်တယ်လေ ရွှေဆိုင်ထဲဝင်လာပြီး ဟန်းဆက်လာဝယ်နေတာကိုး..

ပိုင့် စကားကြောင့် ရိုက်ကွင်းထဲက ဒါရိုက်တာ ရိုက်ကြီး (3 days creation)ပင် စိတ်ဝင်စားသွားပြီး လှမ်းရှိုးလိုက်သည်။ မြူမြူပြာပြာဝါလည်း အပါအဝင်ပေါ့..။

ရွှေဆိုင်မှန်းသိရက်နဲ့ ဒီလူ ဘာလာကြောင်တာလဲ..သူလုပ်လိုက်လျှင် ပေါက်တတ်ကရနဲ့ ရယ်ရပေဦးတော့မည်..အဟိ..။

"ဒီဆိုင်က ရွှေဆိုင်လေ..mobile ဆိုင်မဟုတ်ဘူး။ ဖုန်းရောင်းတဲ့ဆိုင်မဟုတ်ဘူး"

"ဘာဗျ.."

သူ့အသံက ကျယ်ကျယ်လောင်လောင်မို့ ဆိုင်ရှင် လူမျိုးခြားသူဌေးပါ မျက်လုံးပင့်ပြီးကြည့်လာသည်။

"ဒီဆိုင်က ရွှေဆိုင်ရှင့်..ရွှေဆိုင်..ရွှေတွေ ညွှတ်နေအောင်ခင်းထားတာ ရှင်မမြင်ဘူးလား၊ ဒါ ဖုန်းအရောင်းဆိုင်



မဟုတ်ဘူး.."

"နို့...ခင်ဗျားတို့ ဆိုင်နာမည်က အွန်ဖုန်း..ဆို။ ဘာလို့ ဆိုင်နာမည်ကို 'ဖုန်း' ထည့်ထားရတာတုန်း.."

"အဲ..အဲဒါက.."

ဆိုင်အရောင်းဝန်ထမ်းမလေးလည်း ဘယ်လိုဆက်ဖြေရတော့မလဲဆိုတာ စဉ်းစားရ နည်းနည်းကြပ်သွားပြီး ဆိုင်ပိုင်ရှင် လူမျိုးခြား သူဌေးကို လှမ်းရှိုးလိုက်သည်။

ကိုရွှေသူဌေးလည်း မနေသာတော့။ သူရဲ့ ဖြူဖြူဖွေးဖွေး ထိပ်ပြောင်ပြောင်ကြီးကို တစ်ချက်ပွတ်လိုက်ပြီး လူမျိုးခြားလေသံ ခပ်ဝဲဝဲဖြင့်..

"အယ်..သာက သိလို့ရှိဒယ်..။ သာက သိလို့ရှိဒယ်။ အွန်ဖုန်းဆိုတာ သို့ ဘာသာစကားနဲ့ပေးထားသာ။ "ကျက်သရေ" လို့ အာဓိပယ်ရသယ်။ နင်လိုချင်တဲ့ဖုန်း မီဟုတ်ဘူး.."

"ဘာ..ဗျ.."

ပိုင်က ရစ်ကောင်းကောင်းနှင့် ဆက်ရစ်ပြန်သည်။

"အဲ..."

ကိုရွှေသူဌေးလည်း စိတ်ညစ်ညစ်ကြီးနဲ့ 'အဲ' သွားရပြန်သည်။

မြူမြူပြာပြာဝါကတော့ ပြုံးစိစိ။

"ဟာ..ခင်ဗျားတို့တော်တော်ဥကျုတဲ့သူတွေပဲ..ဒါ ခင်ဗျားတို့ မြို့ရွာမဟုတ်ဘူးဗျ ဒီက လူမျိုးတွေရဲ့ ဘာသာစကားကို ခင်ဗျားတို့လေးစားသင့်တယ်။ ဆိုင်နာမည်ကို ခင်ဗျားတို့ လူမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ ဘာသာစကားနဲ့ 'ဖုန်း' ဆိုတာ ပါနေမှတော့ ဖုန်းဆိုင်လို့ပဲ ထင်ကြမှာပေါ့..ဆိုင်နာမည်ပြောင်းဗျာ။ မပြောင်း နိုင်ရင် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေမှုနဲ့ ခင်ဗျားကို တရားစွဲပြီး ပြဿနာရှာရလိမ့်မယ်.."

"အဲ..အာ..ဒုခ ဒုခ..."

ပိုင်က သူ စိတ်ကျေနပ်သည်အထိ ရစ်ပြီးလေတော့မှ ဆိုင်ထဲက ထွက်သွားသည်။ ကိုရွှေသူဌေးဆိုတာတော့ ရှက်လည်းရှက် ဒေါသတွေလည်းထွက်ပြီး တိုင်ပတ်ပြီး ကျန်နေခဲ့တော့တာပေါ့။

သူ ဆိုင်ထဲက ထွက်မသွားခင်လေး ဖြူဖြူပြာပြာဝါ့ကို တစ်ချက်လှမ်းကြည့်သွားလိုက်သေးသည်။ ဒါရိုက်တာရိုက်ကြီး (3 days creation)ပင် "ဘာလဲဟ!"ဖြစ်သွားသည်။

သူမစိတ်ထဲမှာလည်း ပိုင့်ရဲ့ စိတ်ကူးစိတ်သန်းကိုရောကတ်သီးကတ်ဖဲ့ဆန်မှုတွေအတွက်ပါ သူမကိုယ်တိုင် စစ်ဆေးသည့် အတန်းတင်စာမေးပွဲကို သူဝင်မဖြေဆိုရသေးခင်ပင် အမှတ်ပြည့်လေးပေးလိုက်သည်။

ထုံးစံအတိုင်း သူထွက်သွားတော့ ရွှေဆိုင်တစ်ဆိုင်လုံး သူ့အကြောင်းတွေပြောပြီး ကျန်ရစ်ခဲ့ကြသည်။

"ဘာလဲတော့ မသိဘူး..ပုံစံက ကျွတ်ဆတ်ဆတ်နဲ့ စကားပြောတာလည်း အချိုးကိုမပြေဘူး.."

"ကြည့်လည်းပြောဦးနော် VIP ထဲကလား မသိဘူး၊ လက်မှာ စက်,ပတ်ထားတာ မတွေ့ဘူးဟ "လူကြီးသားလည်း



ဖြစ်နိုင်တယ်"

"အေးဟဲ့.."

"ဟဲ့..နင်တို့ မသိလို့ ဟိုး..တလောက လှူဆော်စာတွေလိုက်ဝေတယ်ဆိုပြီး နာမည်ကြီးနေတဲ့ တစ်ယောက်လေ နာမည်က 'ပိုင်' ဆိုလား။ သချင်္ချာအရမ်းတော်တယ်လို့ ကြားတယ်။

"အာ..ငါသိပြီ ငါသိပြီ ပေါက်တတ်ကရလျှောက်လုပ်လို့ ထောင်ပဲကျတော့မှာလိုလို ဘာလိုလိုဖြစ်သွားပြီး သချင်္ချာ အကြံပေး အခန့်ခံလိုက်ရတဲ့ တစ်ယောက်"

"အခု သချင်္ချာဝန်ကြီးဖြစ်သွားပြီတဲ့.."

"အွန်..ရာထူးတက်တာလဲ မြန်လိုက်တာ.."

"သူက အဓိပတိကြီးရဲ့ ရေငုပ်သင်္ဘောတည်ဆောက်ရေး ပရောဂျက်မှာ တွက်ချက်မှုစနစ်ကို တာဝန်ယူရတဲ့ အဆင့်မြင့်အရာရှိတဲ့ဟဲ့...။ သူ့အလုပ်က သိပ်အုံးစားတယ်ဆိုပဲ.."

"အေးဟယ်..တို့သူ့ကို ဘယ်လိုနားလည်ရမလဲဟင်.. မဟာမိတ်လား..အကြမ်းဖက်သမား..လား"

"ဘာလိုလိုတော့ ဘာလိုလိုကြီးပဲ.."

www.burmeseclassic.com

www.burmeseclassic.com

ချစ်ရတဲ့ ကောင်မလေးရေ…

ရှုထောင့်အမျိုးမျိုးကနေ ဖတ်လို့ရအောင် ရည်းစားစာကို သုံးမျိုးခွဲပြီး ရေးပေးလိုက်ပါတယ်။ တို့က ဆရာကြီးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အချစ်နဲ့တွေ့ရင် လူတွေ ကဗျာဆရာ ဖြစ်သွားတယ်ဆိုတဲ့ စကားကလည်း ရှိသေးဖြန်တယ် မဟုတ်လား… ကိုယ်လည်းအခု ဆရာဖြစ်နေပြီ..အဟီး

၁။ အိုင်တီသမားဆန်ဆန် ပြောရရင်တော့..

ရင်ဘတ်ချင်းပလတ်ပေါက်ထိုးနေမှ မဟုတ်ပါဘူး…Wi Fi သုံးပြီးလည်း အဝေးထဲကနေ ရည်းစားစကားကို ရောက်ရာ အရပ်က Pre talk ပြောနေမိတယ်။ သိပ်သိပ်ချစ်ရတယ်။ ပြာပြာဝါဝါဖြူရေ…။

၂။ ပွဲစားစကားဆန်ဆန်ပြောရရင်တော့…

ကြိမ်မြိုင်နဲ့ အပျောက်ရိုက်ချင်တာ။ သုံးမှာက ၁၅၀၀ ပတ် ချာလည်ပဲ။ ဝှင်နည်းနည်းကြီးတယ်။ ခင်များကို ကျွန်တော် ချစ်တယ် ဖြူဖြူဝါဝါပြာ..။

၃။ နိုင်ငံရေးသမားဆန်ဆန် ပြောရရင်တော့…

ရင်ဘတ်ကလာတဲ့ သတင်းတွေကို ကိုးကားပြီး တင်ဆက်ရမယ် ဆိုရင်တော့ ဝဲဘက်ရင်အုံတစ်ဝိုက်မှာ အုံကြွမှုကြီးတစ်ရပ် မနေ့နေ့လယ်က ဖြစ်ပွားခဲ့ပါတယ်။ ယနေ့အထိ သေဆုံး၊ ဒဏ်ရာရ စာရင်း အတိအကျမသိရသေးပေမယ့် အတော့်ကို ဟော့(တ်)ထိနေပြီလို့ အချို့သတင်းတွေရဲ့ ခေါင်းကြီးပိုင်းတွေမှာ ဖော်ပြကြပါတယ်။ အဲဒီအုံကြွမှုကြီးဟာ ဒီနေ့အထိ ဆက်လက် တည်ရှိနေပြီး ဘဝတစ်ခုလုံးစာပါ ရိုက်ခတ် ပျံ့နှံ့လျက်ရှိကြောင်း အရှင်ခံတချို့က ပြောပါတယ်။ ကျွန်တော် ပြာပြာဖြူဖြူဝါကို ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မနေ့ညက အစမ်းကြိုပြီး ရေးထားတဲ့ ရည်းစားစာကို ဖတ်ကြည့်ပြီး ပိုင် သူ့နာခေါင်းထိပ်ကို ပွတ်လိုက်သည်။

“ငါ တော်တော်ပေါတာပဲ” လို့ ကိုယ့်ကိုယ်ကို ချီးကျူး ထောပနာပြုရင်း မြို့ထဲထွက်လာခဲ့မိသည်။

သူ့မကလည်း အတွေးထဲကနေ တကောက်ကောက် လိုက်လာသည်။

ဩော်··ဖြူဖြူပြာပြာဝါ··ဝါဝါဖြူဖြူပြာ··။

ဟင်း··ငါလည်း ဒီမိန်းကလေးကို စိတ်သာဝင်စား နေတာ အခုထက်ထိကို သူ့နာမည်ကို အမြီးအမြောက်တည့် အောင် မရွတ်နိုင်သေး···

ဖြူဖြူပြာပြာဝါ··လား၊ ပြာပြာဖြူဖြူဝါလား··။ ဝါဝါ ဖြူဖြူပြာလား··။ အာ··ဘာမှန်းကို မသိ။

ရှေ့ရောက်လို့ ကပေါက်တိကပေါက်ချာ ရွတ်မိလျှင် စိတ်က ဆိုးဦးမယ်။ ကြည့်ရတာ သူ့အဖေဟာ စာရေးဆရာများ လား။ ဒါမှမဟုတ် လက်ဖက်ရည်ဆိုင်မှာ ပေါင်ကားထိုင်ပြီး



အလင်္ကာသစ်တွေကို ရေနွေးပူပူမှုတ်သလို မှုတ်ချနေတတ်တဲ့ မော်ဒန်ကဗျာဆရာကြီးလား··။ အင်း··တစ်ခုခုတော့ တစ်ခုခု ပဲ··ဒါကြောင့်လည်း သူ့သမီးကို ဘာမှန်းမသိတဲ့ နာမည်ကြီး ပေးထားတာဖြစ်မည်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကတော့ ချစ်နေရသည်။

“အွန်ဖုန်း”ရွှေဆိုင်ကို ရစ်အပြီး ပြန်ထွက်လာတော့ မြို့ထဲမှာ သူ့မကြော်ငြာပိုစတာတွေ တွေ့ခဲ့ရသဖြင့် စကားလုံး ရေတွက်စက် တပ်မထားသည့် နီးစပ်ရာ အရူးနှင့်ဗေဒင်ဆရာ တစ်ယောက်နှစ်ယောက်လောက်ကို စုံစမ်းရင်းကနေ သူ့မအ ကြောင်း သိလာခဲ့ရသည်။

ကိုယ်ချဉ်းကပ်လို့ လွယ်ပါ့မလား··သူ့မက စူပါမော် ဒယ်ဂဲလ်··။ ဒိတ်ဒိတ်ကျဲ Celebrity ။ နာမည်က ပြာပြာ ဖြူဖြူဝါ··အဲလေ··ဝါဝါဖြူဖြူပြာ··မဟုတ်သေးပါဘူး··ဖြူဖြူ ပြာပြာဝါ··။ ထားပါတော့··။ အဲဒီသုံးရောင်ခြယ်ကောင်မလေး။

ဆိုလိုရင်းကတော့ အဲဒီကောင်မလေးကို ချစ်သည်။

တွေ့လျှင် အချိန်အခါကောင်းကို စောင့်ပြီး ရည်စား စကား ပြောလိုက်ချင်သည်။ ဖုန်းနှင့် ဟိုကြို ဒီကြို ကြိုထား ချင်သည်။

သူ့မလေးကလည်း အနုပညာသမားမို့ စကားလုံးခွန် ကင်းလွတ်ခွင့်ရသဖြင့် ရည်စားဖြစ်လျှင် စကားတွေ ဖောဖော သီသီပြောရပေလိမ့်မည်။ ဒီလိုဆိုရင်တော့ ပျင်းစရာကောင်းလိမ့် မည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်..။ ဖုန်းကို အဓိကထားပြီး ဝယ်ရလိမ့်မယ်။

တကယ်တော့ လူမွဲစာရင်းဝင် ဒေါက်တာဝရမ်းပြေး လက်ထဲက ပိုက်ဆံနှင့် ဒီမြို့မှာ ဖုန်းလိုင်း(Sim Card)ဝယ်ဖို့ မတတ်နိုင်ပါ။

ဖုန်းကို ဆိုင်ရာဌာနသို့ လျှောက်ထားရပြီး၊ ချပေးသော အလုံးအရေအတွက်မှာလည်း နည်းလွန်းသဖြင့် ပြင်ပဈေးကွက်ဈေး က ဖုန်းတစ်လုံးကို ၂.၈သန်း ဖြစ်နေသည်။ ဒါတောင် အမြင့်ဆုံး ဈေး ၄ သန်း(သိန်းလေးဆယ်)ကနေ ကျသွားသည်ဆိုပဲ။

ဒါကြောင့် မြို့ထဲကိုသွားလိုက်လျှင် ဗိုက်ခေါက်ထူထူ၊ ထိပ်ပြောင်ပြောင်နှင့် မျက်နှာအဆီတပြန်ပြန်ဖြစ်နေသော အသက် လေးဆယ်ဝန်းကျင် ဦးလေးကြီးတွေရဲ့ ခါးကြားမှာ ဟမ်းဖုန်း ထိုးထားလျှင်၊ အချို့ အချို့သော မိန်းကလေးများ အသံတိတ် နှင့် 'အဟိ..အဟိ' မရိုးမရွဖြစ်နေသည်ကို ပိုင် မမြင်ချင်ဘဲ မြင်နေရသည်။

ဟမ်းဖုန်းကိုင်နိုင်တာ လူတန်းစားတရပ်တဲ့လား.. ဟမ်းဖုန်းကိုင်နိုင်မှ မိန်းကလေးတွေ လူရာသွင်းကျတော့မှာတဲ့ လား...ဟမ်းဖုန်းကိုင်နိုင်တဲ့ (အဲဒီလို အိမ်မှာမယားကြီးငုတ် တုပ်ရှိတဲ့)လူ့ဘူစွာကြီးတွေကမှ လမ်းပေါ်မှာ ဇာတ်လိုက်မင်းသား တွေလား..။

ဟင်း...။

ဒယ်ဒီ...။ ဒယ်ဒီ..(ဒယ်ဒီဆိုသည်မှာ ပိုင်က အဓိပတိ ကြီးကို ခင်မင်ရင်းနှီးဟန်ဖြင့် ခေါ်ဆိုသော အသုံးအနှုန်းပါ)



ပြုပြင်ပြောင်းလဲရေးတွေတော့ ဒီမြို့ကြီးကို လုပ်ပေး ဖို့ အချိန်တန်ပြီ။

ရေငုပ်သဘောၤစီမံကိန်းရဲ့ အရေးအကြီးဆုံး တွက်ချက် မှုတွေကို တဆင့်ချင်းအောင်အောင်မြင်မြင် ပြုလုပ်ပေးနိုင်သဖြင့် ပိုင့်ကို အဓိပတိကြီးက ချစ်ပါသည်။ Sim Card ကိုလည်း အစိုးရဈေးနှင့် သက်သက်သာသာချပေးထားသည်။

ဟိုတစ်ရက်က ဟမ်းဆက်ဝယ်မည်ဆိုပြီး အမြင်မတော် သည့် ဆိုင်နာမည်ကြောင့် ရွှေဆိုင်ထဲ ဝင်ရစ်ခဲ့သည်။

ဟော..အခုတော့ တွေ့ပြီ..။

ဟိုမှာ..ဖုန်းရောင်းတဲ့ Mobile ဆိုင်..။

ဆိုင်ထဲဝင်ခါနီးမှ ပိုင် ဆိုင်နာမည်ကိုခေါင်းမော့ပြီး ဖတ်ကြည့်လိုက်သည်။

ချိန်ဟော့ရွှေ...Mobile Shop...။

ဟင်း...ဟင်း...။

တွေ့ကြသေးတာပေါ့..။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ထုံးစံအတိုင်း ပိုင်က Mobile ဆိုင်ဖြစ်ပြီး ဆိုင်ထဲမှာ 'ရွှေ' ပါနေသဖြင့်၊ အများပြည်သူထင်ယောင်ထင်မှား ဖြစ်စေနိုင်စေကြောင်း ဖုန်းဆိုင်ထဲသွားပြီး ရစ်သည်။

ကြာတော့ ဆိုင်ရှင်က ဝင်ပြီးဖြေရှင်းပေးရသည်။ 'ချိန်ဟော့ရွှေ' ဆိုသည်မှာ ရွှေဆိုင်မဟုတ်ကြောင်း၊ အဓိပ္ပာယ်မှာ သူတို့လူမျိုး၊ သူတို့ဘာသာစကားအရ Mr. Phone (ဦးတယ်လီဖုန်း)ဖြစ်ကြောင်း အမြုပ်ထွက်မတတ်ရှင်းပြရသည်။

ပိုင်ကလည်း ထုံးစံအတိုင်း ဆိုင်နာမည်ပြောင်းရမည်ဖြစ်ကြောင်း မပြောင်းပါက ဘာပုဒ်မ ညာပုဒ်မတွေတပ်ပြီး အရေးယူရမည်ဖြစ်ကြောင်း ရစ်နေစဉ်....

ဆိုင်ထဲသို့ သုံးရောင်ခြယ်ကောင်မလေး ဝင်ရောက်လာသည်။ နာမည်ကြီးမော်ဒယ်ဂဲလ်မို့ တစ်ဆိုင်လုံးငြိမ်သက်သွားကြစဉ်...

"ကျွန်မဖုန်းလေးတစ်ချက်ကြည့်ပေးပါ . Sim Card error



ဖြစ်နေတယ်.."

ပိုင်နှင့် မျက်လုံးချင်းဆုံဆည်းမိကြပြန်သည်။ သုံးရောင်ခြယ်မိန်းကလေးက နှုတ်ခမ်းလေးဖိကိုက်ပြီး မျက်နှာတစ်ဖက်လွှဲသွားသည်။ ပိုင့်ရင်ထဲမှာလည်း ဘာလိုလိုကြီး ဖြစ်သွားရသည်။

"ဘယ်လိုဖြစ်တာတုံးဗျ"

Sim Card ကို စစ်ဆေးပေးနေသည့် ကျွမ်းကျင်ပုဂ္ဂိုလ်ခမျာ သူမဖုန်းကိုကြည့်ပြီး အတော်ကလေးကို အုံးစားသွားသည်။

"ခင်ဗျား ဘာတွေမှားနှိပ်မိလဲ..။ ဒီလို error မျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး.."

"ကျွန်မ..setting ထဲက Commond တွေကို လုံးဝမပြင်ဘူး..တခြား function တွေတော့ နှိပ်မိတာ ရှိတယ်"

"ဟုတ်တယ်ဗျ..setting ထဲက commond တွေကို အဟက် (hack)ခံထားရတယ်။ ခင်ဗျားပြန်စဉ်းစားပါဦး.."

သုံးရောင်ခြယ်မလေးလည်း 'ရှင်' ကနဲ ဖြစ်သွားပြီး..

"ဟာ..ဒါဆို..ဟိုလူ..လက်ချက်ပဲဖြစ်မယ်.."

"ဘယ်လူ့လက်ချက်လဲ..ကျွန်တော်လည်း ဒီလို error မျိုး မစဉ်းစားတတ်အောင်ပဲ"

"hacker တစ်ယောက်က ကျွန်မကို online ပေါ်ကနေ ချဉ်းကပ်ဖူးတယ်။ သူ့ကို ပြန်မချစ်ရင် ကျွန်မဖုန်းကို network သုံးပြီး လှမ်းဘမ်း(band)မယ်လို့ ခြိမ်းခြောက်ပါတယ်။ သူက ကျွန်မဖုန်းနံပါတ်ကို သိတယ်လေ။ ကျွန်မကလည်း ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမျိုးမဖြစ်နိုင်ဘူးထင်ပြီး လျစ်လျူရှုလိုက်မိတယ်၊ နောက်‥ သိပ်မကြာဘူး‥ ကျွန်မ ဖုန်းလုံးဝဆက်လို့ မရတော့ဘူး"

"ဟုတ်တယ်‥သူက အဆင့်မြင့်အိုင်တီနည်းပညာသုံးပြီး ခင်ဗျား sim card ကို network ကနေတစ်ဆင့် ဖျက်ဆီးပစ်လိုက်တာဗျ‥ကျွန်တော့တစ်သက်မှာ ဒီလိုကိစ္စမျိုး တခါမှ မကြုံဖူးဘူး‥"

"ဒုက္ခပါပဲရှင်‥"

သုံးရောင်ခြယ်မလေး ငိုမဲ့မဲ့ဖြစ်သွားသည်။

အင်း‥ဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာပဲလေ‥sim card တစ်ကဒ် ပျက်စီးပျောက်ဆုံးပါက ဆိုင်ရာဌာနကိုငွေတစ်သိန်းပေးသွင်းပြီး ပြန်လျှောက်ရတာမဟုတ်လား‥။ ငွေတစ်သိန်းဆိုတာ နည်းနည်းနောနောမှ မဟုတ်ဘဲ‥။

"ကဲပါ‥ကျွန်တော့်ကို တစ်ချက်ပြစမ်းပါဦး"

ဒေါက်တာဝရမ်းပြေးက ထိုပုဂ္ဂိုလ်ထံမှ ဖုန်းကို တစ်ချက်ယူကြည့်လိုက်သည်။

"ပြင်တတ်ရင်လည်း ကျွန်မကို ပြင်ပေးပါဦးနော်‥။ Sim card က ပျက်စီးတာပဲဖြစ်ဖြစ် အခိုးခံရတာပဲဖြစ်ဖြစ် ဌာနကို ပြန်လျှောက်ရင် ငွေတစ်သိန်းဒဏ်ဆောင်ရတာလေ‥"

"ကျွန်တော် သိပါတယ်‥"

"ကျွန်မက ငွေတစ်သိန်းတတ်နိုင်လို့ ပြန်လျှောက်တယ်ပဲထား‥ဟို တစ်ယောက်က သူ့ကိုပြန်မကြိုက်မချင်း ခဏခဏ hack နေရင် ကျွန်မဘယ်လိုလုပ်ရမလဲဟင်‥"



ပိုင်က ဖုန်းရဲ့ အရေးကြီးတဲ့ page များသို့ ဝင်ရောက်ကာ ဂဏန်းများကို ရိုက်ထည့်ပြီး ဆည်ယူနေရင်း‥

"ခင်ဗျား သူ့ကို ပြန်ချစ်လိုက်ပေါ့‥"

"အိုး‥မချစ်နိုင်ပါဘူး‥"

ပိုင်က သူမကို မကြည့်ဘဲ ဖုန်းကို သဲကြီးမဲကြီးကြည့်ရင်း အမှားများကို တလွှာချင်းတလွှာချင်း ပြင်ပေးကာ‥

"ဒါဆို…ခင်ဗျားက ဘယ်လိုလူမျိုးကိုမှ ချစ်မှာလဲ"

"အို‥မပြောပါဘူး‥"

ပိုင့်ရင်ထဲမှာ ရပ်တည်ကြီးနဲ့ ကြည်နူးနေမိသည်။

ဆိုင်ပိုင်ရှင်ရော ဝန်ထမ်းတွေကပါ ငါတို့ကျတော့ရစ်ပြီး အဲဒီဟာမလေးနဲ့တွေ့မှ ကူညီပါရစေ လုပ်နေတဲ့ဟာကြီးရယ်လို့ ဝိုင်းပြီး သူ့ကို သောက်ညင်တွေ ကပ်နေကြသည်။

တကယ်တော့ ပိုင် သူမဖုန်းရဲ့ sim card error ကို ဖြေရှင်းပြီးသွားပါပြီ။ contact ရဲ့ My card မှာ သူမရဲ့ကိုယ်ရေးရာဇဝင်တွေများ ဖြည့်ထားလေမလားဆိုပြီး ရှာကြည့်နေခြင်းပါ။

ဟော‥တွေ့ပြီ။ ငတုံးမလေးက mobile ph; နေရာမှာ သူမရဲ့ ဖုန်းနံပါတ်ကို ဖြည့်ထားသည်။ မသိလျှင် သူရည်းစားစကားပြောဖို့ သူမက လျှောက်လွှာပြည့်ပြည့်စုံစုံတင်ထားသလိုဖြစ်နေသဖြင့် သူနည်းနည်းရယ်ချင်သွားပြီး၊ အချက်အလက်အချို့ကို စိတ်ထဲကနေ အမြန်ကျက်လိုက်ပြီးကာမှ…

"ရော့…တစ်သိန်းပေးပြီး ပြန်လျှောက်စရာ မလိုပါဘူး။ ခင်ဗျား ဖုန်းလိုင်းပြန်ပွင့်သွားပြီ…"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..ရှင်ဘယ်လိုလုပ်လိုက်တာလဲ.."

သူမက ဖုန်းကို ဝမ်းသာအားရ လှမ်းယူရင်း ပိုင့်ကို အထင်ကြီးစွာ မေးမြန်းပါတော့သည်။

"ဟို တစ်ယောက် hack ထားတာကို ပြန်ဆယ်ရတာ ပေါ့ကွ.."

"ကျေးဇူးတင်လိုက်တာ.."

"နောက်တခါ ထပ် အ hack မခံရအောင် ကိုယ် Lock ချပေးထားတယ်.."

"အို.."

ဖြူဖြူပြာပြာဝါအတော့်ကို အထင်ကြီးလေးစားသွားရလေပြီ။

နောက်တော့ တစ်ခုခုလိုက်ကျွေးချင်ကြောင်း ပြောဆိုလာတာမို့ သူလည်း ဗျူဟာတစ်ခုအနေနှင့် ငြင်းဆန်လိုက်ပြီး..

"ကိုယ် အခု မအားသေးဘူးကွ၊ သွားစရာ တစ်ခုရှိသေးတယ်။ တစ်ချိန်ချိန်ပြန်ဆုံလိမ့်ဦးမယ်လို့ မျှော်လင့်ပါတယ်။ ဘိုင်..."

ဘယ်လိုလူကြီးမှန်း မသိ။

ဖြူဖြူပြာပြာဝါ့ ရင်ထဲ ခိုးလိုးခုလုကြီး ဖြစ်သွားရ သည်။

## အခန်း (၁၁)

အဲဒီလူက ဘယ်လိုမှန်းကိုမသိ။

ပေးတဲ့ အခွင့်အရေးကျတော့ မယူ။

သူမ မထင်မှတ်ထားတဲ့ အချိန်ရောက်တော့မှ ရည်းစားစာ ပေးလာသည်။ လူကိုယ်တိုင်တော့ မဟုတ်။ ဖုန်းထဲက message ကနေ တဆင့်ပေါ့။

သူ ဘာလေးပဲလုပ်လုပ် သူမရင်ထဲမှာလည်း အထူးအဆန်းနှင့် ရင်ခုန်ရှိန်းမြနေရတော့သည်။ အကင်းပါးပြီး အတော့်ကို လျင်မြန်ပုံလည်း ရသည်။

ကြည့်..အခုတောင် သူမဖုန်းနံပါတ်ကို သူဘယ်လို ယူလိုက်မှန်း မသိ။ သူ ပို့လာတဲ့ message ရည်းစားစာကလည်း သုံးမျိုးသုံးစားရေးထားတာမို့ ရင်ခုန်တဝက်နှင့် ရယ်ရသေး သည်။

သူမနာမည်က အရောင်သုံးရောင်စပ်ထားတာမို့ အရောင်တစ်ရောင်စီအတွက် ရည်းစားစာတစ်စောင်ပေးရသည်ဖြစ်ကြောင်း ပေါက်ပေါက်ရှာရှာ ပြောသေးသည်။

နောက်တော့ သူမတို့ ဖုန်းတွေ ပြောဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်အချို့မှာ ချိန်းတွေ့ဖြစ်ကြသည်။ သူ့ဟန်ပန် အမူအရာကလည်း စားမေးပွဲဝင်မဖြေခင်ကတည်းက ဂုဏ်ထူး ထွက်နေတာ သိနေတဲ့လူတော်တစ်ယောက်လို ချစ်ဖို့လည်းကောင်း သလို အမြင်ကပ်ဖို့လည်း ကောင်းပါသည်။

ကမ္ဘာကျော် Angry Maths game ကို ဖန်တီးခဲ့သူ တစ်ယောက်ဖြစ်ကြောင်း သိရှိပြီးချိန်မှာတော့ သူမ သူ့ကိုအပြတ် ကို ဖျားသွားရတော့သည်။

"နေပါဦး..အဲဒီဂိမ်းနဲ့ ပတ်သက်ပြီး ကျွန်မကြားထား တဲ့ နောက်ဆက်တွဲသတင်းက ရှင့်ကို ဥရောပတက္ကသိုလ်တစ်ခု က သင်္ချာဆိုင်ရာ ဒေါက်တာဘွဲ့ချီးမြှင့်ခဲ့တယ်ဆို"

"ဟုတ်တယ်..ကိုယ်ဒေါက်တာဘွဲ့ရခဲ့တယ်.."

"ဒါဖြင့် ရှင်က ဒီမြို့ကို ဘယ်လိုဖြစ်လို့ ရောက်လာ တာလဲ ပိုင်ရဲ့"

"ကိုယ့်တိုင်းပြည်က ကိုယ့်ကို ဖမ်းဝရမ်းထုတ်လိုက် လို့ပေါ့ ဝါဝါဖြူဖြူပြာရယ်.."

"ကြည့် ရှင် ကျွန်မနာမည်ကို မှားခေါ်ပြန်ပြီ.."

"အာ..ဆောရီး..ဆောရီး..ပြာပြာဖြူဖြူဝါ.."

"မဟုတ်ဘူးရှင့်..မှားနေပြီ..."

"အဲ..ပြာဖြူပြာဖြူဝါ.."

"ဟာ..ကျွတ်.."

သူ့ကို သူမ ခဏခဏ စိတ်ဆိုးနေရတာ အဲလို ခဏခဏ နာမည်မှားခေါ်နေလို့ပါ။ သူ အဲဒီလို နာမည်မှားမှား ခေါ်နေတာနဲ့ပဲ



စကားကောင်းကောင်းကို မပြောကြရဘူး။

စကားကို ဘယ်နေရာမှာ ရပ်ခဲ့မိမှန်းမသိဘဲ ဒီအရောင် သုံးရောင်ကြားမှာ တိုင်တွေ ပတ်နေကြတော့သည်။

"ဘာလို့ ကျွန်မနာမည်ကို မှတ်မထားနိုင်ရတာလဲ။ ချစ်ခွင့်တောင်းထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နာမည် လောက်ကိုတော့ သူမှတ်ထားနိုင်သင့်တာပေါ့။"

ပိုင်မှာ ထူးခြားဆန်းကြယ်တဲ့ ဉာဏ်ရည်တွေတော့ ရှိပါ တယ်။ ခန့်မှန်းချင့်ချိန်နိုင်တဲ့ နေရာမှာ တော်တော့်ကို တော် တယ်။ ဆိုပါစို့ သူမဖေဖေဟာ မော်ဒန်ကဗျာဆရာတစ်ယောက် ဖြစ်နေမှန်း သူ့အတပ်သိနေတာမျိုး..။

"မင်း..ဖေဖေက မော်ဒန်ကဗျာဆရာ ဒါမှမဟုတ်လည်း စာရေးဆရာ တစ်ယောက်ဖြစ်ရမယ် အဲဒါဟုတ်လား"

"အို..ဟုတ်တယ်၊ ဖေဖေက မော်ဒန်ကဗျာဆရာ.. ရှင်ဘယ်လိုလုပ်သိလဲဟင်"

"ထားပါ..အဲဒီကိစ္စက အရေးမကြီးပါဘူး ကိုယ်နဲ့ မင်းနဲ့ကြားက အရောင်သုံးရောင် ရှေ့ဆင့်နောက်ဆင့်ကိစ္စ ပြဿနာလေး ပြေလည်အောင် ဖြေရှင်းရအောင်.."

သူ့စကားကြောင့် ကျွန်မရဲ့ ခပ်ဆန်းဆန်းနာမည်နဲ့ ပတ်သက်ပြီး နည်းနည်း ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး..

"ရှင်လည်း ဒီနာမည်ပဲ ခလုတ်တိုက်နေတော့တာပဲ.."

"ခလုတ်မတိုက်ပါဘူးဗျာ..အခု အဲဒီနေရာမှာ ဂုံးကျော် တံတားတစီးဆောက်မလားလို့ တိုင်ပင်မလို့ပါ.."

www.burmeseclassic.com

www.burmeseclassic.com



"အမ်..ဘယ်လိုဂုံးကျော်တဲ့တားလဲ.."

"ဩော်..ပြာပြာဖြူဖြူဝါ..အဲလေ..ဖြူဖြူပြာပြာဝါ.. အဲဒီသုံးရောင်ကို color conbination လုပ်လိုက်ရင် အစိမ်းရောင်ထွက်မယ်လို့တော့ ထင်တယ်ကွ..ကိုယ်လည်း ပန်းချီဆရာမဟုတ်တော့ သူတို့လောက် မသိဘူး။ ထားပါ..ကိုယ်စိတ်ကူးနဲ့ အဲဒီကာလာသုံးမျိုးကို ပေါင်းကြည့်လိုက်တယ်..သေချာတယ်..အစိမ်းပဲ.."

"အင်း..အဲဒီတော့..ဘာဖြစ်လဲ.."

"ကိုယ် မင်းကို စိမ်းလို့ခေါ်မယ်..အဲဒီနာမည်လေးကိုယ့်ကို တစ်ဦးတည်းမူပိုင်ပေး"

ဘယ်လောက်တောင်လှတဲ့ အကွက်ကလေးတစ်ခုလဲနော်..

ကျွန်မ အဖေသာ ကြားရင် 'ဒါမော်ဒန်ပဲကွ'လို့ ပြောချင်ပြောနေမှာ။

သူ ကျွန်မကို စိမ်းလို့ စခေါ်တဲ့နေ့မှာပဲ သူနဲ့ကျွန်မချစ်သူတွေ ဖြစ်ခဲ့ကြတယ်။

## အခန်း (၁၂)

သူမနဲ့ချစ်သူဖြစ်ရတာ ရင်ခုန်ကြည်နူးစရာလည်းကောင်းသလို ဉာဏ်ရည်တူတဲ့လူနှစ်ယောက် မိတ်ဆွေဖွဲ့ရသလို တကယ် ပျော်စရာလည်း ကောင်းပါသည်။

တခြားချစ်သူတွေလို ပန်းခြံထဲချိန်း၊ ထီးတစ်ချောင်းနဲ့ကွယ်စရာမလိုလောက်အောင် သူနဲ့သူမနဲ့ကြားမှာ လူအများနားထောင်လို့ရတဲ့၊ ခေါင်းစဉ်တပ်ပြီး ဆွေးနွေးလို့ရတဲ့ မေးခွန်းဆန်ဆန်၊ အဖြေဆန်ဆန် စကားတွေပဲ အများဆုံး ပြောဖြစ်ကြသည်။

အနုနဲ့အမာတွေ့ဆုံရသလိုပေါ့..။ ကိုယ်မသိတဲ့ အနုပညာနဲ့ သူမသိတဲ့ သင်္ချာကိစ္စတွေ၊ လူမှုအကျပ်အတည်းတွေ၊ ဒီမြို့က လူတွေ သိပ်ပြီး အာရုံမစူးစိုက်ကြတဲ့ အဖြေမထွက် သေးတဲ့ တို့လို့တန်းလန်း(အဲဒါကို နိုင်ငံရေးလို့လည်း ခေါ်ချင်ခေါ်လို့ရမှာပေါ့) ကိစ္စတွေ ပြောဖြစ်ကြသည်။

သူမက သူနဲ့ ဆုံတွေ့တိုင်း သူ့ Angry maths ဂိမ်းအကြောင်း စိတ်က ရောက်ရောက်သွားတတ်သည် ထင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"Angry maths ဆိုတော့ စိတ်ဆိုးနေတဲ့ သင်္ချာပေါ့.. ဂဏန်းသင်္ချာတွေမှာရော..စိတ်ဆိုးတဲ့ အချိန်တွေရှိကြသလား.. ကို.."

"ကိုယ့်အထင် ပြောရရင်တော့ သူတို့တွေမှာလည်း စိတ်ဆိုးကြတဲ့ အချိန်တွေ ရှိကြပါလိမ့်မယ်"

"ကို နဲ့စကားပြောရတာ အထူးအဆန်းတွေချည်းပဲ ..ဘာကြောင့် ကိုက အဲဒီလို ပြောနိုင်ရတာလဲ.."

"ကိန်းဂဏန်းတွေကို ဘယ်တုန်းကမှ သက်မဲ့တွေလို့ ကိုယ်မယူဆခဲ့လို့ပဲ စိမ်း..။ သူတို့ကို သက်ရှိတွေလို့ပဲ ကိုယ်က မြင်မိတယ်။ Roll ပေး ဆက်ဆံတယ်"

"အို..ဟုတ်လား.."

"အင်း..သင်္ချာမှာက အကြမ်းဖျင်း နှစ်မျိုးရှိတယ် စိမ်းရဲ့ ..။ 'လောဂျစ်စတစ်ကား'နဲ့ 'အရက်သမက်တစ်ကား' ဆိုပါတော့။ လောဂျစ်စတစ်ကားကတော့ လူမှုဘဝသင်္ချာဆိုပါတော့..။ ခေါင်းရွက်ဖျက်ထိုးသယ်တစ်ယောက်၊ ဆိုက္ကားဆရာတစ်ယောက် ချဲပေါက်ချင်လို့၊ နှစ်လုံးထီထိုးချင်လို့ ပေါင်း၊ နှုတ်၊ မြှောက်စားနဲ့ သင်္ချာကို ချုနင်းသွားသလိုပေါ့..။ သူ့စိတ်ထဲမှာ ဂဏန်းတွေရဲ့ အပြုအမူတွေ သဘောသဘာဝတွေကို မသိဘူးလေ.."

"အင်း..စိမ်းလည်း..မသိဘူ..အဟီး.."

"ထားပါတော့.."

သူက သူမခေါင်းလေးကို ပွတ်သပ်ပြီး သူ့ပခုံးမှာ မှီ



စေရင်း..

"အရက်သမက်တစ်ကား.. ကိုတော့ သူများတွေက ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုကြသလဲတော့ မသိဘူး။ ကိုယ်ကတော့ သူတော်စင်သင်္ချာလို့ပဲ မြင်တယ်။ ပိုက်သဂိုရကြီး အဓိက လေ့လာသွားတာလဲ အဲဒီသင်္ချာပါပဲ..ကိန်းတွေရဲ့ ဥပမိရုပ်တွေ၊ အပြုအမူတွေကို လေ့လာတာပေါ့"

"ကိန်းတွေမှာ ဥပမိရုပ်ဆိုတာ ရှိလား.."

"ရှိတယ်..လိင်သဘောသဘာဝတွေကအစ မတူဘူးလေ..။ စုံကိန်းတွေဟာ အမ(ဣတ္ထိလိင်)ဖြစ်ပြီး မကိန်းတွေကတော့ အဖို(ပုလ္လိင်)တွေပေါ့။ ပိုက်သာဂိုရခေတ်တုန်းက ဣတ္ထိလိင်ဖြစ်တဲ့ စုံကိန်းတွေကို လာဘ်တိတ်ကိန်းဆိုပြီး နှိမ်ထားခဲ့တယ်ဆိုတဲ့ သမိုင်းအထောက်အထားတွေ ရှိခဲ့ဖူးတယ်.."

"ဩော်.."

"တချို့ကိန်းဂဏန်းတွေကျတော့ တခြေသရဲတွေ အိမ်ထဲမဝင်နိုင်အောင် တားဆီးပေးနိုင်တဲ့ ဂမ္ဘီရဓာတ်ရှိတယ်လို့ ယူဆကြပြန်ရော။ စိမ်းလည်းသိပါတယ်။ လူတွေမှာ ချစ်သူတွေဖြစ်ပြီး လက်ထပ်ကြသလိုပဲ ကိန်းတွေလည်း အဖို၊ အမလက်ထပ်ကြတာပဲ..ဆိုပါစို့..။ သုံးနဲ့လေးဟာ တစ်ကိန်းနှင့်တစ်ကိန်း သိပ်အမြင်မကြည်လင်ဘဲ ပေါင်းလိုက်ကြတာ ခုနစ်ဆိုတဲ့ သုဒ္ဓကိန်းဝဝကစ်ကစ်ကြီးတစ်လုံး မွေးပေးနိုင်တယ်လေ..."

"သူတို့က ဘာလို့အမြင်မကြည်ကြတာလဲ.."

"ဘယ်တုန်းကမှ မျက်နှာချင်းမဆိုင်ကြဘူးလေ..အမြဲ

www.burmeseclassic.com

www.burmeseclassic.com



တမ်း..ကျောပေးနေကြတာ..”

“သြော်..အဟီး..”

“လူတွေမှာ ကွာရှင်းကြသလိုပဲ..ကိန်းတွေမှာလည်း ကွာရှင်းလို့ရတာပဲ..လူတွေထက်တောင် တိကျသေးတယ်..ဒါ့ကြောင့် တချို့ကိန်းတွေဟာ တစ်ကိန်းနဲ့တစ်ကိန်း တွေ့လိုက်တာနဲ့ ရန်ဖြစ်ကြလိမ့်မယ်လို့ ကိုယ်ထင်တယ်..”

သူ့ရဲ့ အဲဒီလို ရူးကြောင်ကြောင်စကားတွေကိုလည်း သူမက အလေးအနက်ထားပြီး နားထောင်ပေးခဲ့တာပဲ..။

တစ်ရက်မှာတော့ ကော်ဖီဆိုင်ကအပြန် မြို့ထဲတစ်နေရာမှာ လူစုလူဝေးတစ်ခုကို တွေ့လိုက်ရသဖြင့် သူက...

“စိမ်း..သူတို့ ဘာလုပ်နေကြတာလဲ..”

“စတုဒီသာကျွေးနေတာရှင့်..ဒီနေ့က ကျွန်မတို့မြို့မှာ အခါကြီးရက်ကြီးနေ့လေ..ဒါ့ကြောင့် သူဌေးက ထမင်းကျွေးပြီး အလှူအတန်းလုပ်နေတာ..။ အယုတ် အလတ် အမြတ်မရွေးပေါ့..”

“ကြည်နူးစရာကောင်းလိုက်တာ..။ ကြည့်ပါဦး..။ စားနေလိုက်ကြတဲ့လူအုပ်ကြီးကလည်း နည်းနည်းနော်နော် မဟုတ်ဘူး..အဲ..ဟိုမှာ ကိုယ်တို့ကို လက်ပြပြီး လှမ်းခေါ်နေတယ်..သွားစားကြမလား..အဟီး..”

“အို..မစားချင်ပါဘူး..ရှက်ပါတယ်..”

“ဘာရှက်စရာရှိလဲကွ..မင်းရော ကိုယ်ပါ ရုပ်ဖျက်ထားကြတာပဲ..”



မှန်ပါသည်။ သူကလည်း သချ်ာဝန်ကြီး၊ သူမကလည်း ဒိတ်ဒိတ်ကျဲ အနုပညာရှင်ဖြစ်နေတာမို့ သတင်းတွေသိပ်ပွမသွားစေရန် မြို့ထဲထွက်တိုင်း ရုပ်ဖျက်ပြီးမှ သူတို့ထွက်လေ့ရှိပါ သည်။

သူမက ‘ဟင့်အင်း’ ဆိုသဖြင့် ပိုင်လည်း စတုဒီသာမဏ္ဍပ်သို့ မရောက်လိုက်ရဘဲ ဖြစ်သွားသည်။

သိပ်မကြာ..။

မြို့ထဲ တစ်နေရာအရောက် စောစောက စတုဒီသာအလှူထက် ပိုမိုများပြားသော တန်းစီလူအုပ်ကြီးကို ထပ်တွေ့လိုက်ရသဖြင့် ပိုင် အရမ်းစိတ်ဝင်စားသွားပြီး..

“ဟိုမှာလည်း စတုဒီသာကျွေးပွဲရှိတယ် ထင်ပါရဲ့..ဒီတခါ မဏ္ဍပ်နဲ့မဟုတ်ဘူးကွ...ရုံးထဲမှာကျွေးနေတာ..ကြည့်စမ်းပါဦး..တန်းစီနေတဲ့ လူအုပ်ကြီး ရုံးထဲကနေ အပြင်ဘက်အထိကို လျှံကျနေပြီ။ အားရစရာကြီး။ လာ..ကိုယ်တို့သွားရအောင်..စိမ်း..”

“အို..အဲဒါ စတုဒီသာကျွေးနေတာ..မဟုတ်ဘူးရှင့်..ဒုက္ခပါပဲ..ကို...။ ပေါက်တတ်ကရလုပ်တော့မယ်..”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အပူချိန်လေးဆယ် ဒီဂရီစင်တီဂရိတ်ရှိတဲ့ နွေနေ့လယ်ခင်းတစ်ခုပါ။

ရုံးအိုအိုကြီးရဲ့ အကျယ်အဝန်းနဲ့ တန်းစီနေကြတဲ့ လူအုပ်အင်အားက မမျှတသဖြင့် တချို့ကလည်း ကျင့်သားရနေတဲ့ မျက်နှာတွေနဲ့ အသင့်ယူဆောင်လာကြတဲ့ ယက်တောင်သေးသေးလေးတွေ တဖျတ်ဖျတ်ခတ်လို့၊ တချို့ကျတော့လည်း သူများရှူထုတ်ပြီးသားလေကို ဒေါသတကြီး ပြန်လည်ရှူသွင်းရင်း အသံတိတ် ရေရွတ်ကျိန်ဆဲလို့..။

တန်းစီနေကြသော အရာများမှာ ကိန်းဂဏန်းများ၊ အနန္တတုံးများမဟုတ်ဘဲ လူသားစစ်စစ်များဖြစ်နေကြသည်မို့၊ ဖြောင့်ဖြောင့်တန်းတန်းကြီး မရှိလှဘဲ ကွေးကွေးကောက်ကောက်ကြီး ဖြစ်နေပြန်သည်။

ဤတွင် ပြဿနာက ရှိလာသည်။

လူတစ်ယောက်က အသင့်ယူဆောင်လာတဲ့ မှတ်စုစာ



အုပ်ကလေးထုတ်ပြီး စာသားအချို့ရေးကာ လူတစ်ယောက်ကို ပြလိုက်သည်..(အဲဒီမြို့မှာ စကားလုံးရေ တစ်ရာကျော်ပြောဆိုပါက အခွန်ဆောင်ရကြောင်း ဆိုခဲ့ပြီ)

"ဟေ့လူ..ခင်ဗျားက ကောင်တာနံပါတ်ဘယ်လောက်ကို တန်းစီနေတာလဲ.."

"ကောင်တာ ၁၂ ကို တန်းစီနေတာဗျ။ ဒီလိုင်းက ဂျီအက်(စ်)အမ် မဟုတ်ဘူးလား"

"အာ..ခင်ဗျား ကောင်တာ ၁၃ တန်းထဲ ကျွံနေပြီ။ ဒါ CDMA ဖုန်းခွန်ဆောင်တဲ့ လိုင်းဗျ.."

ဒါ့ကြောင့် ထင်သား..။ ခင်ဗျားရပ်နေတာကြီးက စောင်းငမ်းစောင်းငမ်းကြီးပါလို့"

မှန်ပါသည်။

အဲဒီလူအုပ်ကြီး တန်းစီနေရသည်မှာ ဖုန်းခွန်ဆောင်ရန်အတွက် ဖြစ်လေသည်။ အရေးကြီးအကြောင်းအရာများရှိ လျှင် ဖုန်းကို Voice မပြောဘဲ message ပို့ကြသဖြင့် လကုန် ရက်တွေရောက်ပြီဆိုလျှင် ဖုန်းရုံးမှာ ထိုသို့ လူတွေပြည့်သိပ်ကျပ်နေတတ်သည်။

"ဟာ..ဒုက္ခပါပဲ.."

CDMA လိုင်းထဲ တန်းလာစီမိသည့် အဘိုးကြီးအတော့်ကို စိတ်လေသွားသည်။ သူ့ခမျာ GSM ဖုန်းဘီလ်ဆောင်မည့် လူတန်းကြီးနောက်မှ တန်းစီရင်းကနေ (မြစ်များ ရှည်လျား လာသောအခါ ကွေ့ကောက်ကျိုးပျက်ပြီး မြစ်ကျိုးအင်းများ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသလို) အဘိုးကြီးခမျာမှာလည်း CDMA လိုင်းထဲ ကွေ့ကွေ့ကောက်ကောက်ကြီးနှင့် မြစ်ကျိုးအင်းကြီးလာ ဖြစ်နေရသည်။

အဘိုးကြီးက လည်ပါသည်။ ချက်ချင်းပင် သူ့နံဘေးမှာရှိနေတဲ့ GSM လိုင်းထဲ မယောင်မလည် ဝင်ရပ်လိုက်သည်။

ဤတွင် လူအုပ်ကြီးအတွင်းမှ မကျေနပ်သူတချို့ စာရွက်များနှင့် အသံတိတ်ရန်ဖြစ်ကြတော့၏။

"ဟေ့လူ..ခင်ဗျားဟာ ခင်ဗျားရှုံးမဖွင့်ခင် မနက်ရှစ်နာရီခွဲကတည်းက ရုံးရှေ့ပေါက်က သံဘာဂျာတံခါးမှာ မတ်တပ်ကလေးရပ်စောင့်ပါတယ်ပြောပြော..CDMA က ခင်ဗျားကို လှုကျွဲဘောစောင့်ဖမ်းသွားပြီ။ အဲဒီတော့ ခင်ဗျားကို ကျုပ်တို့ G သမားတွေက ဂိုးမပေးနိုင်ဘူး..သွား..သွား..နောက်ကနေ အသစ်ပြန်တန်းစီ.."

သည်းခံမှုတရားရှေ့ထားပါသည်ဆိုသော မြို့နေလူထုကြီးလည်း ဒီနေရာမှာတော့ လက်နက်(၉)မျိုးကိုင်ဆောင်ထားသည့် အာဠဝကဘီလူးများလို ကျားစီးဝါးစီး ဖြစ်နေကြသည်။

ဤတွင် အကျပ်အတည်းပေါ်မှုတည်ပြီး တောခြောင်လူတန်းစားတရပ်က ထပ်မံပေါ်ပေါက်လာပြန်သည်။

ဆိုပါစို့...။

လူတစ်ယောက် တန်းစီနေခြင်းမှာ အမြင်အားဖြင့် တစ်ယောက်ခြင်းသာဖြစ်ပြီး၊ အမှန်တကယ်အားဖြင့် နှစ်ဆယ့်



နှစ်ယောက်၊ ဒါမှမဟုတ်လည်း သုံးဆယ့်နှစ်ယောက်၊ ဒါမှ မဟုတ် ဆယ်ခြောက်ယောက်တန်းစီနေသလို ဖြစ်နေသည်။

ရှင်းအောင်ထပ်ပြောပါသည်။

အဲဒီလူတွေကတော့ ဖုန်းပိုင်ရှင်များကိုယ်စား ဝန်ဆောင်မှုပေးပါသည်ဆိုသော ပွဲစားများဖြစ်လေသည်။

လက်ထဲမှာလည်း ဖုန်းစာအုပ်တွေက အထပ်လိုက်ငွေတွေကလည်း အထပ်လိုက်

ဟင်း..ဒီလူတွေ အချိုကြီးမိတဲ့တစ်နေ့ ငွေတွေယူပြီး လစ်ပြေးရင်တော့ ဒုက္ခပါပဲလို့ ပိုင် တွေးမိပြန်သည်။

အို..ဒီထပ်ပိုဆိုးတာက ဒီလူအုပ်ကြီးထဲမှာ ခါးပိုက်နှိုက်တွေလည်း ရှိနေနိုင်တာပဲ။ ပိုင်တွေးရင်းနှင့်ပင် အတော်ကလေး စိတ်မောလူမော ဖြစ်နေမိသည်။

"ကိုရယ်..ကျွန်မတို့ ပြန်ကြရအောင်ပါ..ဘာလို့ မဆိုင်တာတွေ ဝင်စပ်စပ်နေရတာလဲ"

"ပိုက်သဂိုးရတို့၊ ယူကလစ်တို့၊ ဂေါက်တို့လည်း ဒီလိုပဲ မဆိုင်တာတွေဝင်စပ်စုခဲ့ကြတာပဲ.."

"အပြီး..."

"ဟုတ်တယ်လေ..ဘာရယ်တာလဲ..မဆိုင်တာတွေကို စပ်စုခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကြောင့် အဖိုးမဖြတ်နိုင်တဲ့ သိပ္ပံအမွေတွေ ကိုယ်တို့ ရခဲ့ကြတာပဲ မဟုတ်လား.."

"အင်း..ဟုတ်တော့..ဟုတ်ပါတယ်..ပန်းသီးတစ်လုံး ကိုယ့်အနားကြွေကျလာတာမြင်ရင် ကျွန်မတော့ ပျော်ပြီး [illegible]ားမိ

www.burmeseclassic.com

www.burmeseclassic.com

မှာပဲ‥နယူတန်လိုတော့ တွေးမိမယ် မထင်ဘူး။ အဟီး”

“လာ‥အထဲ ဆက်တိုးရအောင်”

သူတို့တွေ လူအုပ်ကြီးကြားကနေ ဆက်တိုးလာခဲ့ကြရင်း ရုံးရဲ့ ထင်ရှားတဲ့အမြင့်တစ်နေရာမှာ ကပ်ထားတဲ့ သတိပေး စာတန်းကြီးကိုလည်း ခန့်ခန့်ကြီး တွေ့လိုက်ရပြန်ပါသည်။

ရုံးဝန်ထမ်းများအား အခကြေးငွေပေး၍ ဖုန်းဘီလ် ဆောင်ခိုင်းပါက ပြဿနာတစုံတရာရှိလာပါက ဌာနမှ လုံးဝ လုံးဝ တာဝန်မယူ…

ပိုင်လည်း အခုအချိန်အထိ တန်းစီနေတဲ့ လူအုပ်ကြီးကို သာ တွေ့မိသည်။ ငွေလက်ခံနေသည့် အစိုးရဝန်ထမ်းများ၏ အရိပ်အယောင်မျှ မတွေ့ရသေး။ လူအုပ်က များလွန်းသဖြင့် သူတို့တွေ မြုပ်နေသလို ဖြစ်နေသည်။

“ကိုက ဘာဖြစ်လို့ ငွေလက်ခံခဲ့တဲ့ ရုံးစာရေးတွေ၊ စာရေးမတွေကို တွေ့ချင်ရတာလဲ”

“သြော်‥ကွာ။ သူတို့ ဘယ်လိုအသက်ရှူနေကြသလဲ ဆိုတာသိချင်လို့ပါ။ ဒီကလူတွေက ဘီလ်ဆောင်ပြီးရင် ထွက် သွားကြမှာပဲလေ‥သူတို့တွေကျတော့ ရုံးချိန်တစ်ချိန်လုံး အဲဒီ ထဲ ပိတ်မိနေကြတော့ အောက်စီဂျင်ဗူးတွေများ ဆောင်လာကြ သလား သိချင်လို့ပါ‥”

“အို‥ကိုကလည်း ပေါက်ပေါက်ရှာရှာ‥”

သို့နှင့် သူတို့လည်း တစ တစနှင့် လူအုပ်ကြီး၏ ထိပ် စီးပိုင်းသို့ ဆက်လက်တိုးလာကြလေရာ…



ပိုင်တွေ့ချင်ပါသည်ဆိုသော ရုံးဝန်ထမ်းများကို တွေ့ လိုက်ရချိန်မှာတော့ ပိုင့် စိတ်ထဲ အတော့်ကို မရိုးမရွဖြစ်သွား ရလေတော့သည်။

“ဒီ ရုံးကလူတွေ သူတော်စင်တွေလား မသိဘူး”

“ဘာဖြစ်လို့လဲဟင်‥”

“သမာဓိအားတွေ သိပ်ကောင်းနေသလိုပဲ”

“ကိုပြောတာ စိမ်းသိပ်နားမရှင်းဘူး‥”

“ကြည့်ပါလား‥ သူ့ရှေ့က ဘီလ်လာဆောင်တဲ့သူက မျက်နှာချိုလေးသွေးပြီး မေးနေတာတောင် ပြန်ဖြေဖို့မပြောနဲ့ မျက်လွှာတောင် ပင့်မကြည့်ဘူး‥”

“ဒါကတော့ သူတို့ဝန်ထမ်းတွေနဲ့ ပြည်သူတွေကြား မှာ မှန်ချပ်ကြီးနဲ့ခြားထားလို့ ဖြစ်ပါလိမ့်မယ်‥သူ မကြားဘူး နေမှာ‥”

“အေးကွ‥ကိုယ် ကိစ္စတော်တော်များများရဲ့ တီထွင် သူတွေကို အတော်များများ သိတယ်။ ဆိုပါစို့‥။ သာသနာ့ အလံကို ဘယ်သူထွင်သွားတာလဲ။ လက်မှတ်ပေါ်ကို ဘယ်သူ အရင်ဆုံး ခြေချဖူးတာလဲ‥တယ်လီဖုန်းကို ထွင်တဲ့သူဘယ်သူလဲ စသဖြင့်ပေါ့လေ‥။ ဒါပေမဲ့ အဲဒီလို ဌာနဆိုင်ရာရုံးတွေမှာ ပြည်သူနဲ့ဝန်ထမ်းကြား မှန်ချပ်ကြီးကာရမယ်လို့ ဘယ်သူပြဋ္ဌာန်း သွားသလဲဆိုတာ ကိုယ်မသိဘူး‥”

“သိတော့ ကိုက ဘာလုပ်ချင်လို့လဲ‥”

“ခေါင်းခေါက်ချင်တာ‥”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ပါးစပ်နေရာမှန်းပြီး စက်ဝိုင်းပုံအပေါက်ကလေးတော့ ဖောက်ပေးထားပါတယ် ကိုရယ်။ ဟိုမှာကြည့်ပါလား.."

"အင်း..ဒီလိုပြောလို့မှ အားမရသေးရင် ခေါင်းလေးငုံ့ပြီး ပြောလို့ရအောင် အောက်မှာနေရာလွတ် လွတ်ထားတယ်။ ဘယ်လိုကြီးမှန်းကို မသိဘူး.."

"စိတ်လျှော့..စိတ်လျှော့.."

"အောင်မာ..သူတို့ကျတော့ လေအေးပေးစက်နဲ့ကွ.." ဒါဆိုလည်း တရုံးလုံးတပ်ပေးလိုက်ပေါ့ကွာ.."

"တော်ပြီ..ရှင်နဲ့စကားပြောရတာ နိုင်ငံရေးတွေများလာသလိုပဲ..လာ..လာ..ပြန်ရအောင်..စိမ်းလည်း အသက်ရှူကျပ်နေပြီ.."

သိလိုသည်ကိုဝန်ထမ်းအား မေးမြန်းလိုသည့် ထိပ်ဆုံးမှ တန်းစီနေသူလူတစ်ယောက်မှာ စက်ဝိုင်းပုံဖောက်ထားတဲ့ အပေါက်ဆီ ခြေဖျားထောက်ပြီး နှုတ်ခမ်းတော့မေးရမလား၊ ခါးလေးကုန်းပြီး ခေါင်းလေးငုံ့ကာ အောက်ဘက်လွတ်နေတဲ့ နေရာကနေ မေးရမလား၊ ကုန်းကုန်းကွကွဖြစ်နေသည်ကို ပိုင် စိတ်မချမ်းသာစွာ တချက်ကြည့်လိုက်ရင်း ရုံးထဲကနေ ထွက်လာခဲ့မိတော့သည်။

ဒယ်ဒီ..ဒယ်ဒီ..။

ဟင်း..ဟင်း...ဟင်း..။

## အခန်း (၁၄)

ဆက်သွယ်ရေးရုံးထဲကနေ ပိုင် အစာမကြေဘဲ ထွက်လာခဲ့ပြီး ပွစိပွစိဖြစ်နေသည်။ ဒယ်ဒီ့ကို မကျေနပ်။ သိပ်စိတ်ဆိုးသည်..လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရသည့် အဓိပတိကြီးကို ကိုယ်က ချစ်သူရှေ့မှာ စိတ်ဆိုးပြနေရသည့်အတွက် အရသာရှိသလို ခံစားရပြီး ပိုပြီးစိတ်ဆိုးပြနေလိုက်သည်။

"အရာရာတိုင်းကို တန်းစီပြီး စောင့်ရတယ်ဆိုတာ လူသားအရင်းအမြစ်တွေ ဆုံးရှုံးတာပဲကွ..တိုင်းပြည်နစ်နာတယ်။ တယ်လီဖုန်း ဘီလ်ဆောင်တာလောက်ကတော့ ကြိုတင်ငွေဖြည့်ကတ်စနစ် ပြောင်းလိုက်လည်း ပြီးတာပဲ

**ဝန်းသီးတစ်လုံး ပုပ်သွားတာကိုပဲ ကျေကျေနပ်နပ်လွှင့်ပစ်လိုက်ချင်တယ်။ အချိန်အပုပ်တွေကို လွှင့်ပစ်ရအောင်လူ့ဘဝဆိုတာ အမှိုက်ပုံ မဟုတ်ဘူး..**"

"အိုး...'ဒိုင်'တွေက လန်းလှချည်လား ဆရာကြီးရဲ့..."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲ ခံစားရတဲ့အတိုင်း ပြောတာ.."

"ကိုက အမိပတိကြီးကို သိပ်ပိုင်တာပဲလား..စိမ်းတို့ကျတော့ ဖိန့်ဖိန့်တုန်နေအောင် ကြောက်တယ်"

"ကိုယ်ကတော့ အမြင်မတော်တာ၊ လွဲနေတာတွေ့ရင် ရဲရဲဝံ့ဝံ့ထောက်ပြလိုက်တာပဲ၊ အခုတောင် တိုင်းပြည်ရဲ့စနစ်ဟောင်းတွေ တွေ့ပြီး ဖုန်းဆက်'ကော'လိုက်ရမလား စဉ်းစားနေတယ်"

သူမက လျှာကလေးထုတ်ရင်း ဇက်ပုသွားသည်။

ထိုစဉ်..။ ထိုစဉ်ပင်...။

တိုက်တိုက်ဆိုင်ဆိုင် အမိပတိကြီးဆီမှ တိုက်ရိုက်ဖုန်းဝင်လာသည်။ ပိုင်က အမိပတိကြီးနှင့်စကားပြောဆိုသည်ကို ချစ်သူပါကြားအောင် ဖုန်းကို စပီကာဖွင့်လိုက်ကာ...

"ဒယ်ဒီ.."

"မောင်ပိုင်..ဟိတ်ကောင်.."

ဟိုဘက်ကော၊ ဒီဘက်ပါ တစ်ပြိုင်နက်ထွက်လာတဲ့ လေသံတွေက ခပ်မာမာပင်...ပိုင် နည်းနည်းတော့ မျက်ခုံးတွန့်သွားမိပြီး...

"ဒယ်ဒီအရင်ပြောမှာလား..ကျွန်တော် အရင်ပြောရမှာလား.."

"ငါ အရင်ပြောမယ်..အခု မင်းဘယ်ရောက်နေတာတုန်း..."

"ကျွန်တော် မနေ့က ဒယ်ဒီဆီမှာ ခွင့်တင်ခဲ့တယ်လေ"



"သိတယ်..ဒီမှာ မင်းလုပ်တဲ့ ပြဿနာမင်းလာဖြေရှင်းဦး.."

"ခင်ဗျာ..ဘာပြဿနာဖြစ်လို့လဲ ..."

"မင်းတွက်ပေးလိုက်တဲ့ အိကွေးရှင်းတွေအတိုင်း အကွလာ ရေငုပ်သင်္ဘောကို ငါတို့ဆောက်လုပ်တာ။ ဒီနေ့ သံတမန်တွေ၊ အဆင့်မြင့်အရာရှိတွေ ဖိတ်ပြီး ငါတို့စမ်းမောင်းကြည့်တယ်ကွာ.."

"ငွတ်တယ်မဟုတ်လား..ဒယ်ဒီ"

"ငါ..သောက်ရှက်ကွဲသွားတယ်.."

"ခင်ဗျာ..စက်မနိုးဘူးလား..။ အင်ဂျင်အလုပ်မလုပ်ဘူးလား..မသွားဘူးလား.."

"အေး..သွားတော့သွားတယ်ဟေ့..။ တည့်တည့်တော့ မဟုတ်ဘူး..ဘေးတိုက်ကြီးကွ။ ဘေးတိုက်ကြီး ဂဏန်းသွားသွားနေလို့ မင်းရဲ့ ဖော်ကန့်လန့်အိကွေးရှင်းတွေကို ပြန်အဖြေထုတ်ပေးဦး ဟိတ်ကောင်.."

"ခင်ဗျာ..."

"ငါ့အကြောင်း သိတယ်နော်..အောင်မြင်ပြီးစီးအောင် မဆောင်ရွက်နိုင်ရင် အနိမ့်ဆုံး ထောင်ဆယ်နှစ်၊ အမြင့်ဆုံး တစ်သက်တစ်ကျွန်းနော်.."

"ကျွန်...ကျွန်တော် သတင်းစာရှင်းလင်းပွဲ ပြန်လုပ်ပေးပါ့မယ်..အဟဲ..ဟဲ.."

"ဟိတ်ကောင်..မင်းစောစောက ငါ့ကိုပြောမယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာတုန်း. . .”

“သားလည်း မသိတော့ဘူး။ မေ့သွားပြီ ဒယ်ဒီ. .”

သူ့မုန်းကို ကမန်းကတန်းပိတ်လိုက်တော့ ချစ်သူက သူ့ကို အံ့ဩသလို စိုက်ကြည့်ရင်း. . .။

“ဟောဗ်. .ကို ဘယ်လိုကြီး လမ်းလျှောက်နေတာလဲ. .။ ဘေးတိုက်ကြီး ဖြစ်နေတယ်. .”

ဖြစ်နိုင်တယ်။

သူ့ကိုယ်သူလည်း သတိထားမိလိုက်သည်။

သူ ဒီမြို့မှာ ဘေးတိုက်သွားတဲ့ ဂဏန်းတစ်ကောင် ဖြစ်နေရပြီ. .။

## အခန်း (၁၅)

“စိမ်း. .ဟိုမှာ. .ဘာလဲ. .”

နာမည်ကြီး ပန်းခြံတစ်ခုထဲသို့ သူတို့ရောက်ရှိနေကြခြင်းဖြစ်သည်။ ပန်းခြံ၏ တစ်နေရာတွင် စတိတ်ရှိုးတစ်ခု ကျင်းပနေမှန်း သူသိပါသည်။ ပရိသတ်အင်အားက ကြောက်ခမန်းလိလိပင်။

“ဪ. .စတိတ်ရှိုးလေ. .ကိုရဲ့။ အဲဒီအဆိုတော်က နာမည်ကြီးပဲ. .။ မျိုးဖြူကျော်ကြား. .တဲ့၊ Vocal Power အရမ်းကောင်းတဲ့ အဆိုတော်ပေါ့. .။ ပါဖောမန့်တွေလည်း အရမ်းကောင်းတာ. .။ အဘက်ဘက်က ပြည့်စုံလို့နဲ့တူပါတယ်. . လေတော့ နည်းနည်းကြီးတယ် ဒီနိုင်ငံမှာ ဒီလို အဆိုတော်တွေရှိတယ်ဆိုတာ ကမ္ဘာကိုသိစေချင်လို့ အဆိုတော်လောကထဲ ဝင်လာတာ. . တဲ့. .”

ပိုင် မျက်ခုံးတစ်ချက် တွန့်မိသွားသည်. .

ချစ်သူပြောတာ မှန်သင့်သလောက်လည်း မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



Vocal Power အရမ်းကောင်းသည်။ Mood ကလည်း အပြည့် ..expression လည်း ပြောစရာမလို..။ ပါဖော့မန့်လည်း နိုင်နင်းပုံရသည်။ မတ်တပ်ရပ်သီဆိုနေရင်းကနေ ဖြုန်းဆိုပြီး စတိတ်စင်မြင့်ထက်တွင် ပက်လက်လှန် ဝမ်းလျားမှောက်တွေလည်း လုပ်ပစ်တတ်သည်။ အာဂ ပျိုဖြူကျော်ကြားပါတကား..

"သူ့ရှည်မှန်းချက်က မြင့်သားပဲ..ကမ္ဘာကတောင် သိစေချင်တယ်ဆိုတော့..။ အဲ..ဒါပေမယ့်.."

ပိုင် စကားကို ခဏရပ်လိုက်သည်။ နောက်ကျောမလုံသလို ခံစားမိခြင်းကြောင့် ဖြစ်ပါလိမ့်မည်။

ဟင်း..ငါတော့ဒုက္ခပဲ..။ သူမျိုးအပြစ်အနာအဆာတွေကိုလည်း ငါတွေ့ထားတယ်။ ခက်တာက ငါထွင်ထားတဲ့ ရေငုပ်သင်္ဘောကြီးကလည်း ဘေးတိုက်ကြီးသွားနေတယ်။ ငါဘာလုပ်ရမလဲ..။

"ဒါပေမယ့် ဘာဖြစ်သလဲ.."

စိမ်းက စိတ်မရှည်စွာဖြင့် မေးလိုက်သည်။

"ပရိသတ်ရဲ့ အားပေးမှုကလည်း ကြောက်ခမန်းလိလိပဲနော်..နည်းတဲ့ လူအုပ်ကြီးမဟုတ်ဘူး။ အသံထွက်ခွင့်မရတာတောင် သူတို့ရဲ့ အမူအယာတွေကြည့်ပြီး၊ ကိုယ် ကြက်သီးထမိတယ်.."

"ဟုတ်တယ်..သူ့ကို ပရိသတ်က အရမ်းအားပေးတာကိုရဲ့.."

"ဒါပေမယ့် ပျိုဖြူကျော်ကြားကိုယ်စား ပရိသတ်တွေ



ကို ကိုယ်တော့ မျက်နှာပူနေမိတယ်"

"ဟင်..ဘာဖြစ်လို့လဲ.."

"သူမျိုး သီချင်းကြီးခိုးချထားတာကွ..။ ဘွန်ဂျိုဘီ သီချင်း အလိုက်ကြီး.."

"သြော်..ကိုရယ်.. အလိုက်ကတော့ နိုင်ငံခြားသံစဉ် အလိုက်ပေါ့..ဒါပေမယ့် အစာသွပ်ထားတဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကိုလည်း နားထောင်ကြည့်ဦးလေ.."

"ကောင်းပါတယ်..စကားလုံးတွေက အရမ်းထိမိတယ် အဲဒီအတွက်တော့ တေးရေးဆရာကို အရမ်းကို ချီးကျူးမိတယ်"

"ကော်ပီသီချင်းတွေ ဒီနိုင်ငံမှာ သိပ်ကို လွှမ်းမိုးနေရာယူနေတာ ပရိသတ်နဲ့လည်း ဆိုင်သေးတယ်ကိုရဲ့..။ ကိုယ်ပိုင်သံစဉ်နဲ့ ဖောက်ထွက်နေတဲ့ အဆိုတော်တွေလည်း ဒီမှာရှိတာပဲ..။ ဒါပေမယ့်..နားယဉ်ပြီးသား သံစဉ်ကို စကားလုံးအစာသွပ်တဲ့ သီချင်းဆိုရင် ပေါက်တာပိုများတယ်.."

သူက ခေါင်းတချက်ဆတ်လိုက်တယ်ဆိုရင်ပဲ စိမ်းက ...

"ကို့ကို အင်္ဂလိပ်သီချင်းတစ်ပုဒ်ပေးမယ်လေ..။ ကိုက အဲဒီသံစဉ်ထဲကို အဓိပ္ပာယ်ရှိပြီး ဆီလျော်တဲ့၊ အင်အားကောင်းတဲ့ စကားလုံးတွေ ထည့်ပေးပါဆို ကိုလုပ်ပေးနိုင်မလား.."

မထင်မှတ်ဘဲ ချစ်သူနဲ့သူ့နဲ့ကြားမှာ သိမ်မွေ့တဲ့အားပြိုင်မှုကလေးတစ်ခု ဝင်ရောက်လာသည်။

သူ့အမှန်အတိုင်း ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန်ခံပါတယ်‥ ကိုယ်မလုပ်နိုင်ဘူး‥စိမ်း‥"

စိမ်းက အနိုင်ရသွားခြင်းအပေါ် ကျေနပ်မှုအပြည့်နှင့် ပြုံးလိုက်တယ်ဆိုရင်ပဲ‥သူက‥

"တေးရေးဆရာတစ်ယောက်က ကော်ပီသီချင်းတွေ ရေးတယ်ဆိုတာ သူ့အနုပညာအတွက် လှေကားထစ်တစ်ခုအနေ လောက်ပဲ အသုံးချသင့်တယ်။ ဒါဟာ သူ့အနုပညာရဲ့ ပန်းတိုင် အစစ် မဟုတ်ဘူးဆိုတာ သူ သိကိုသိသင့်တယ်။

ဒါ ၁၉ရာစုမဟုတ်ဘူး‥၂၀ ရာစု မဟုတ်ဘူး‥၂၁ ရာစုကို ရောက်နေပြီ။ အရင်တုန်းက မင်းတို့နိုင်ငံမှာ ကော်ပီ သီချင်းတွေဆိုကြတယ်။ ကမ္ဘာ့တစ်ဖက်ခြမ်းက ဒါကို သိချင်မှ သိလိမ့်မယ်။ အခု အိုင်တီခေတ်ရောက်နေပြီ စိမ်းရဲ့‥။ မင်းတို့ နိုင်ငံမှာ အပ်တစ်ချောင်းပြုတ်ကျသွားတာကအစ ကမ္ဘာ့တစ် ဖက်ခြမ်းက အချိန်နဲ့ တပြေးညီသိတယ်။ ဒါကို အနုပညာရှင် တွေအနေနဲ့ တာဝန်ယူစိတ်အပြည့်နဲ့ သိကို သိရမယ်‥"

ချစ်သူက သူ့စကားကြောင့် ရင်မောသွားသလို လေပူ တချို့ကို မှုတ်ထုတ်လိုက်ပြီး…

"ကိုနဲ့ စကားပြောရတာလည်းကွာ‥"ဟု ငွေ့ငွေ့ ကလေး ညည်းညူပါသည်။

ချစ်သူ ကိုယ့်ကို စိတ်ကုန်နေပြီလား‥ငြီးငွေ့နေပြီလား‥။

"ဆောရီး‥စိမ်း‥။ မင်းလည်း အနုပညာသမားတစ် ယောက်ပဲ‥။ ကိုယ်မေ့သွားတယ် ဆောရီး"

"ရတယ်‥ ကိစ္စမရှိဘူး‥ကို ပြောတာတွေက



မှန်ပါတယ်။ ကိုက ခိုးချထားတဲ့သီချင်းတွေကို ဆိုလို့ လာ အားပေးတဲ့ ပရိသတ်ကို အားနာနေတယ် မဟုတ်လား"

"အစစ်ပေါ့"

"ခိုးကူးခွေတွေချည်း အားပေးနေလို့ ဘဝပျက်သွားတဲ့ အဆိုတော်တွေလည်း အများကြီးရှိပါတယ်။ စိမ်းဆိုလိုတာက အဆိုတော်တွေကလည်း ကမ္ဘာမှာ ပေါက်ပြီးသားသီချင်းတွေကို ခိုးချကြတယ်။ ပရိသတ်ကလည်း အဲဒီခိုးချထားတဲ့အခွေတွေကို ခိုးကူးထားတဲ့ ခိုးကူးခွေတွေဝယ်နားထောင်ပြီး အားပေးကြတယ်။ ဘယ်သူ့ ဘယ်သူမှ မနစ်နာပါဘူး။ အားလုံး‥ဘဲစားဘဲခြေ တွေချည်းပဲ‥"

ဒီတစ်ခါ ရင်မောသွားရသူကတော့ သူကိုယ်တိုင်ပင်‥။

စတိတ်စင်မြင့်ထက်မှာတော့ ပျိုမြူကျော်ကြားတစ် ယောက် ပါဖော့မန့်ကောင်းကောင်းနဲ့ ဟဲကောင်းနေဆဲ…။

www.burmeseclassic.com

www.burmeseclassic.com

မိကနဲ့ဆို အိုစကို

အိပ်နေလိုက်တာလည်း ဘိုးလို့...

ရေပယာပြင်ပရောက် နှလုံးသားနဲ့...

အနန်ဖတ်ရဲ့ ဘဝအာဓာတွေ

ငိုကြွေးတတ်တဲ့ ကလေးငယ်လိုပဲ..တို့ ကမ္ဘာပေါ်ကို

အီးတီ (ET) တွေ ဘယ်အချိန်ပြန်လာမလဲ မျှော်နေမိတော့တယ်...

ကန်ဝေး

## အခန်း (၁၆)

ကန်ဝေး..။

မော်ဒန်ကဗျာဆရာကြီး ကန်ဝေး..။

တနည်း..၊ ရောက်တဲ့နေရာမှာ ပြဿနာရှာတတ်သူ ဒေါက်တာဝရမ်းပြေး ပိုင့်ရဲ့ချစ်သူ ဖြူဖြူပြာပြာဝါရဲ့ ဖခင်...

ယနေ့တော့ အဘိုးကြီးအတော် တင်းလာသည်။

ဖြစ်ပုံက မဂ္ဂဇင်းတစ်စောင်က ကဗျာတောင်းလာ၍ အဘိုးကြီးက နှလုံးသားတွေထည့်ရေးပြီး ပေးလိုက်သည်။ ဒါကို အနုပညာကို နားမလည်သည့် စာပေမွန်မြတ်သန့်စင်ရေး အဖွဲ့ဝင် တစ်ယောက်က နိုင်ငံရေးနွယ်သည် ယူဆချက်ဖြင့် မှင်နီတားကာ ပယ်လိုက်သည်။

နောက်နောင် ထိုသို့ လုပ်ဆောင်ချက်များ မပြုလုပ်ရန် ခံဝန်ကတိ ထိုးလိုက်ရသည့်အပြင် ကဗျာရေးခွင့် ခြောက်လပါ အပိတ်ခံလိုက်သေးသည်။

ဒီတော့ အဘိုးကြီးပေါက်ကွဲလေသတည်းပေါ့..။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်ငြိမ်သက်နေရတဲ့တိုင်းပြည်အိုအိုကြီးမှာ အနုပညာသစ်တွေ ဖန်တီး၍ မရပါလားဆိုတဲ့ ခါးသီးအတွေးတွေနဲ့အတူ "စာပေလွှတ်လပ်ခွင့်"၊ "စာပေလွှတ်လပ်ခွင့်"ဆိုသည့် ကြွေးကြော်သံများပါ အသံတိတ်ကြွေးကြော်လာသည်။

သမီးဖြစ်သူကလည်း အကင်းပါး၏။

ချစ်သူကလည်း ဇော်ကနဲ့လန့်၊ ဖခင်ဖြစ်သူကလည်း တဖွတ်ထိုး။ နှစ်ယောက်စလုံးက ကိုယ့်ထမင်းကိုယ်စား ပြဿနာရှာနကြသူတွေ။ ဒီနှစ်ယောက်ပေးတွေ့မှ တန်ချေမည်ဟု သုံးသပ်ကာ၊ တစ်ရက်မှာတော့ ပိုင့်ကို အိမ်သို့ အလည်ဖိတ်လိုက်သည်။

ပိုင်ကလည်း အနုပညာကဝေကြီးနှင့် စကားပြောဆိုရမယ်ဖြစ်သဖြင့် အတော်စိတ်လှုပ်ရှားနေသည်။

ကိုယ်က အနုပညာကို လားလားမှနားမလည်။ အဘိုးကြီးကလည်း သူ့ကဗျာပယ်လိုက်သဖြင့် ဒေါ်ဖောင်းနေသတဲ့..သူနဲ့ကိုယ်အတွေးအခေါ်တွေ တူပါ့မလား..အပေးအယူတည့်ပါ့မလား..။ မီးစင်တော့ ကြည့်ကမှ..။

"ကျွန်တော် တကယ်စိတ်မကောင်းပါဘူး အန်ကယ်၊ အန်ကယ်နဲ့ ထပ်တူခံစားရပါတယ်။ လူကိုသာ သတ်လို့ရတယ်။ အနုပညာကို သတ်လို့မရဘူးဆိုတဲ့ စကားတော့ ကြားဖူးတယ်။ မှင်နီအတားခံရတဲ့ အန်ကယ့်ကဗျာလေး ကျွန်တော့်ကို ပေးဖတ်ပါလား။ ပုဂ္ဂိုလ်ရေးရာ မကျေနပ်မှုကြောင့် အန်ကယ့်ကဗျာကို ပယ်လိုက်တယ်ဆိုရင် ဒီကဗျာကိစ္စကို အထက်ထိရောက်အောင် ကျွန်တော် တတ်နိုင်သလောက် ဆောင်ရွက်ပါ့မယ်"

အဘိုးကြီးက ချစ်သူမျက်နှာကြောင့် ရှမ်းရှမ်းဝေနေတဲ့ သူ့ကို ယုံကြည်သလို၊ မယုံကြည်သလို တစ်ချက်စိုက်ကြည့်ရင်း စာရွက်တစ်ရွက် ထိုးပေးလိုက်သည်။

ပိုင် ဖတ်ကြည့်အပြီး မိနစ်အနည်းငယ်အကြာမှာပင် အူတူတူကြီး ဖြစ်သွားရသည်။

ဘာလဲဟ..။ စီကနဲဆို အီစကို..အိပ်နေလိုက်တာလည်း သိုးလို့..တဲ့။ ဘယ်သူ့ကို ရည်ညွှန်းတာလဲ။ သူ့ကိုယ်သူလား။ ဒါဆို အဘိုးကြီးက အိပ်ပုပ်ကြီးလား..။

ဧရိယာပြင်ပရောက် နှလုံးသားနဲ့ အန်ဖန်စို့ ဘဝအမော တွေ..တဲ့။ ဘာတွေမှန်းတော့ မသိဘူး။ ရေးထားတာတော့ လန်းတယ်။

ဂျီကျတတ်တဲ့ကလေးငယ်လိုပဲ တို့ကမ္ဘာပေါ်ကို အီးတီ (ET)တွေ ဘယ်အချိန်ပြန်လာမလဲ မျှော်နေမိတော့တယ်..တဲ့။ ဒီစာကြောင်းကတော့ စကားပြေဆန်ပါတယ်။ သူဟာ ကလေးလေးတစ်ယောက်လိုပဲ ဂြိုဟ်သားတွေကို စောင့်နေတယ်ပေါ့လေ..။

ဟင်..ဒီကဗျာကို ဘာ့ကြောင့် ပယ်လိုက်တာလဲ.. နိုင်ငံရေးလည်း မပါဘူး..

"ဘယ်လိုလဲ မောင်ရင်..။ ကိုယ့်ကဗျာကို ဖတ်ပြီး မင်းဘယ်လိုခံစားရသလဲ.."

"ဘယ်လိုမှန်းတော့ မသိဘူး အန်ကယ်။ ဒါပေမယ့် ကျွန်တော် တစ်ခုခုကို ခံစားရတယ်"

"ကောင်းတယ်..အဲဒါ မော်ဒန်ရဲ့ အနှစ်သာရပဲ.." တိန်...။

www.burmeseclassic.com



"အန်ကယ်ရော..ဒီကဗျာကို ဘယ်လိုခံစားချက်နဲ့ရေးတာလဲ ခင်ဗျာ.."

"မသိဘူး..။ ကိုယ်လည်း နားမလည်ဘူး.."

"ခင်ဗျာ.."

အဘိုးကြီးအဖြေကြောင့် သူအတော်ကလေး ခေါင်းမွေးထောင်သွားရသည်။ များသောအားဖြင့်ကတော့ ဖန်တီးသူတစ်ယောက်အနေနဲ့ ကိုယ့်အနုပညာကို အနှစ်ချုပ်လောက်တော့ ပြောနိုင်ကြတာပါပဲ။ ဗီဒီယိုရိုက်တဲ့ ဒါရိုက်တာတွေ ပြောတဲ့စကားတွေဆို ပိုင် အလွတ်တောင်ရနေပြီ။ "အပျော်လေးပါ"၊ "ဒါကတော့ ပညာပေးလေးပေါ့" "ဒီလိုကိစ္စလေး တွေကလည်း အပြင်မှာရှိတတ်ကြတယ်လေ။ အပြင်လောကနဲ့ နီးစပ်ပါတယ်" စသဖြင့်ပေါ့..။ အခုတော့ အဘိုးကြီးက ဘယ့်နှာကြီးတုံး..။

"ဟုတ်တယ်..။ ကိုယ်ဖန်တီးတဲ့ အနုပညာတွေကို တိတိကျကျပြောပါဆိုရင် ကိုယ် တိတိကျကျ မပြောနိုင်ဘူး။ ကဗျာရေးတာ ပေါင်မုန့်ဖုတ်သလို၊ ရှောက်သီးဆေးပြားလုပ်သလို ဖော်မြူလာ အတိအကျ မရှိဘူး ကောင်လေး.."

"ဟုတ်ကဲ့.."

အဘိုးကြီး ကြည့်ရတာ ဠတီးဠကျပုံစံကြီး။ သူ 'ကန်' လိုက်လို့ ငါ 'အဝေး' ရောက်သွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ နာမည်ကိုက ကန်ဆေး..တဲ့..လိုင်းက မော်ဒန်လိုင်း.။ သတိကြီးကြီးထား ဆက်ဆံမှ..။

"ဒါလီ တစ်ခါက ပြောဖူးတယ်.."



"ဒါလီဆိုတာ စိမ်းရဲ့ သူငယ်ချင်းလား အန်ကယ်"

သူ ဝင်ထောက်လိုက်တော့ အဘိုးကြီးခမျာ ဒေါသထွက်နေရင်းကနေ ကြောင်တိကြောင်ကန်း ဖြစ်သွားပြီး..

"ဟေ..စိမ်းဆိုတာ ဘယ်သူတုန်း.."

"စိမ်း ဆိုတာ အန်ကယ့်သမီး ကျွန်တော့် ဟို..အဲဒါလေ.."

အဘိုးကြီးက သူ့သမီးကို တလှည့် ပိုင့်ကို တလှည့် ကြည့်လိုက်ပြီး...

"ငါ ပေးထားတာ ဖြူဖြူပြာပြာဓါ ပါ.."

"ဟုတ်တယ်..အဲဒီသုံးရောင်ကို ရှုပ်လို့ ကျွန်တော်က တစ်ရောင်တည်း ပေါင်းခြယ်လိုက်တာ.."

"အောင်မာ.."

အဘိုးကြီး မျက်လုံးပြူးသွားသည်...သွားပြီ..ငါတော့ ကျားရှေ့မှောက်ရက်လဲမိရက်သားဖြစ်ပြီ..ဒုက္ခပါပဲ..

"မင်း တော်တော်လျှာရှည်တဲ့အကောင်ပဲ..သုံးရောင်ပေါင်းစရာလား..တစ်ရောင်စီသပ်သပ်ထား.."

"ဟုတ်..ဟုတ်ကဲ့.."

"ထားပါ..စကားတွေ..တောင်ရောက်မြောက်ရောက်မရောက်ချင်ဘူး။ ဒါလီဆိုတာ ဆာရီရယ်လစ် ပန်းချီအကျော်အမော်ကြီးပေါ့ကွာ..သူဆွဲခဲ့တဲ့ ပန်းချီတွေအကြောင်းသူ့ကို မေးကြည့်တော့ သူလည်း နားမလည်ဘူးလို့ ပြောခဲ့ဖူးတာပဲ"

"ကောင်းရော"

"မောင်ရင်..ကိုယ်နဲ့စကားပြောရင် လွယ်လွယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်ချက်တွေ မပေးမိစေနဲ့''

''ဩော်··ဟုတ်ကဲ့··''

ဟုတ်တယ်။ ဒီပါးစပ် ပိတ်ထားမှ တန်ကာကျမယ်။

''ဒေဝဉယျာဉ်ကြီးထဲမှာ အာဒမ်(Adam)နဲ့ ဧဝ (Eve) ပထမဆုံးအကြိမ် စတွေ့တော့ အာဒမ်က ဧဝကို ဘာစပြောတယ် မှတ်သလဲ··''

''ကိုယ့်ကို အပေါ်ပိုင်းပဲကြည့်ပါ။ ယောင်လို့မှ အောက် ပိုင်းမကြည့်မိပါစေနဲ့ ဧဝရယ်တဲ့လား အန်ကယ်''

အခြေအနေက ပိုရှုပ်ထွေးသွားပြန်သည်။ စိမ်းရဲ့ ခပ်အုပ် အုပ်ရယ်သံကိုလည်း ကြားလိုက်ရသည်။

''ဟာ··ဒီကောင် ဘယ့်နှာတုန်း··''

''ဟုတ်သားပဲ··ဖေဖေကလည်း··ဒါတွေ သူဘယ် သိပါ့မလဲ··ဖေဖေပဲမေးပြီးတော့··''

''အေးပါ··ဟုတ်ပါပြီ။ မသိဘူးဆိုတော့လည်း ငါကပဲ စပြောရတာပေါ့။ အာဒမ်က ဧဝကို ပထမဆုံး မိတ်ဆက်လိုက် တာက MADAM I'M ADAM ··တဲ့ကွ··အဲဒီစကားလုံး တွေကို မင်း ခွဲခြမ်းစိတ်ဖြာကြည့်စမ်းကွာ··''

''ဇာတ်ရှိန်မြင့်လာပြီ အန်ကယ်··ကျွန်တော်စိတ်ဝင်စား လာပြီ··''

ပိုင်က အဘိုးကြီးရဲ့ ကဗျာစာရွက် အလွတ်တနေရာ မှာ ထိုစာကြောင်းကို ချရေးကြည့်လိုက်သည်။

''ဟာ··အန်ကယ်··ဒီစကားက တော်တော်လန်းတာပဲ ··ရှေ့ကနေ နောက်ကိုဖတ်ဖတ် နောက်ကနေ ရှေ့ကိုပြန်ဖတ်ဖတ်



စကားလုံးတွေက MADAM I'M ADAM ပဲထွက်တယ် အန်ကယ်··''

''အေး··မဆိုးဘူး··မင်းတော်တယ်··ဒီတော့ ဧဝက လည်း သူ့ကိုယ်သူ ပြန်မိတ်ဆက်လိုက်တယ်။ EVE ···တဲ့။ သူဆိုလိုတာက ကျွန်မ ဧဝပါပေါ့ကွာ··''

''ဟာ··တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ··ဒီစာ ကြောင်းကလည်း ရှေ့ကနေနောက်ကိုဖတ်ဖတ်၊ နောက်ကနေ ရှေ့ကို ဖတ်ဖတ် EVE(ဧဝ)ပဲ ပြန်ထွက်တယ်''

''ဟုတ်တယ်·· စာပေမှာ ဒါကို ပယ်လင်းဒရုမ်းလို့ ခေါ်တယ်''

အဘိုးကြီးကို သူတော်တော်ဖြုံလာသည်။ တကယ့် စာတတ်ပေတတ်ပုဂ္ဂိုလ်ကြီး တစ်ယောက်ပင်··

''ကဲ··မောင်ရင်··ကိုယ့်ကဗျာကို နောက်တစ်ကြိမ် ပြန်ဖတ်ကြည့်စမ်းပါဦးကွာ··''

''ဟုတ်ကဲ့··''

ဒီတစ်ခါတော့ ပယ်လင်းဒရုမ်းအယူအဆများနှင့် သူ့ စကားလုံး အထားအသိုများကို ကျားကွက်ရွှေ့သလို ရွှေ့ကြည့် လိုက်မိသည်။

အားပါးပါး··တွေ့ပြီ··။

''ထူးခြားပြီ··အန်ကယ်··ထူးခြားပြီ''

သူ့ စိတ်လှုပ်ရှားမှုကြီးစွာဖြင့် နောက်တစ်ကြိမ်ပြန်ဖတ် ကြည့်လိုက်သည်။ လုံးဝ သေချာသွားပြီ။ ဒီအဘိုးကြီးဟာ အသံ တိတ်စာပေတော်လှန်ရေးသမားတစ်ယောက် အနုပညာကဓေ

www.burmeseclassic.com

www.burmeseclassic.com



ဂုရုကြီးတစ်ပါး ပေပဲ..။

"ကဲ..ဘာတွေ ထူးခြားတာလဲ ပြောပါဦး.."

"ကဗျာရဲ့ အစ,စကားလုံးတွေကို ခေါင်လိုက်စီပြီး ဖတ်ကြည့်လိုက်မိတယ် အန်ကယ်..။ စီ၊ အိပ်၊ ဧ၊ အန်၊ ဂျီ၊ အီး(C,H,A,N,G,E)ထွက်တယ်..ဟုတ်တယ်.အပြောင်းအလဲ။ အဲဒီစကားလုံးဟာ ဒီတိုင်းပြည်မှာ သိပ်ကို လိုအပ်နေပြီ.."

အဘိုးကြီးရဲ့ ပထမဆုံးအထင်ကြီး လေးစားသည့် အကြည့်တချက်က သူ့ဆီ ဒိုင်းကနဲ ဝင်လာခဲ့ပေပြီ..။

"ဒါဟာ ကဗျာဆရာတစ်ယောက်က တိုင်းပြည်ရဲ့ အနာဂတ်ကို တွေးမိပြီး၊ ရင်လေးလို့ သတိပေးလိုက်တဲ့ ကလောင် သေနတ်ဖောက်သံတစ်ချက်ပဲ..ကြိုက်တယ် အန်ကယ်.."

"ဟာ..မင်း.'ထိ'အောင် ပစ်နိုင်သားပဲ.."

မော်ဒန် တော်လှန်ရေးသမားနဲ့ သချာ်အမွေသမားတို့ရဲ့ စကားဝိုင်းက အတော့်ကို အထွတ်အထိပ်ရောက်လာချေပြီ။ စကားဝိုင်းမှာ အဘိုးကြီးက ပြောသူထက် နားထောင်သူဖြစ်မှန်း မသိ ဖြစ်လာလေတော့၏။

"အန်ကယ်ရဲ့ Positive change က စာပေဖြုတ်ထုတ် သတ်..အဲလေ..စာပေမွန်မြတ်သန့်စင်ရေးရုံးအတွက်.. Negative change ဖြစ်သွားတယ် ထင်ပါရဲ့။ အဲဒီ စကားလုံးဟာ ဒယ်ဒီ.. အဲလေ..အဓိပတိကြီး အပြောင်းအလဲလုပ်ဖို့ လှုံ့ဆော် လိုက်တယ်လို့ ယူဆလိုက်ပုံရတယ် အန်ကယ်။ ဒါကြောင့် အန်ကယ့်ကဗျာ မှင်နီတားပြီး အပယ်ခံလိုက်ရတာဖြစ်မယ်.."



"ဟုတ်တယ်..ကဗျာဆရာတစ်ယောက်ဟာ သူနေထိုင် တဲ့ တိုင်းပြည်ကို သူတတ်စွမ်းတဲ့ အနုပညာနဲ့ သတိပေးသင့်ရင် ပေးရမယ်။ ကာကွယ်သင့်ရင် ကာကွယ်ရမယ်။ ဒါ ကဗျာဆရာ ရဲ့ အခွင့်အရေးပဲ"

"ကျွန်တော်ထောက်ခံပါတယ်"

"ငါတို့ဟာ လက်ညှိုးထိုးထောက်ပြတတ်တဲ့သူတွေ၊ လက်ညှိုးထောင်ခေါင်းညိတ်တတ်တဲ့လူတွေမှ မဟုတ်ဘဲ"

"ကျွန်တော်သိပါတယ်"

"တကယ်တော့ ကိုယ်ဒီတိုင်းပြည်မှာ နေရတာသိပ်ကို ငြီးငွေ့နေပြီ မောင်ရင် လွတ်လပ်မှုရဲ့ အရသာတွေတကယ်ကို ပျောက်ဆုံးနေပြီ"

"၂၁ ရာစုမှာ ကမ္ဘာမှာ လူပြောအများဆုံး စကားလုံး ကတော့ Human rights (လူ့အခွင့်အရေး)ပါပဲ အန်ကယ်။ ကျွန်တော် လူ့အခွင့်အရေးကို သိပ်လေးစားပါတယ်။ လွတ်လပ် စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ထောက်ပြဝေဖန်ခွင့်၊ လွတ်လပ် စွာ သဘောထားကွဲလွဲခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်..အို ရှင်းရှင်းပြောမယ် အန်ကယ်ရယ် လွတ်လပ်မျှတတဲ့ ရွေးကောက် ပွဲတွေ ကျင်းပခွင့်ရဖို့အထိပါ ကျွန်တော်ကြိုက်ပြီး ကြိုးစားနေပါ တယ်"

သူ့စကားကြောင့် ချစ်သူရော ယောက္ခမလောင်းကြီး ပါ သူ့ကို တုန်လှုပ်ခြောက်ခြားစွာ တစ်ချက်ကြည့်လိုက်ပြီး၊

"လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပခွင့်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား‥မဖြစ်နိုင်ဘူးထင်တယ် မောင်ရင်‥"

"ကျွန်တော့်ရဲ့ သချော်တွေ သိပ်စိတ်ဆိုးလာတဲ့အခါမှာ ဖြစ်နိုင်ပါတယ် အန်ကယ်"

"ဟော…"

## အခန်း (၁၇)

တွက်ချက်မှုဆိုင်ရာ သင်္ချာအကြွေးရှင်းများ ယူဆောင်ကာ အမိပတိကြီးထံ ပိုင်ရောက်လာခဲ့သည်။ သက်ငြိမ်မြို့တော်တွင် ရှေးဘိုးဘေးဘီဘင်များ ဆောက်လုပ်ခဲ့ကြသော ရှေးဟောင်းအမွေအနှစ်အဆောက်အဦးများ အများအပြား ရှိပါသေးသည်။

အချို့အဆောက်အအုံများမှာ နှစ်ကာလကြာညောင်းလာသဖြင့် ယိုယွင်းပျက်စီးလာကာ မျှော်စင်များ၊ နာရီစင်နှင့် ဘုရားရှိခိုးကျောင်းများမှာ မြေသားအတွင်းသို့ နိမ့်ဆင်းကျုံ့ဝင်လျက်ရှိပြီမို့ အမိပတိကြီးက ပိုင့်အား အဆောက်အဦးများနှင့် ပတ်သက်၍ တွက်ချက်မှုများ စေခိုင်းထားလေသည်။ သူက သင်္ချာဝန်ကြီးတစ်ယောက် မဟုတ်ပါလား။

"မြို့အဝင်က နာရီစင်ကြီးကို တွက်ချက်ကြည့်လိုက်တာ ခေါင်လိုက်မျဉ်းမတ်ကနေ တစ်ပေခွဲအရှေ့ဘက်ကို တိမ်းစောင်းနေတာ တွေ့ရတယ် ဒယ်ဒီ…"

"ဘာလုပ်သင့်သလဲ‥မောင်ပိုင်‥ပညာရှင်တွေခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တိမ်းစောင်းနေတာကို ပြန်မတ်ဖို့ ကြိုးစားသင့်သလား ဒါမှဟုတ် နှစ်ကာလကြာညောင်းမှုရဲ့ ပြယုဂ်အဖြစ် စောင်းနေတာကို စောင်းနေတဲ့အတိုင်းပဲ ထိန်းသိမ်းသင့်သလား..''

''ဒယ်ဒီ စိတ်ရှိသလို ဆောင်ရွက်နိုင်ပါတယ်။ စောင်းနေတဲ့အတိုင်း ထိန်းသိမ်းထားမယ်ဆိုရင်တောင် အန္တရာယ်မရှိနိုင်ပါဘူး..''

''သေချာရဲ့လား မောင်ပိုင်ရဲ့..''

''သေချာပါတယ် ဒယ်ဒီ..ကမ္ဘာမှာ နာမည်ကြီးလှတဲ့ ပီဆာမျှော်စင်ကြီးရဲ့ တိမ်းစောင်းမှုဟာ ၄ ဒီဂရီရှိပါတယ်..''

''ဒီတော့..''

''ကျွန်တော်တို့ရဲ့ နာရီစင်ကြီးကို ပီဆာမျှော်စင်ကြီးအတိုင်း တိမ်းစောင်းဖို့ စောင့်မယ်ဆိုရင်တောင် နှစ်ပေါင်း လေးထောင်အချိန်ယူလို့ ရပါသေးတယ်..''

''ဟော...''

''ဟော့ဒီမှာကြည့်ပါ ဒယ်ဒီ..ကျွန်တော် သင်္ချာအိကွေးရှင်းနဲ့ တွက်ချက်အဖြေထုတ်ထားပါတယ်''ပိုင်ရဲ့ ပုံသေနည်းသုံးမျိုးလောက်နဲ့ တွက်ချက်အဖြေထုတ်ထားတဲ့ နှစ်ပေါင်းလေးထောင်ရလာဒ်အဖြေကို ကြည့်ပြီး အဓိပတိကြီး ဖျားသွားသည်။

တော်တယ်။ ဒီချာတိတ်ကလေး သိပ်ကိုတော်တယ်။

ဒါ့ကြောင့်လည်း အဆင့်မြင့်ထိပ်တန်းအရာရှိကြီးတွေ ဝိုင်းဝန်းကန့်ကွက်နေသည့်ကြားက ပိုင့်ကို အသက်ငယ်ရွယ်ရွယ်နှင့် ဝန်ကြီးအဆင့် တိုးမြှင့်ခန့်အပ်ခဲ့သည် မဟုတ်ပါလား..။



''သေချာစဉ်းစားပါဦး အဓိပတိကြီးခင်ဗျား..ကျွန်တော်တို့ တိုင်းပြည်ဟာ တိတ်ဆိတ်ငြိမ်သက်ပိပြားပြီးသား တိုင်းပြည်တစ်ပြည်ပါ။ ဒီချာတိတ်ကလေးကို ကြည့်ရတာ ပြုပြင်ပြောင်းလဲရေးအတွေးအခေါ်သမား ဖြစ်ပုံပေါ်တယ်။ အကုန်ကမောက်ကမတွေ ဖြစ်ကုန်လိမ့်မယ်''

စစ်သေနာပတိချုပ်အိုအိုကြီးရဲ့ သတိပေးစကားကို ပြန်လည်ကြားယောင်ရင်း အဓိပတိကြီးပြုံးမိသည်။

မောင်ပိုင့်ကြောင့် တိုင်းပြည်တစ်ဆစ်ချိုးပြောင်းလဲခဲ့ရသည်ကိုတော့ ဝန်ခံရပေလိမ့်မည်။ ဘေးတိုက်သွားသည်ဟုဆိုဆို၊ ဂဏန်းသွားသွားသည်ပဲပြောပြော မောင်ပိုင့်ကျေးဇူးကြောင့် မိမိတို့နိုင်ငံသည် အဆင့်မြင့် နည်းပညာသုံး အကူလာ ရေငုပ်သင်္ဘောတီထွင်ထုတ်လုပ်နိုင်သော တိုင်းပြည်တပြည်ဖြစ်ခဲ့ရ သည်။

ခက်တာက အနောက်အုပ်စုပင်..။

မိမိတို့ နိုင်ငံကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ နှေးကွေး၍ဆိုပြီး၊ ဝင်ရိုးစွန်းမိစ္ဆာနိုင်ငံစာရင်းသွင်းပြီး စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်ထားသည်။

ရှေးဟောင်းအဆောက်အဦးများ၊ ဘုရားရှိခိုးကျောင်း များ၊ အစဉ်အလာကြီးမားသော ရှေးဟောင်းမျှော်စင်များ၊ အခြားအပြားရှိပါရက်နှင့် ခရီးသွားလုပ်ငန်းလုပ်ဆောင်ရာ၌ အဟန့်အတားများရှိနေသည်။

အနောက်အုပ်စုက မျိုးစုံအနှောက်အယှက်ပေးသည်။ ကမ္ဘာ့နဲ့အဝှမ်း ကိုလိုနီကျွန်ပြုလို့၊ နေမဝင်အင်ပါယာချဲ့ထွင်လို့

www.burmeseclassic.com

www.burmeseclassic.com



အားရတော့မှ Human right, Human right ထ,အော်ကြပြန်သည်။ ကျလည်းကျလောက်တဲ့ ကောင်တွေ..။

"မင်းလည်း..ကြားမိမှာပါ..မောင်ပိုင်.."

"ဟုတ်ကဲ့.."

"တို့နိုင်ငံကို အနောက်အုပ်စုက ဝင်ရိုးစွန်းမိစ္ဆာနိုင်ငံစာရင်းသွင်းပြီး စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ထားတဲ့ကိစ္စ.."

"ဟုတ်.."

"တို့နိုင်ငံမှာ ရှေးဟောင်းအမွေအနှစ်တွေပေါတယ်။ ခရီးသွားလုပ်ငန်းကို နိုင်ငံရဲ့အဓိက စီးပွားရေးအဖြစ် လုပ်လို့ရမှန်းသိတော့ နိုင်ငံခြားသားတွေ ဒီမလာကြနဲ့ တားဆီးပိတ်ပင်ကြပြန်ရော.."

"ဟုတ်....."

"ဆူးကြားမှာ ဘာသီးလဲ မောင်ပိုင်.."

"ခင်ဗျာ..သြော်..ဘူးခါးသီးပါတယ်..ဒယ်ဒီ.."

"အေး..ရေအစုန်မှာ အမှိုက်နဲ့အတူ မျောရအောင်၊ တို့တတွေက 'ဘာ'မဟုတ်ဘူးလဲ မောင်ပိုင်"

"'ဒိုက်' မဟုတ်ပါဘူး ဒယ်ဒီ.."

"မှန်တယ်။ တက်အစုံဖွင့် ရွက်အကုန်လွှင့်ပြီး တို့ခရီးတို့ဆက်ရမှာပဲ.. ရွက်ကျိုးရင်ဘာ ထိုးလှော်ရသလဲဟေ့..."

ကြာတော့ ပိုင် ဖော်လိုလိုက်နေရင်း ကြားက စိတ်ညစ်လာသည်။ စကားပုံအိုအိုကြီးတွေကို တရားသေဆုပ်ကိုင်ပြီး ခိုင်မာနေရတော့မယ့် အချိန်မဟုတ်...။



သူများက အင်္ဂါဂြိုဟ်ပေါ်တောင် ရောက်နေပြီ ကိုယ်က လှေဝမ်းဗိုက်ထဲကနေ ကိုယ့်ဘဝကိုယ် ပီတိဖြစ်နေမလား..။ စဉ်းတော့ စဉ်းစားစရာ..။

"တက်ကျိုးခဲ့ရင်ကောကွာ.."

"လက်ထိုးလှော်ရပါမယ် ဒယ်ဒီ.."

လက်ကျိုးရင်ကောကွာ..လို့ မေးလာပါက၊ ဆေးရုံးသာပို့လိုက်ပါတော့ ဒယ်ဒီရယ်ဟု အငေါ်တူးဖြေမည် ပိုင်တွေးထားစဉ်..

"လှေခွက်ချည်းကျန်..ဘာဖြစ်သလဲဟေ့.."

"လှေခွက်ချည်းကျန်မှတော့..ဘိတ်ချိုးကနေပဲ ပန်းဝင်ပြီးပေါ့ ဒယ်ဒီရယ်.."

"ဘာ..မင်းဘာပြောတယ်.."

အဓိပတိကြီးက ပိုင်ဆီမှ 'အောင်လံမလဲ'ဆိုသည့် စကားကို သေချာပေါက်ကြားရမည်တွက်ထားစဉ်၊ ဘိတ်ချိုးကနေ ပန်းဝင်ပြီပေါ့ ဒယ်ဒီရယ်ဆိုသည့် အဖြေကြောင့် အတော်ကလေး ဒေါသထွက်သွားသည်။

"ဒါက ဒီလိုရှိပါတယ်..ဒယ်ဒီ။ ကျွန်တော်ရှင်းပြပါရစေ..."

www.burmeseclassic.com

www.burmeseclassic.com

*ငါးနှစ်ခန့်ကြာသောအခါ.....*

## အခန်း (၁၈)

ယနေ့သည် အဓိပတိကြီးအပါအဝင် စစ်သေနာပတိချုပ်များ၊ နိုင်ငံ့အကြီးအကဲများ၊ သက်ငြိမ်နိုင်ငံသူ နိုင်ငံသားများ၊ အဆင့်မြင့်ထိပ်တန်း သိပ္ပံပညာရှင်များနှင့် ပိုင်၏ အကြီးကျယ်ဆုံး စိတ်လှုပ်ရှားရသောနေ့တစ်နေ့ ဖြစ်လေသည်။

ဓာတ်မာန်၊ တိုင်းပြည်နှင့်လူတစ်ဦးချင်းဆီ၏ ဂုဏ်သိက္ခာသမိုင်းကြောင်း မြင့်တင်ခြင်းစသည့် စိတ်ဓာတ်အင်အားများကတစက္ကန့်ရွေ့လျားတိုင်း ရွေ့လျားတိုင်း၊ လူတိုင်း လူတိုင်းရဲ့ရင်ထဲအသည်းထဲ သွေးကြောတွေထဲ တိုးဝင်စီးဆင်းလျက်ရှိချေသည်။

မှန်သည်..။

ယနေ့ လူလိုက်ပါသော အာကာသလွန်းပျံယာဉ်တစ်

www.burmeseclassic.com

www.burmeseclassic.com



စင်းကို ပထမဆုံးအကြိမ် အာကာသထဲလွှင့်တင်မည့်နေ့ ဖြစ်လေသည်။

ထို အာကာသသူရဲကောင်းမှာ မည်သူဖြစ်မည်ဟု သင်ထင်သနည်း..။

ပိုင်သည် ပြင်းရှသော စိတ်ခံစားချက်များနှင့် လွန်ခဲ့သည့် ငါးနှစ်ခန့်က အမိပတိကြီးနှင့်သူ ပြောဆိုခဲ့ကြသည်များကို ပြန်လည် အမှတ်ရနေမိသည်။

"လေ့ခွက်ချည်းကျန်..ဘာဖြစ်သလဲဟေ့.."

"လေ့ခွက်ချည်းကျန်မှတော့ ဘိတ်ချိုးကနေပဲ ပန်းဝင်းပြီပေါ့ ဒယ်ဒီရယ်.."

"ဘာပြောတယ်.."

ပိုင်သည် အမိပတိကြီးရဲ့ ဒေါသကို အသိအမှတ်ပြုရှိသေသည့်သဘောနှင့် ခေါင်းတချက်ညိတ် ဦးညွှတ်လိုက်ပြီး..

"ဒီနေ့ ဘာနေ့လဲဆိုတာ..ဒယ်ဒီသိရဲ့လား.."

"ဘာနေ့မို့လဲ.."

"မိုင်ပေါင်း ၃၅၄ သန်းအကွာအဝေးမှာရှိတဲ့ အင်္ဂါ ဂြိုဟ်ရဲ့ ဂေးလ်ချိုင့်ဝှမ်းပေါ်ကို ကျူရီယိုစီတီအာကာသယာဉ် အောင်အောင်မြင်မြင်နဲ့ ဆင်းသက်နိုင်တဲ့နေ့ ဒယ်ဒီ...။ ဒယ်ဒီကသာ တက်ကျိုးရင်လက်ထိုးလှော်နေတာ..အနောက်က ကောင်တွေက အင်္ဂါဂြိုဟ်ပေါ်တောင်ရောက်နေပြီ..""..........."

"တကယ်လို့ အင်္ဂါဂြိုဟ်ပေါ်မှာ တချိန်က သက်ရှိတွေနေထိုင်ခဲ့ရိုးမှန်ရင် ကမ္ဘာပေါ်က လူတွေနဲ့ ဆွေမျိုးတော်စပ်ခဲ့ဖူးတယ်ဆိုတဲ့ Panspermia (သမ္ဗ ဗီဇ အယူအဆ)တွေကို အုံးအစားခံပြီး လေ့လာနေကြပြီ.."

"..............."

"အင်္ဂါဂြိုဟ်ပေါ်က ကောင်တွေနဲ့ ကျွန်တော်တို့ ဆွေမျိုးတော်တယ်ဆိုတဲ့ အယူအဆဟာ ၂၁ရာစု သိပ္ပံပညာရှင်တွေရဲ့ ယူဆချက်မဟုတ်ဘူး ဒယ်ဒီ။ ဘီစီငါးရာစုကတည်းက ဂရိဒဿနပညာရှင် အင်နက်ဆာဂိုရပ်စ်ရဲ့ အယူအဆပါ..။ ဘုရားသခင် မပေါ်ခင်ကတည်းက သူတို့ဟာ စပ်စပ်စုစုနဲ့အရှေ့ကို သိပ်ရောက်နေကြပြီ။ ကျွန်တော်တို့တွေ ဒီလိုပဲ ခေါင်းမာစွာနဲ့ အနောက်မှာ ကျန်နေခဲ့မလား ပြော..."

အမိပတိကြီးရဲ့ မျက်နှာမှာ ခက်ထန်မာကြောနေရင်းမှ စတင်တွေဝေစပြုလာသည်။ နောက်တော့ အတော်အတန် ပျော့ပြောင်းညင်သာလာကာ ပိုင်နှင့် သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာရေးကိစ္စများ ခေါင်းပေးဆွေးနွေးရင်းကနေ အာကာသစူးစမ်းလေ့လာရေးအစီအစဉ်တရပ် စတင်ချမှတ်ခဲ့နိုင်လေတော့၏။

"ဒီ စီမံကိန်းက ရည်ရွယ်ချက် ကောင်းမွန်ပေမယ့် ဒေါ်လာ ဘီလီယံနဲ့ချီပြီး ဘတ်ဂျက်သုံးစွဲရမှာ မောင်ပိုင်"

"ဒါက လွယ်ပါတယ် ဒယ်ဒီ၊ ကျွန်တော်တို့တိုင်းပြည်ကို သိပ်အကျိုးမပြုတဲ့ မြစ်ရေတာင်စီမံကိန်းတွေ ရပ်နားလိုက် မယ်ဆိုဘတ်ဂျက်တွေလည်း ပိုထွက်လာမှာဖြစ်သလို မြစ်ချောင်း တွေပါ သဘာဝအတိုင်း ကာကွယ်ထိန်းသိမ်းပြီးသား ဖြစ်တာ ပေါ့.."

ပိုင်အကြံပြုချက်ကြောင့် အမိပတိကြီးမှာ မျက်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ခတ် ပုတ်ခတ် နှစ်ခါ သုံးခါလောက်လုပ်ပြီး စဉ်းစားနေလေသည်။

"အကျင့်ပျက်ခြစားမှုတွေကို တိုက်ဖျက်ရင်းကနေ ထွက်လာမယ့် ဘတ်ဂျက်တွေ၊ လမ်းတံတားဆည်ဥမင်လိုဏ်ခေါင်း နျူကလီးယားစီမံကိန်းတွေထဲက အကျိုးမရှိနိုင်တဲ့ စီမံကိန်းတချို့ကို ရပ်နားလိုက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အာကာသ စူးစမ်းလေ့လာရေးစီမံကိန်းဟာ အကောင်အထည် ဖော်လို့ လုံးဝကို ရပါတယ် ဒယ်ဒီ"

"ကောင်းပြီလေ··ငါကိုယ်တိုင်ကလည်း တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ကြောင်း၊ စည်းကမ်းရှိပြီး ငြိမ်ဝပ်ပိပြားကြောင်း၊ ကမ္ဘာကို ချပြချင်တဲ့သူ၊ မင်းကလည်း ကမ္ဘာကို ကိုင်လှုပ်မယ့် မဟာဦးနှောက်ပိုင်ရှင်ဆိုတော့ ငါတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြတာပေါ့··"

ဒီလိုနဲ့···။

ဒီလိုနဲ့ပေါ့···။

အခန်း (၁၉)

ပိုင်ဦးဆောင်လှုပ်ရှားခဲ့သော အာကာသစူးစမ်းလေ့လာရေး စီမံကိန်းမှာ ကနဦးကာလများ၌ ဝေဖန်တိုက်ခိုက်ခံရမှုပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ရပြီး၊ လူလိုက်ပါခြင်းမရှိသော silent 1 အာကာသယာဉ်အောင်မြင်စွာ လွှင့်တင်ပြီးချိန်မှာတော့ ပိုင် သည် ပြည်တွင်း၊ ပြည်ပက စောင့်ကြည့်အာရုံစိုက်ခံရသော ပုဂ္ဂိုလ်ကျော်တစ်ယောက် ဖြစ်ခဲ့ရသည်။

ထို့နောက် မျောက်တစ်ကောင် လိုက်ပါသော Silent 2 အာကာသယာဉ်ကို ထပ်မံအောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြန် သည်။

ထို့နောက်မှာတော့ ပိုင်သည် မရွယ်ဘဲ စော်ကဲမင်း ဖြစ်ဆိုသလို၊ တစ်ချိန်က လူအများပြက်ရယ်ပြုခဲ့ကြသည့် ဂဏန်းလို ဘေးတိုက်သွား ရေငုပ်သင်္ဘောတီထွင်ခဲ့နိုင်ခြင်းအပေါ် ကမ္ဘာ့ သိပ္ပံပညာရှင်အဖွဲ့က ပြန်လည်သုံးသပ် ဆင်ခြင်ကာ၊

www.burmeseclassic.com

www.burmeseclassic.com



ရေနေသတ္တဝါတစ်ကောင်ဖြစ်သည့် ဂဏန်း၏ လှုပ်ရှားမှုနှင့် အနီးစပ်ဆုံးဖြစ်အောင် ရေငုပ်သင်္ဘောတစ်စင်းတီထွင်ခဲ့နိုင်ခြင်းမှာ အလွန်တရာ သဘာဝကျလှသည် မှတ်ချက်နှင့် နည်းပညာအမြင့်မားဆုံး တော်ဝင်ဒီဇိုင်းဆုကို အလေးရောက်ချီးမြှင့်ပေးအပ်ပြီးချိန်မှာတော့...

ပိုင်သည် ကမ္ဘာကျော် သိပ္ပံပညာရှင်၊ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်၊ အဓိပတိကြီးရဲ့ လက်စွဲဖြစ်ခဲ့ရသည်။

(ဤ)နေရာတွင် ကျွန်ုပ်စာရေးသူသည် ပိုင်နှင့်ဖြူဖြူပြာပြာဝါတို့၏ အချစ်ဇာတ်လမ်းအချိုးအကွေ့များ၊ Facebook, twitter ဝက်(ဘ်)ဆိုက်များမှတဆင့် ကမ္ဘာအရပ်ရပ်မှ ကောင်မလေးများ ပိုင့်ထံ ချဉ်းကပ်ပုံ၊ ထို မိန်းကလေးများနှင့် ဖြူဖြူပြာပြာဝါတို့အား ပြိုင်ကြပုံ၊ မတော်ရသေးသည့် သိပ္ပံပညာရှင် သမက်လောင်းအားကိုးနှင့် မော်ဒန်ကဗျာဆရာကြီး ကန်ဝေး ကလောင်စွမ်းအားနှင့် ထော်လော်ကန့်လန့်နိုင်မှုများ၊ ဝတ္ထုအစတွင် ပါဝင်ခဲ့သော ငှက်ကြီးတန်ပိုနှင့်ယနေ့ ကမ္ဘာကျော် ပိုင်တို့ ပြန်လည်တွေ့ဆုံ စကားပြောခန်းများ၊ ဝတ္ထုအစတွင် ပါဝင်ခဲ့သော ဇေဒင်ဆရာကြီးဒေါက်တာကြံ့အာကာမှီ၏ ပိုင်နှင့်ပတ်သက်သော ဟောကိန်းများကို နိုင်ငံခြားဇာတ်လမ်းတွဲများ ပေရှည် အချိန်ဆွဲကြသလို၊ စာဖတ်သူဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားကာ ဂင်းနစ်ကမ္ဘာ့စံချိန်တွင် ကမ္ဘာ့အရှည်လျားဆုံးနှင့် စိတ်ဝင်စားစရာအကောင်းဆုံး ဇာတ်လမ်းတွဲဖန်တီးသူစာရင်းဝင်ရန် သွားရောက် ယှဉ်ပြိုင်ပစ်မည်ဟု အမြင်ကပ်စွာဆုံးဖြတ်မိပါ သေးသည်။



သို့သော် ..စာဖတ်ပရိသတ်၏ တန်ဖိုးရှိလှသော အချိန်များ အလဟဿမဖြုန်းတီးလိုသည်မို့ မိမိ၏အတွေ့ကိုလျှော့ချပြီး ယခုဝတ္ထုကိုလည်း စကားလုံးကျစ်ကျစ်လစ်လစ်၊ ခိုင်မာထိမိသော ဖွဲ့စည်းပုံဖြင့် သေသပ်ကောင်းမွန်စွာ ဖန်တီးတော့ မည်ဟု ပြင်ဆင်ဆုံးဖြတ်လိုက်ရပါတော့သည်။

တိုင်းပြည်တစ်ပြည်တွင် ဘဏ်စွဲသူများ အမြောက်အမြားရှိလာပါက ဘိန်းထုတ်လုပ်သူ၊ ရောင်းချသူကို စီမံချက်တစ်ရပ်အနေနှင့် လိုက်လံဖမ်းဆီးထောင်ချ ပစ်နိုင်ပါသည်။ သို့သော် ဇာတ်လမ်းတွဲစွဲနေသူများပြားလာလျှင်တော့ ဇာတ်လမ်းထုတ်လုပ်ရောင်းချသူများကို ဖမ်းဆီးအရေးယူ၍ မရနိုင်ပါ..။

ည ခုနစ်နာရီထိုးသည်နှင့် မိမိရပ်ကွက်မီးပျက်လျှင်မီးလာသည့်ရပ်ကွက်များသို့ သွားရောက်တီဗီကြည့်ရှုရသူ အမျိုးသမီးကြီးများ၏ ဒုက္ခကို စာရေးသူမြင်ပြီး များစွာစိတ်မသက်မသာဖြစ်ရပါသည်။ သူတို့ခမျာ တစ်ညလည်းမဟုတ် နှစ်ညလည်းမဟုတ်..။ ဘာဖြစ်လာမလဲ၊ ဘာဖြစ်လာမလဲ မျှော်လင့်ချက်နှင့် ညစဉ် ဟိုအိမ်ကူး၊ ဒီအိမ်ပြန်လာကြည့်ရှုနေရသည်မို့..။

လိုအပ်သည်ထက် ပိုမိုအချိန်ဆွဲပေရှည်နေသော ဖအေပျောက်၊ မအေပျောက်ရှာပုံတော်၊ ရိုးတွင်းချဉ်ဆီအစားထိုးကုသခြင်း၊ ကိုယ့်ကို ချစ်သည့် ယောက်ျားလေးတစ်ယောက် အားဇာတ်နာနာဖြင့် လိုက်လံချစ်ခင်ယုယနေရခြင်း၊ ချွေးမနှင့်ယောက္ခမအေလိမ္မာ၊ ဇာတ်လမ်းတွဲများ ကြည့်ရှုနေရပါက

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် အဖျော်ဖြေခံနေရသည်လား၊ အညာခံနေရသည်လား၊ အချိန် အခိုးခံနေရသည်လား ဆင်ခြင်သုံးသပ်ကြပါရန် အများ အကျိုးမျှော်၍ ဤနေရာမှ နှိုးဆော်လိုက်ရပါသည်)

ပိုင့်ကြောင့် သက်ငြိမ်တိုင်းပြည်မှာ ကမ္ဘာက အာရုံ စူးစိုက်စောင့်ကြည့်နေစဉ် အမိပတိကြီးမှာလည်း တစခန်းထ လာပြန်သည်။

ထိုသည်မှာ အခြားမဟုတ်။

အာကာသယာဉ်တွင် ပထမဆုံးလိုက်ပါမည့် အာကာသ သူရဲကောင်းရွေးချယ်ခြင်းမှ စတင်ခဲ့လေသည်။

"ရွေးချယ်တဲ့နေရာမှာ သတ္တိရှိပြီး စွန့်စားလိုစိတ်ရှိနေ ရုံနဲ့ မပြီးဘူးဒယ်ဒီ..။ ကျန်းမာရေး၊ ကိုယ်ခံစွမ်းအား၊ ထိုးထွင်း ဆင်ခြင်သုံးသပ်ဉာဏ်တွေပါ ရှိမှဖြစ်မှာ။ လေတပ်မှာ မစ်တွမ် တိနိုင်းတို့ စူပါစောနစ်တို့ မောင်းနေကြတဲ့ တိုက်လေယာဉ်မှူး တစ်ယောက်ကို ရွေးချယ်လိုက်တာ အသင့်လျော်ဆုံးဖြစ်မယ် ထင်တယ်"

ပိုင့် အကြံပြုချက်မှာ လက်တွေ့သဘောသဘာဝနှင့် နီးစပ်လှသည်မို့ ထိပ်တန်းအရာရှိကြီးများ ပညာရှင်များကပါ ဝိုင်းဝန်းထောက်ခံခဲ့ကြသော်လည်း အမိပတိကြီးမှာ မည်သူ့ကိုမှ စိတ်တိုင်းမကျနိုင်။

အကြောင်းမှာ အမိပတိကြီးတွင်လည်း တိတ်တိတ် ကလေး ကြိတ်ပြီးကြံစည်နေမိသော စီမံကိန်းတစ်ခု ရှိနေခြင်း ကြောင့် ဖြစ်သည်။



ယခုအခါတွင် ကမ္ဘာက မိမိကို ခေါင်းမာသော ခေါင်းဆောင်တစ်ယောက်အဖြစ် စောင့်ကြည့်နေရုံသာမက၊ မိမိ တို့နိုင်ငံက လွှင့်တင်မည့် လူသားလိုက်ပါမည့် Silent 3 အာကာ သယာဉ်လွှတ်တင်မည့် အစီအစဉ်ကိုပါ စောင့်ကြည့်နေကြချိန် ဖြစ်သည်။

အနောက်ကမ္ဘာက လွှင့်နေသည့် လေလှိုင်းအသံလွှင့် ချက်များတွင်လည်း မိမိသည် ရောဂါဘယများ ထူပြောနေကာ၊ ဆေးဝါးများနှင့် ကျားကန်အသက်ဆက်နေရကြောင်း၊ မိမိ၏ အရိုက်အရာဆက်ခံမည့်သူကိုပါ ရွေးချယ်နေရပြီဖြစ်ကြောင်း သတင်းများ မကြားချင်အဆုံး ကြားနေကြသည်။

ထို့ကြောင့် အမိပတိကြီးမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလို မိမိခေါင်ခေါင်မြည်ကြောင်း ပြသဖို့ရာ အာကာသယာဉ် နှင့်လိုက်သွားဖို့ ဆုံးဖြတ်မိပါတော့၏။

ဘယ်လောက်တောင် ခေါင်းမာပြီး တဇောက်ထိုးဆန်လှ သည့် ပုဂ္ဂိုလ်ကြီး တယောက်ပါပေလဲ။ ကြားကြားချင်း ပိုင် ကိုယ့်နားကိုယ်ပင် မယုံကြည်ချင်..။

ဒီကိစ္စ ဘယ်လိုမှ မဖြစ်နိုင်..လုံးဝမှကို မဖြစ်နိုင်..။

"ဗျာ..ဘယ်လို..."

"အေး..ဟုတ်တယ် Silent 3 နဲ့လိုက်မယ့်သူကို ငါလို့ပဲ ငါကိုယ်တိုင်အတည်ပြုရွေးချယ်လိုက်တယ်"

"စဉ်းစားပါဦး..ဒယ်ဒီ..။ ဒယ်ဒီက အသက်ခုနစ် ဆယ်နားကပ်နေပြီ.."

www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြော..ဒီအသက်အရွယ်သတင်းကို ငါအမှောင်ချထားတာ ကြာပြီ"

"သွေးတိုး၊ နှလုံး၊ ဆီးချို၊ ခါးနာ၊ ဒူးခေါင်းကိုက်တဲ့ ရောဂါတွေလည်းရှိနေပြီ"

"တိုးတိုးပြောစမ်းကွာ..ဒီသတင်းတွေ ပေါက်ကြားလို့ မဖြစ်ဘူး.."

"ဒါပေမယ့် ကျွန်တော်စိုးရိမ်တယ် ဒယ်ဒီ..။ ဒယ်ဒီနဲ့ အာကာသခရီးစဉ်နဲ့ ဘယ်လိုမှကို မအပ်စပ်ပါဘူး။ ဒီခရီးက မနက်သွား၊ ညနေပြန်လည်း မဟုတ်ဘူး၊ လကမ္ဘာပေါ်အထိ လွှင့်တင်မယ့် ခရီးမဟုတ်ပေမယ့် အာကာသထဲမှာ ၁၃ရက်တိတိ ကြာမှာနော်.."

"ဒီတော့ လွယ်ပါတယ်။ မင်းက ငါနဲ့အဆင်ပြေမယ့် လူကြီးစီးအာကာသယာဉ်တီထွင်ပေးလိုက်ပေါ့"

တိန်...။

"စဉ်းစားပါဦး ဒယ်ဒီရယ်.."

"ဟိတ်ကောင်..ငါ မိုက်ရူးရဲလျှောက်လုပ်နေတာ မဟုတ်ဘူး။ သေသေချာချာစဉ်းစားပြီးတော့မှ ဆုံးဖြတ်တာ၊ ငါ့ကို အသက်ကြီးပြီး ရောဂါဘယထူပြောနေတဲ့ လူအိုကြီးလို့ ထင်နေတဲ့သူတွေကို ငါ ကျန်းမာကြောင်း နောက်ထပ်နှစ် နှစ်ဆယ်လောက် အေးအေးဆေးဆေးအုပ်ချုပ်နိုင်သေးကြောင်း ပြသဖို့ ဒီအာကာသခရီးစဉ်ကို ရွေးချယ်လိုက်ရတာပဲ.."

"ကိုယ့်ကျန်းမာတာ ကိုယ်သိရင် တော်ပြီပေါ့ ဒယ်ဒီ-



ရယ်..သက်သေပြစရာလား..လို့"

"ဟိတ်ကောင်..လျှာမရှည်နဲ့.."

ဒီလောက်ဆို ပိုင်သဘောပေါက်လိုက်သည်။

ပြိုင်ငြင်းနေလို့လည်း ရတော့မည် မဟုတ်တော့...။

သူပြောသလို လူကြီးစီးအာကာသယာဉ်တစ်စီး တီထွင်ပေးလိုက်ခြင်းသာ အကောင်းဆုံးဖြစ်ပေတော့သည်။ အမိပတိကြီးက ဆက်ပြောသေးသည်။

"ကမ္ဘာ့ခေါင်းဆောင် တော်တော်များများဟာ သူတို့ ဘယ်လောက် စိတ်ဓာတ်ကြံ့ခိုင်မှုရှိကြောင်း အတ္တဗဟိုပြုမာနတွေ အခါအားလျော်စွာ ပြသတတ်ကြတယ်ကွ..."

"ဟုတ်..."

"ဥပမာ..မော်..ကွာ..."

"အန်..မော်ဆိုတာ ဘယ်သူတုံး"

"မော်စီတုံးကိုပြောတာ..သူဟာ ရေခဲတမျှအေးခဲနေတဲ့ ယန်စီမြစ်ထဲကို သူတစ်ကိုယ်လုံး စိမ်ပြီး သူ့ရဲ့ကြံ့ခိုင်မှုကို ပြသခဲ့ဖူးတယ်..."

ပိုင် သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ပတ်သက်လို့ ဒီလိုကိစ္စမျိုးတွေ ရှိတတ်ကြတယ်ဆိုတာတော့ ကြားဖူးပါတယ်။ ဥပမာ နပိုလီယံ..."

အမိပတိကြီးက စစ်ဘုရင် နပိုလီယံနာမည်လည်း ကြားရော..။ အလွန်တရာ စိတ်ဝင်စားသွားပြီး...

www.burmeseclassic.com

www.burmeseclassic.com

"အင်း..နပိုလီယံက ဘာဖြစ်သတဲ့တုန်း၊ ဘယ်လိုစွန့်စားပြလိုက်သတဲ့တုန်း ပြောစမ်းပါဦး.."

"စွန့်စားတာလား ဘာလားတော့ မသိဘူး။ သူ့မှာ ဂျော့ဆိုတဲ့ ထွားထွားကြိုင်းကြိုင်း အပျော်မယား ကချေသည် တယောက်ရှိတယ်တဲ့"

"လုပ်လာပြီ.."

"အဟီး..အဲဒါ နပိုလီယံ ဂျပုက တချို့ညတွေဆို သူမအိပ်သေးခင် အဲဒီအရပ်မြင့်မြင့်ကချေသည်မကြီးကို မြင်းလိုခွစီးပြီး ခုတင် ပတ်ပြေးခိုင်းတယ်လို့တော့ ကြားဖူးတာပဲ ဒယ်ဒီရယ်.."

"ဟာကွာ..ဒီကောင်.."

အဓိပတိကြီးမှာ နပိုလီယံနှင့် ခိုင်းနှိုင်းလိုက်သည့် အတွက် ဝမ်းသာအားရဖြစ်သွားသော်လည်း စစ်ဘုရင်ကြီးရဲ့ ကြောင်စီကွေးလုပ်ရပ်ကြောင့် သူ့ကိုယ်သူပါ မလုံမလဲဖြစ်သွားပြီး...

"နပိုလီယံနဲ့ နှိုင်းတာတော့ ငါ သဘောကျပါတယ်။ မင်းစကားပြောတာတော့ ဆင်ခြင်ရင်ကောင်းလိမ့်မယ် ငါကတော့ ဘယ်မိန်းမကိုမှ မြင်းလိုခွစီးပြီး ခုတင်ပတ်မပြေးခိုင်းဘူး မောင်ပိုင်..."

## အခန်း (၂၀)

စိတ်လှုပ်ရှားမှုကြီးစွာနှင့် အများမျှော်လင့်စောင့်စားနေသော "ဒီနေ့"ကို ရောက်လာခဲ့ပါပြီ။

ပြည်တွင်း ရုပ်သံလိုင်းများကလည်း အာကာသခရီးစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသလို လူအများကလည်း စောင့်ကြည့်လျက်ရှိချေသည်။

တိုင်းပြည် ထိပ်တန်းခေါင်းဆောင်များကတော့ မကြာမီ အာကာသခရီးစဉ်နှင့်လိုက်ပါတော့မည့် အဓိပတိကြီးကို ဂါဝရပြုနှုတ်ဆက်ရန် အာကာသသိပ္ပံမျှော်စင်သို့ ရောက်ရှိနေရာယူလျက်ရှိပါ၏။

ပိုင်သည် လွန်ခဲ့သည့်နှစ်များဆီက အဓိပတိကြီးနှင့် ပြောဆိုဖြစ်ပျက်ခဲ့သည်များကို တကန့်ချင်း တကန့်ချင်း မြင်ယောင်ကာ ပါးပြင်မှမျက်ရည်တချို့ လိမ့်ဆင်းလျက်ရှိချေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်၏ နေရာတော်တော်များများမှာလည်း ကိုလိုနီနယ်ချဲ့တော်လှန်ရေးသီချင်းများနှင့် အမျိုးသားသီချင်းများ သိမ့်သိမ့်တုန်အောင် ကြားနေရပြီး၊ အာကာသယာဉ် ထွက်ခွာချိန်ကို အံ့သြဘနန်း စောင့်ဆိုင်းလျက်ရှိပါသည်။

သိပ်မကြာ..။

မိုးထက်သို့ ဖြောင့်တန်းစွာထောင်မတ်နေသော အာကာသယာဉ်မှာ စတင်အသက်ဝင်လာပြီး၊ လောင်စာများ စတင်လောင်ကျွမ်းကာ ရောမမီးခိုးလုံးကြီးများ ကောင်းကင်ယံသို့ တလိမ့်လိမ့်တက်လျက်ရှိလေတော့၏။

8.., 7..., 6..., 5..., 4..., 3..., 2..., 1........

ဟာ...။

ပိုင့်ရင်တစ်ခုလုံး ကောင်းကင်ယံ ပျံတက်သွားသည်လား..။ မြေကြီးထဲကျုံ့ဝင်သွားသည်လား မပြောတတ်ပါ.။

ကြီးမားခမ်းနားလွန်းသည့် သမိုင်းအချိုးအကွေ့ကြီး တစ်ခု...။

တွဲဆိုင်းထားသော ဖရိန်များက စနစ်ကျစွာ ပွင့်ထွက်သွားချိန်မှာတော့ ပြင်းထန်သော မီးသိန်းလောင်စာစွမ်းအင်များနဲ့အတူ မိုးထက်သို့ ရှန်းကြွတက်လာသော Silent 3 ဟာ တိုင်းပြည်ရဲ့ မြင့်မြတ်လှတဲ့ ဂုဏ်သိက္ခာတွေကို ကောင်းကင်ယံအထိ ခေါ်ဆောင်သွားလေပြီ...

မှင်တက် အံ့သြနေကြသော လူအုပ်ကြီးထဲမှ အလျှံပယ်ထွက်လာသော လက်ခုပ်သံတွေ..။ တိုင်းပြည် ထိပ်တန်းအရာ



ရှိကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ သိပ္ပံပညာရှင်များနှင့် တိုင်းသူပြည်သားများက မိုးထက်သို့ တရွေ့ရွေ့ ပျံတက်သွားသော Silent 3 ကို ဂါရဝအပြည့်နှင့် ဦးညွှတ်အလေးပြုလိုက်ချိန်မှာတော့ တစ်ယောက်သော သူမှာ ထူးထူးခြားခြားဆိုသလို မတ်တပ်ရပ်ရင်း လက်အုပ်ချီဦး ကန်တော့ လိုက်လေတော့သည်။

"တစ်ချက်ခုတ်တာ သုံးချက်ပြတ်သွားတယ်..ဒယ်ဒီ.. မလွဲမရှောင်သာလို့ တီထွင်လိုက်ရတဲ့ လူကြီးစီးအာကာသယာဉ်တစ်စီးပါ..။ ဒယ်ဒီ အစစအရာရာ အဆင်ပြေချောမွေ့ပါစေ..။ ဒယ်ဒီ့ကို ရှိခိုးကန်တော့လိုက်ပါတယ်။ သား မှားတာရှိရင်လည်း ခွင့်လွှတ်ပါ.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အနောက်ဘက် လှိုင်းတွေ ဘောင်ဘင်ခတ်ကောင်းနေတုန်း နူးညံ့တဲ့ဝံပုလေးတွေသွားနဲ့ ငါ့ချစ်ခြင်းတွေ သင့်မနက်ခင်းကို နှုတ်ဆက်လိုက်တယ်..မင်္ဂလာပါချစ်သူ..တကယ်တော့ ကိုယ်ဆိုတဲ့ ကောင်ဟာ မင်းကိုစတွေ့တဲ့ တစ်စက္ကန့်ရဲ့ ရှစ်ပုံတစ်ပုံအတွင်းမှာတင် ကျဆုံးခဲ့ရသူပါ..။ ချစ်သူရဲ့ အကြည့်တစ်ချက်..ကိုယ့်ရင်ဘတ်ကို အဆိပ်တက်ခဲ့ပေါ့..။ ကောင်းကင်ဆီကို ဒုတိယအကြိမ် ပျံသန်းလာမယ့် ညနေခင်းဟာလည်း မင်းအတွက်တော့ လေပြေညှင်းကလေးဖြစ်လာလိမ့်ဦးမယ်.."

ဘာလဲဟ..။

ပိုင် အသံလာရာဆီသို့ ဘုရှိုး ရှူးလိုက်သည်။

ကဗျာရွတ်ပွဲတစ်ခုမှာ မိမိရဲ့ ဂုဏ်ထူးဆောင်ယောက္ခမကြီး ကန်ဝေး ကဗျာရွတ်နေသလား..လို့။



မဟုတ်ပါ...။

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို အတွန့်အတက် အညွန့်အခက်တွေနှင့် ရည်စားစကားပြောဆိုနေခြင်း ဖြစ်ပါသည်။

စကားလုံးခွန် ကင်းလွတ်ခွင့်ရခဲ့တာကြာပြီမို့ တိုင်းသူပြည်သားတွေဟာ စကားကို အလှဆင်ပြီးဖက်ရှင်တစ်ခုလို လွတ်လပ်စွာပြောဆိုနေကြပြီ။

လူကြီးစီး အာကာသယာဉ်ကြီး ကောင်းကင်ယံကို အဆုံးမရှိ ပျံတက်သွားပြီးတဲ့နောက် သက်ငြိမ်တိုင်းပြည်ဟာ အသွင်ကူးပြောင်းရေးကိစ္စများ အချိန်တိုတိုအတွင်း ဖြစ်ပျက်ပြောင်းလဲခဲ့ပါသည်။

လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲတွေကလည်း လေးနှစ်တစ်ကြိမ်၊ လွှတ်တော်တွင်းက ဆွေးနွေးငြင်းခုံမှုတွေကလည်း တိုင်းသူပြည်သားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်လို့၊ အလုပ်သမား၊ လယ်သမားတွေမှာလည်း သမဂ္ဂအဖွဲ့အစည်းနဲ့သူ၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ပွဲများကလည်း နေရာတကာ ကျင်းပလာ..ဩော်..လျှပ်စစ်မီးဆိုတာလည်း 24/7

သဘောထားတင်းမာလှတဲ့ ခေါင်းဆောင်ကြီးခေတ်အလွန်၊ အထီးကျန်တိုင်းပြည်ငယ်ကလေးဟာ သူ့ခွန်အားတွေနဲ့သူ ရုန်းကြွလာနိုင်ခဲ့ပြီး၊ အင်အားကြီးနိုင်ငံများရဲ့ ဖေးမမှုတွေနဲ့အတူ ကမ္ဘာ့အသိုင်းအဝိုင်းလောကထဲ ဝင်ဆန့်လာနိုင်ခဲ့ပြီ..။

ပညာရေးပိုင်းမှာလည်း အစိုးရတက္ကသိုလ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



အနောက်နိုင်ငံက နာမည်ကျော် တက္ကသိုလ်များ ပူးပေါင်း သင်ကြားရေး ညွှန်းတမ်းများရှိလာပြီမို့ ယခင်က ဒေါ်လာပေးပြီး နိုင်ငံခြားမှာ တက္ကသိုလ်တက်ရသည့် ပြည်တွင်းပုဂ္ဂလိက ကျောင်းများ ဖင်ထိုင်စပြုလာသည်။(အရင်ကတော့ ဖင့်ဆော့ခဲ့ကြသည်။)

အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကောင်းမွန်ပြေပြစ်သော ဝန်ဆောင်မှုများကြောင့် ပြည်သူ့ဆေးရုံကြီးဟာ လည်း ပုဂ္ဂလိက ဆေးရုံများထက် တပန်းသာခဲ့လေပြီ··။

ယခင်က လူတန်းစားတစ်ရပ်သာလျှင် ကားစီး ဖုန်းကိုင်နိုင်သော ခေတ်မှ ယနေ့တွင်မတော့ လယ်ကွင်းထဲမှ ကောက်စိုက်သမလေးသည်ပင် ထန်းတောမှာ ထန်းရည်မူးနေ သည့် ချစ်သူထံ တယ်လီဖုန်းဆက်ပြီး ‘ကော’ နေနိုင်ပြီ။

ဒါတင်ပဲလား··။ မကပါ···။

ကမ္ဘာ့အသိုင်းအဝိုင်းထဲ ဝင်ဆံ့လာခဲ့ပြီမို့ လူတစ်ဦး တစ်ယောက်ချင်းဆီရဲ့စိတ်ဓာတ်များလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အနုပညာရှင်များသည်လည်း ကမ္ဘာနဲ့ချိန်ပြီး သူ့အနုပညာကို ဖန်တီးလာခဲ့ပြီမို့ တိုင်းပြည်အရှက်ကွဲ သက်သာလာခဲ့သည်။

ဥပမာ တခုပြောရမည်ဆိုလျှင် အရင်က ဟိုဝတ္တုထဲက တစ်ခန်းခိုးချ၊ ဒီရုပ်ရှင်ထဲက တစ်ခန်းကူးချနှင့် မျက်နှာပြောင် တိုက်ကာ သုံးရက်တစ်ကား၊ ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ရိုက်ကြီး(3 days creation)ပင်၊

ယခု ဒါရိုက်တာ ရိုက်ကျဲ(3 years creation)ဟု



နာမည်ပြောင်းလိုက်ပြီး သူဖန်တီးသည့် ဇာတ်ကားကို သုံးနှစ် သုံးမိုးအချိန်ပေးကာ အရိုက်ကျဲသွားပြီး ကမ္ဘာကို ချပြဖြန့်ချိခဲ့နိုင်ပြီ···။

တေးရေး၊ တေးဆိုဘက်ကို ကြည့်မည်ဆိုလျှင်လည်း ယခင်က Black eyes Susan Brother John သီချင်းကိုပါ ချမ်းသာမပေးခဲ့ကြသည့် စုပါကော်ပီဆရာကြီးများ ယနေ့ အချိန် အခါမှာတော့ အလွယ်လမ်းမလိုက်ဝံ့ကြတော့ဘဲ ကမ္ဘာက အသိအမှတ်ပြုရန် ကြိုးစားလာကြတော့သည်။ အင်းလေ·· ဒါရိုက်တာ ရိုက်ကြီး(3 days creation)ပင် ဒါရိုက်တာ ရိုက်ကျဲ (3 years creation )လိုင်းပြောင်းသွားမှတော့ သူတို့လည်း ရှေးရိုးကြီးအတိုင်း ဘယ်အလွယ်လိုက်ရဲကြတော့မလဲ··)

မှန်သည်။

မိမိတို့ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်လာသော အနုပညာ စွမ်းအားကြောင့် မိမိတို့ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ ဝတ်စား ဆင်ယင်ပုံများ၊ ပြောဆိုဆက်ဆံပုံများ ကမ္ဘာသို့ ထိုးထွင်း စိမ့်ဝင်သွားပြီမို့··။

တခါကလို နိုင်ငံခြားဇာတ်လမ်းတွဲများနှင့်အတူ ရောပြီးပါလာသည့် စကောအတိုဝတ်ပြီး ချဉ်ဖတ်စားသည့် သောက်ကျင့်ပါပျောက်မှန်းမသိ ပျောက်လာသည်။

ယခုဆိုလျှင် မိမိတို့ ရုပ်ရှင်ဇာတ်ကားကောင်းများ ကမ္ဘာကို ထိုးဖောက်ခဲ့နိုင်ပြီမို့ ကမ္ဘာ့အရပ်ရပ်မှာ မုန့်ကြာစီ၊ မုန့်ကျဲ၊ မုန့်ဖိုင်းတောင့်ဆိုင်များ ဖွင့်လှစ်ရောင်းချလာခဲ့ပြီး၊ မည်သည့်လူမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ..။ "မင်္ဂလာပါ"ဆိုသည့် စကားကို "Hello!"နှင့်မခြား သိရှိနေကြပြီ။

မော်ဒန်ကဗျာဆရာကြီး ကန်ဝေးတို့လည်း စာပေလွတ်လပ်ခွင့်များနှင့်အတူ အနုပညာသစ်များ ဖန်တီးသည့်အခါ ဖန်တီး၊ အမြင်မတော်တာတွေ့လျှင် ကလောင်သွားနှင့်ဆော်ပလော် တီးသည့်အခါတီးနှင့် အတော့်ကို ဟုတ်နေပြီ။

"ဟေ့..ငါတို့ဟာ လက်ညှိုးထောင် ခေါင်းညိတ်တတ်တဲ့ လူတန်းစားမဟုတ်ဘူး လက်ညှိုးထိုး ခေါင်းမာတတ်တဲ့ ကဗျာဆရာကွ.."

ဟူသည့် အာဂယောက္ခမကြီး ကန်ဝေးရဲ့ စကား သည်ပင် နိုင်ငံရေးလောကမှာ ဖက်ရှင်အကျဆုံး စကားလုံးဖြစ် ခဲ့ရပြီ။

တိုင်းပြည်အသွင် ကူးပြောင်းပြီးကာလအစက လွတ်လပ်ပြီဟေ့ဆိုပြီး အဖော်အချွတ်၊ ရှေ့ကွဲ၊ နောက်ကွဲ၊ အပြဝတ်ခဲ့ကြသည့် တလွဲဆံပင်ကောင်း ခေတ်သမီးပျိုများသည် လည်း သင်ခန်းစာရသင့်သလောက် ရကုန်ကြပြီ။

အကြောင်းမှာ အချို့သည်လည်း အင်တာနက်ပေါ် အတင်ခံရသူ အတင်ခံရနှင့် အချို့သည်လည်း ဘာအခွေ၊ ညာအခွေထွက်သည်ထဲ ပါသွားကာ၊ မီးပွိုင့်နီ၌ ရပ်သော ဘတ်စ်ကားများပေါ်၌...

"ကဲ..ကျွန်တော့်ခရီးသွားမိဘပြည်သူတို့ရေ..နော်..အသွားမတော်တလှမ်း အစားမတော်တစ်လုတ်တဲ့ခင်ဗျ..။ ဘဝင်ကျစရာမကောင်း ရင်လေးစရာအပေါင်းနဲ့ ဗီစီဒီတစ်ခွေတော့



ထွက်ရှိလို့လာပါပြီ..။

ဒီအခွေကို..ကျွန်တော့် အစ်ကိုတွေ၊ ညီတွေ၊ ဦးလေး၊ ဘကြီးတွေ၊ တူငယ်၊ သားငယ်တွေ သွေးဆူပြီးရော သဘောမျိုး ကျွန်တော်ရောင်းချခြင်းမဟုတ်ပါ..မိဘရေ..နော်.. ပြီးခဲ့တဲ့ သင်္ကြန်ကပေါ့ဗျာ.. နာမည်ကြီး မင်းသမီးငယ်တစ်ယောက်က စလို့..အစွမ်းကုန်ကြမ်းခဲ့၊ ရမ်းခဲ့၊ ကွဲခဲ့၊ ပြဲခဲ့တဲ့ သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေနဲ့ ပတ်သက်ပြီး..ဟုတ်ကဲ့..လာမယ်နော်..အစ်ကို..ခဏ...

ဒါတွေကို မိဘပြည်သူတို့ရဲ့ အိမ်ဂေဟာမှာရှိတဲ့ သမီးပျို၊ ညီမပျို၊ တူမပျိုတွေ အတုယူမမှားသင့်တာ မမှား ရအောင်၊ ဒီအခွေလေးကို ဖွင့်ပြပြီး..ဟုတ်ကဲ့..အစ်ကို..ငါးရာပါ..ငါးရာ..သုံးချပ် ယူမယ်ဆိုရင်တော့ တစ်ထောင်...

ဆုံးမသွန်သင်ဖို့ အကောင်းဆုံး ပညာပေးအခွေတချပ်ပါပဲ..သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေ တဝကြီး ကြည့်ရှုရမယ့်အပြင် ..နာမည်ကြီးအကယ်ဒမီ လူငယ်မင်းသားတလက်ကို ကလေးအဖေမှန်းသိလျက်နဲ့ မိမိနာမည်ကြီးဖို့အတွက် ပလူးပလဲနေခဲ့တဲ့ ယနေ့တက်သစ်စမော်ဒယ်ဂဲလ်တို့ရဲ့ တိုးတိုးကြိတ်ကြိတ်ဓာတ်ပုံတွေ..ဟုတ်ကဲ့..မိဘရေ..သုံးခွေယူမယ်ဆိုရင်..အိတ်တစ်လုံးလက်ဆောင်ထည့်ပေးတယ်ဗျာ..ဘာအိတ်လဲ ကျွန်တော့်ကို လာမမေးနဲ့..ဂျလွတ်ဂျလွတ် မြည်တဲ့ ကြွပ်ကြွပ်အိတ်ပါခင်ဗျာ..ဟုတ်ကဲ့.."

ဒီလောက်ဆို..ပွဲလမ်းသဘင်ဟောဆိုသည်နှင့် [illegible]ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ပေါ်စကတ်တိုများ ဝတ်ဆင်ပြီး ပေါင်တခြမ်း မြှောက်မြှောက်က,တတ်ကြတဲ့ တလွဲဆံပင်ကောင်း ခေတ်သမီးပျိုများ ကောင်းကောင်း နောင်ကျဉ်သွားကြပါပြီ..။

သူတို့ကျတော့ လူကိုရောင်းစားခံရသည့် လူကုန်ကူးခံရခြင်းမျိုးတော့ မဟုတ်။ မိမိခေတ်ပုံကို ဘယ်ကနေ ရိုက်ယူသွားမှန်းမသိဘဲ အခွေထုတ်ရောင်းစားခြင်းခံရသည်မို့ အခွေကုန်ကူးခံရသည်ဟု သတ်မှတ်နိုင်သည်...။

"အမလေး..ပျော်ရမလားဆိုပြီး ကဲမိပါတယ်ဟယ်..ဘတ်(စ်)ကားပေါ် အခွေတက်ရောင်းတဲ့ အကောင်စီးပွားဖြစ်ကောင်းစားဖို့ ငါတို့က ဖော်ချွတ်လုပ်ပြလိုက်ရသလို ဖြစ်သွားပြီ...။ အတင်းအဖျင်းအခွေရောင်းတာတောင် သူက စေတနာလိုလို၊ ပညာပေးလိုလို လုပ်သွားသေးတယ်။ ခံစားရခက်လိုက်တာ..ဟင်း..။ ဒီအခွေ ငါ့အဖေမြင်လို့မဖြစ်ဘူး။ ကျေးဇူးပြုပြီး ဒီဘတ်(စ်)ကားပေါ် အဖေတက်မလာပါစေနဲ့ ဘုရား...။ တပည့်တော် လျှော်ကြေးအနေနဲ့ သီလရှင်ဆယ်ရက်ဝတ်ဆိုဝတ်ပါ့မယ်..။ အပေးအယူလုပ်တဲ့သဘောမထားပါနဲ့..။ ဘုရားတပည့်တော်ကို ကယ်တော်မူပါဦး..အဟင့်.."

ပွဲလမ်းသဘင်တချို့မှာ ကြမ်းခဲ့၊ သရမ်းခဲ့တဲ့ မိန်းကလေးများ နောက်ကျောမလုံသလိုခံစားလာရကာ ဘုရားနှင့် အပေးအယူလုပ်သူကလုပ်နှင့် လွတ်လပ်မှုနှင့်သရုပ်ပျက်မှုကို ထိန်းညှိတတ်လာကြပြီ..။

ဪ..ဒါဟာလည်း ဘဝအသိကနေ ရလာတဲ့ သွယ်ဝိုက်သော နိုင်ငံရေးရင့်ကျက်မှု တစ်မျိုးပါပဲ...။



တစ်ခေတ်တစ်ခါက နိုင်ငံရေးမကောင်း၍ အခွင့်ထူးခံလူတန်းစားတရပ် ပေါ်ပေါက်ကာ လူတန်းစား ကွာဟချက်များကြောင့် လူမှုဘဝကျပ်တည်းမှုများကို မြင်ရတိုင်း "ရှေးပဒေသာကြီက ဘုရားရှင်ဗျာဒိတ်ပေးခဲ့တဲ့ မင်းမြတ်အိပ်မက်(၁၃) ချက်တွေ ခုခေတ်မှာ တကယ်ဖြစ်နေပြီ"ဆိုတဲ့ လူတွေရဲ့ နာကျင်အတွေးတွေလည်း တစ,တစ ပျောက်လာပါပြီ...။

သက်ငြိမ်တိုင်းပြည်က လူတွေအားလုံးဟာ အဓိပတိ ကြီးနဲ့ အတိတ်ခါးခါးကို မေ့ပျောက်နိုင်သလောက် မေ့ပျောက် ပစ်ခဲ့ကြပြီး၊ နှစ်ကာလကလည်း သူတို့ရဲ့ စိတ်ဒဏ်ရာကို ကုစား နိုင်သလောက် ကုစားခဲ့နိုင်ပေမယ့်..။

တစ်ယောက်သောသူကတော့ အဆုံးမရှိတဲ့ ကောင်းကင်ကြီးကို မော့ကြည့်ပြီး လွမ်းနေတတ်ပါသည်...။

ဒယ်ဒီ..ဒယ်ဒီနေကောင်းရဲ့လားဟင်..။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မှန်ပါသည်။

အဓိပတိကြီးနဲ့ ကောင်းကင်ခရီးကို မေ့ပျောက်သူများက မေ့ပျောက်သွားကြသလို စိုးရိမ်စိတ်နှင့် သတိရနေသူများကလည်း သတိရနေကြပြန်သည်။

ဒီအချိန်မှာများ အဓိပတိကြီး ဘွားကနဲပြန်ပေါ်လာခဲ့ရင် ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ညအိပ်မပျော်တဲ့ သူအများစုကတော့ လျှပ်စစ်မီးကို ၂၄ နာရီ အားကိုးနေကြရတဲ့ စီးပွားရေးလုပ်ငန်းရှင်များပင်··။

သက်ငြိမ်နိုင်ငံက လူတွေအဖို့တော့ အဓိပတိကြီး ပျောက်ဆုံးသွားပုံမှာ အလွန်တရာပယောဂဆန်လှသည်။

Silent 3 နှင့် ထွက်ခွာအပြီး··မျက်စိတဆုံး ပျောက်



ကွယ်သွားချိန်၊ မိနစ်အနည်းငယ်အတွင်းမှာတင် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် ဆက်သွယ်ရေး လုံးဝပြတ်တောက်သွားခဲ့ သည်။

အာကာသယာဉ်လောင်ကျွမ်းပျက်စီးသွားပြီလား··။ အစအနများ ကမ္ဘာမြေပြင်ရဲ့ မည်သည့်နေရာတွင်မှ ပြန်မတွေ့၍ အဓိပတိကြီး ဘယ်ရောက်သွားသည်ကို အဖြေရှာမရ။

သေသွားပြီလား၊ အသက်ရှိသေးလား··။ တောတောင်ထူထပ်တဲ့ ဂူတွေထဲအောင်းပြီး ပြည်တော်ပြန်လာဖို့ ကြံစည်နေတာလား··။ ဒါမှမဟုတ် အင်္ဂါဂြိုဟ်ပေါ်ပဲ မျက်စိလည်လမ်းမှားပြီး ရောက်သွားတာလား။

သိပ္ပံပညာရှင်များအဖို့တော့ အဓိပတိကြီးဟာ ပိုက်သာဂိုးရဲ့ ဆယ်လုံးမြောက်ဂြိုဟ်ရှာပုံတော်လို ကောင်းကင်ယံက ပုစ္ဆာတစ်ပုဒ်ဖြစ်ခဲ့ရသည်။

ကဲ··အဓိပတိကြီး ဘယ်မှာရှိနေမှာလဲ···။

တစ်ယောက်သောသူကတော့ ဒါကို အတပ်ကို သိနေသည်···။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဘာ··ဘယ်လို··"

ဖြူဖြူပြာပြာဝါသည် ကြားလျှင်ကြားချင်း သူမနား ပင်သူမ မယုံကြည်ချင်··။

"ဟုတ်တယ်စိမ်း···သန်းခြောက်ဆယ် ပြည်သူလူထုအတွက် သမိုင်းအချိုးအကွေ့ကြီးတခုကို ကိုယ်ဖန်တီးခဲ့တာ··ဒယ်ဒီ့ကို ကိုယ်ချစ်ပါတယ်···ဒါပေမယ့်···"

ပိုင့်အသံက ကြေကွဲဆို့နစ်လျက် ရှိချေသည်။

"အခု···အဓိပတိကြီး ရှိ··ရှိသေးလားဟင်"

"Panvinguor (ပန်ဗင်ဂွာ)ကို ချောချောမောမောရောက်သွားတာတော့ သေချာတယ်။ ကိုယ်တပ်ပေးလိုက်တဲ့ ကင်မရာကတစ်ဆင့် ဒယ်ဒီ့ကို လတော်တော်ကြာတဲ့အထိ



ကိုယ်တွေ့ရတယ်။ အခုတော့ နှစ်ကတော်တော်လေးကြာခဲ့ပြီဆိုတော့ အဲဒီကင်မရာကို ကိုယ်ဒီကနေ Upgrade လုပ်လို့မရတော့ဘူးလေ··အဆက်အသွယ်လုံးဝပြတ်သွားပြီ···"

"ပြန်··ပြန်ရောက်လာခဲ့ရင်တော့ ဒုက္ခပဲနော်··သူ့ခေတ်မှာ လူတွေ စကားတောင်ဟဟမပြောရဲခဲ့ဘူးလေ··"

"ပြန်ရောက်လာခဲ့ရင်တောင် သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်အဖြစ်ကလွဲရင် ဘာမှလုပ်လို့မရတော့ပါဘူး··"

"တချို့က သမိုင်းကို နောက်ပြန်လှည့်ချင်ကြတယ်··ကိုရဲ့··"

"ကိုယ်တို့မှာ ဖွဲ့စည်းပုံဥပဒေတွေရှိနေပြီပဲ··တိုင်းပြည်ကို ဘယ်အကြောင်းနဲ့မှ အာဏာသုံးပြီး တစ်ဦးတစ်ယောက်ရဲ့ ဆန္ဒနဲ့ အာဏာသိမ်းလို့ မရဘူး··"

"ဟင်း···"

စိမ်းက သက်ပြင်းကို လေးကန်စွာချလိုက်တယ်ဆို၍ပဲ သူက··

"ဒယ်ဒီဟာ လူတော်တစ်ယောက်ပါ··ဒယ်ဒီ့မှာ တိုးတက်လိုတဲ့ အမြင်လည်းရှိပါတယ်။ ဒယ်ဒီ့ခေတ်မှာ လူတွေ အကြောက်တရားနဲ့ နေခဲ့ကြရတယ်ဆိုပေမယ့် နိုင်ငံရေးမလုပ်တဲ့ သူတွေအတွက်တော့ အေးချမ်းမှုနဲ့ နေရပါတယ်"

"အဲဒါကိုက မဟုတ်တာ··လူဖြစ်ပြီး နိုင်ငံရေးမလုပ်ရဆိုတာ လူတစ်ယောက်ကို နှလုံးသားဖယ်ထုတ်ပြီး အကျရှပ်

www.burmeseclassic.com

www.burmeseclassic.com



သံပတ် တပ်ပေးလိုက်တဲ့ သဘောပဲ··"

သူမစကားကြောင့် သူလေးနက်စွာ ပြုံးလိုက်ရင်း···

"စိမ်းပြောတာမှန်တယ် နောက်ပြီး သူ့ရဲ့ အဆင့်မြင့် စီမံကိန်းတချို့ဟာလည်း အခြေခံလူတန်းစားတွေအတွက် အကျိုးသက်ရောက်မှုမရှိခဲ့ပြန်ဘူး။ ဒယ်ဒီ့ရဲ့အုပ်ချုပ်ရေးဟာ ငြိမ်းချမ်းရေးကို ဗဟိုပြုတဲ့လက်တွေ့သဘောမဆောင်ခဲ့နိုင်ဘူး။ လူငယ်ခြေတက်တွေကို နှိပ်ကွပ်တဲ့အပေါ်မှာလည်း သူမအောင်မြင်ခဲ့ဘူး··။ ကြာဖြူပန်းတပွင့်ကို ဘယ်လောက်ပဲရွှံ့နဲ့အုပ်ထားထား၊ သူ့ရဲ့ မူလသဘာဝအရောင်ဟာ မြင့်မြတ်စင်ကြယ်တဲ့ အဖြူရောင်ပါ··။"

"တကယ်တော့ လူငယ်ခြေတက်တွေဟာ ကြာဖြူပန်းပွင့်ကလေးတွေပါပဲ··"

"ကို့စကားတွေက သိပ်ကို နားထောင်လို့ ကောင်းတာပဲ··ဟိုလေ··ကို့ရဲ့ သချ်ာအီကွေးရှင်းတွေ ပေါက်ကွဲဒေါသထွက်ရင်းကနေ တည်ဆောက်ခဲ့တဲ့ Silent 3 အာကာသယာဉ်နဲ့ ပတ်သက်ပြီး စိမ်းကို အသေးစိပ်ရှင်းပြပါဦး··"

သူက ခပ်ဟက်ဟက်ရယ်မောလိုက်ရင်း···

"တကယ်တော့ Silent 3 က အာကာသယာဉ်မဟုတ်ဘူးကွ··"

"ဟင်···"

"တာဝေးပစ်ဒုံးကျည်တစ်စီးပဲ··ကိုယ်က အဲဒီဒုံးကျည်မှာ အမိပတိကြီးပါတဲ့ လေယာဉ်လေးကပ်ပြီး ထည့်ပေးလိုက်



တာ··"

"အို"

"ဟုတ်တယ်··ကိုယ်က အဲဒီတာဝေးပစ်ဒုံးကျည်ကို ကိုယ်တို့နဲ့ မိုင်ထောင်ချီပြီးဝေးတဲ့ အတ္တလန္တိတ်သမုဒ္ဒရာထဲက ကျွန်းကလေးတကျွန်းဆီ Target ပေးလိုက်တာ။ ကိုယ့်ရဲ့ Mission ဟာ တကယ့်ကို အောင်မြင်ခဲ့တယ်··စိမ်း··။ အဲဒီ ကျွန်းကို မရောက်ခင် ၂ ကီလိုမီတာလောက်မှာပဲ လေယာဉ်ဖို့ ကလေးဟာ ဒုံးကျည်ကနေ အောင်မြင်စွာ ခွဲထွက်သွားနိုင်ခဲ့ တယ်··"

"ဪ"

"လေယာဉ်က ယူအေဗွီအမျိုးအစားပါ··။ မောင်းသူမဲ့ပေါ့။ ပျံသန်းရေးစနစ်တွေကို ကိုယ်ကပဲ ထိန်းချုပ်ပေးထားတယ်။ အဲဒီကျွန်းပေါ်ကို ရောက်ရောက်ချင်းပဲ ကိုယ် အမိပတိကြီးကို eject လုပ်ပေးခဲ့နိုင်တယ်··"

"ဘာလဲဟင် eject ဆိုတာ··"

"လေယာဉ်ပေါ်ကနေ အရှိန်တစ်ခုနဲ့ တွန်းထုတ်ပေးလိုက်ပြီး လေထီးနဲ့ Landing လုပ်ပေးလိုက်တာ···သူ အဲဒီ ကျွန်းပေါ်ကို ချောချောမောမောကို ရောက်သွားတယ်···"

"စိမ်းတို့ တိုင်းပြည်မှာ သွေးထွက်သံယို တစ်ခုမှမရှိဘဲ အသွင်ကူးပြောင်းသွားတာတော့ ကြိုက်ပါတယ်။ ဒါပေမယ့် အမိပတိကြီးကို ရွှေ့လိုက်တာ ကို··တော်တော်ဉာဏ်များတာပဲနော်··ဒါနဲ့··နေပါဦး··။ အမိပတိကြီးနဲ့ပတ်သက်ပြီး အာကာသယာဉ်အပျက်အစီးအပိုင်းအစတွေ ကမ္ဘာပေါ်မှာ မတွေ့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကြတော့ရော…”

“ဘယ်တွေ့မလဲ‥အပျက်အစီး အပိုင်းအစတွေအကုန်လုံး အတ္တလန္တိတ်သမုဒ္ဒရာထဲ ကျသွားပြီပဲ…။ အခုလောက်ဆို သန္တာကျောက်တန်းတွေတောင် ဖြစ်နေလောက်ပြီ…”

“အာ‥ရူပါဗေဒဏ်ကြီးရှင်ပဲဟော့‥ဒါနဲ့နေပါဦး‥အဓိပတိကြီး‥ဒီကိုပြန်မလာနိုင်ဘူးလား‥အသက်ရှိသေးပါရက်နဲ့ ဘာ့ကြောင့် ပျောင်းချင်းမလှ ပျောက်သွားရတာလဲ…”

“အဲဒီအကြောင်းကို ပြောမယ်ဆိုရင် ပန်ဗင်ဂွျာကျွန်းကလေးအကြောင်းကို ပြည့်ပြည့်စုံစုံပြောမှ ဖြစ်တော့မယ်‥ပန်ဗင်ဂွျာဆိုတာ…”

## အခန်း (၂၄)

Panvinguor....။

ကမ္ဘာကြီးရဲ့ အချို့နေရာများတွင် ထူးဆန်းသည့် ဇရိယာများရှိတတ်ကြသည်။ ဥပမာ‥ထိုနေရာရောက်လျှင် ကားကို စက်မနှိုး၊ သော့တပ်မထားပါဘဲ ကားများအလိုလျှောက် ရွေ့လျားနေသလိုမျိုး‥။

ပန်ဗင်ဂွျာဆိုသည့် ကျွန်းကလေးမှာလည်း ထိုသို့ပင်‥

ဟဲမင်းဝေးကဲ့သို့ စွန့်စားတတ်သော ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးမှာ လေယာဉ်ပျက်ကျပြီး ထိုကျွန်းကလေးပေါ်ရောက်ရှိခဲ့ရင်းမှ၊ ဝတ္ထုရေးသားကာ ကမ္ဘာကို ချပြလိုက်ချိန်မှာတော့ ပန်ဗင်ဂွျာသည် ဒဏ္ဍာရီလိုလို၊ နတ်သမီးပုံပြင်လိုလိုနှင့် ပလေတိုရဲ့ စိတ်ကူးယဉ်နိုင်ငံတော်လို ကမ္ဘာကျော်ခဲ့ရသည်။

ကဲ‥ပန်ဗင်ဂွျာဟာ ဘယ်နားမှာ ရှိသလဲ…။

သွားရောက်လည်ပတ်လိုသူ၊ စူးစမ်းလေ့လာချင်သူ

www.burmeseclassic.com

www.burmeseclassic.com



အမြောက်အမြားရှိသော်လည်း ထိုကျွန်းကလေးမှာ ကောင်းကင်ယံဂြိုဟ်တုမှတဆင့် ထောက်လှမ်း၍မရ ရေဒါမှာလည်း မပေါ်သဖြင့် လူတိုင်းနှင့်မထိုက်တန်သည့် နတ်ရေကန်လို အဖိုးအနဂ္ဃထိုက်တန်ပြီး လျှို့ဝှက်ဆန်းကြယ်နေတော့သည်။

ပန်ဇင်ဂွျာသည် ကမ္ဘာဦးပုံပြင်တွေထဲက ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်လို သဘာဝရှုမျှော်ခင်းများနှင့် ငြိမ်းချမ်းလှပနေသည်။ လူနှင့်တောတွင်း တိရိစ္ဆာန်များ ခိုက်ရန်ဖြစ်ပွားမှုမရှိဘဲ နေကြသည်။

ရေပတ်လည်ဝိုင်းရံနေသည့် ကျွန်းမကြီးနှင့် မလှမ်းမကမ်းမှာတော့ လှပသော ကျွန်တော်ကလေးတွေ…။ ကွေ့ကောက်စီးဆင်းလျက်ရှိသော စိမ်းအေးမှ ခိုးခိုးခစ်ခစ်ရေစီးသံများ၊ ရေတံခွန်ထက်မှ ကျလာသော ရေမှုန်များမှာ မြူပြလှုမှုဘာဝကို ထင်ဟပ်သည့် ဂီတနှင့်မထူဘဲ ငြိမ်းချမ်းမြင့်မြတ်သည့် သဘောကိုဆောင်နေပြန်သည်။

ရေမှုန်ရေမွှားများနှင့် နေရောင်ခြည်ထိတွေ့ဆက်စပ် သောနေရာတော်တော်များများမှာ သက်တန့်များ ဖြာကျနေပြီး စားကျက်မြေစိမ်းစိမ်းများပေါ်တွင်လည်း တောတွင်းတိရစ္ဆာန် များကို ရန်လိုမှုကင်းမဲ့စွာ တွေ့မြင်နိုင်သေးသည်။

အုန်းဆံကြိုး၊ ခရုကမာခွံ၊ သစ်ခက်နှင့် လှပစွာယက်လုပ်ထားသော သစ်ခက်အင်္ကျီများ ဝတ်ဆင်တတ်ကြသည့် ကျွန်းသူ ကျွန်းသားများသည် ပင်လယ်ကြမ်းပြင်မှ ရလာတတ်သည့် အခွံမာကောင်များကို တီးမှုတ်ကာ လွန်စွာဆန်းကြယ် သော



တူရိယာသံများကို တီထွင်တတ်ကြပြန်သည်။

ပန်ဇင်ဂွျာကို လူတွေ သွားချင်ကြတာ ဒါ့ကြောင့်ပဲလား…။

မဟုတ်ပါ…

ကမ္ဘာကျော် စာရေးဆရာကြီး၏ ဝတ္ထုထဲကအတိုင်း ဖော်ပြရမည်ဆိုလျှင် ထိုကျွန်းပေါ်တွင် မည်သည့်ရောဂါဘယမျှမရှိ၊ အကယ်၍ ရောဂါတစုံတရာရှိလာပါကလည်း စမ်းချောင်းတွင်းနစ်မြုပ်နေသည့် ကျောက်တုံးလှလှလေးများကို ရေစိမ်သောက်ပါက ထိုရောဂါမှာ နာရီပိုင်းအတွင်းပျောက်ဆုံးသွားကြောင်း သူအံ့သြစွာ မြင်ခဲ့ရသည်ဟု ဆိုသည်။

သဘာဝအလှရှုခင်းများ၊ မျိုးစိတ်စုံလင်လှသော သစ်ပင်သစ်ခက်များ၊ ရောဂါဘယကင်းဝေးမှု၊ လူနှင့်တရိစ္ဆာန်တို့ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှု၊ သစ်ဥသစ်ဖုများ ပေါကြွယ်ဝသော ငြိမ်းခမ်းလှပသည့် ထိုနယ်မြေကလေးကို Heaven ဟုမခေါ်ဆိုလျှင် မည်သည့်နေရာကို Heaven ဟု သတ်မှတ် နိုင်မည်ကျွန်ုပ်မသိ…။

ကျွန်ုပ်မှာတာရှည်ခံစားနေရသော သွေးကင်ဆာရောဂါမှာလည်း ထိုကျွန်းပေါ်နေထိုင်သည့် ကာလတလျှောက်လုံး လုံးဝပျောက်ကင်းနေပြန်သည်။

အဆုံးသတ်မှာတော့ ကျွန်ုပ်မိုက်မဲကြောင်း ဝန်ခံရပေလိမ့်မည်။ ဇာတိမြေသို့ ပြန်လာရန်လေယာဉ်အင်ဂျင်ကို ကြိုးစားပြင်ဆင်သည့်အခါ ကျွန်းသားတစ်ယောက်က မြို့ပြသို့ပြန်ရောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



လျှင် ယခု ပျောက်ကွယ်နေသော သွေးကင်ဆာရောဂါအတွက် သူတို့အာမခံနိုင်ကြောင်းနှင့် ပန်ဇင်ရှာသည်လူတိုင်းလာချင်လှ လာခွင့်မရှိသော ကျွန်းတစ်ကျွန်းဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ကျွန်ုပ်သည် ပန်ဇင်ရှာကို ပထဝီသဘော သဘာဝနှင့် အသေ အချာမှတ်သားလာခဲ့ပြီး ဇာတိမြေသို့ ပြန်ရောက်သည့် အခါ… မြို့ပြအလေ့အထများ၊ ဟိုးဟိုးတောက်နေသည့် အောင်မြင်မှု၊ ဘဏ်စာရင်းထဲက သန်းနှင့်ချီပြီးရှိနေသည့် ကျွန်ုပ်ငွေကြေးတို့နှင့်အတူ သွေးကင်ဆာရောဂါသည်လည်း ကျွန်ုပ်ထံ လာနေကြလမ်းအတိုင်း ရောက်ရှိခဲ့ပြန်ပါသည်။

ရိုးရှင်းတဲ့သဘာဝအလှများ၊ မြင့်မြတ်လှသည့် တီးမှုတ်သံများနှင့် ငြိမ်းချမ်းသော ပန်ဇင်ဂွာကို ရာသက်ပန်ခိုလှုံရန် ဆုံးဖြတ်ပြီး ဒုတိယအကြိမ် ကျွန်ုပ်ပြန်လည်သွားရောက်ခဲ့သော်လည်း အတ္တလန္တိတ်သမုဒ္ဒရာကြီးသည် ပန်ဇင်ဂွာကို လှပစွာ ဖုံးကွယ်ထားလိုက်ပါတော့သည်။

ယခုအခါ Prince of Dark (မာန်နတ်)သည် သူ၏ ရှည်လျားလှသော လက်တံဖြင့် သေမင်းနိုင်ငံတော်သို့ ကျွန်ုပ်အား ကမ်းလင့်ရန် လက်တံကို ဆန့်ထုတ်နေသော်လည်း ကျွန်ုပ်၌ ပုန်းကွယ်ရန် နေရာမရှိ…။

တခါက ရောက်ရှိခဲ့သော ပန်ဇင်ဂွာသည် ကျွန်ုပ်အတွက်တော့ ဒဏ္ဍာရီလိုလို၊ နတ်သမီးပုံပြင်လိုလိုနှင့် မြင့်မြတ်စွာသော အဝေးတနေရာမှနေ၍ ကိုယ်ထင်ပြနေသည့်အလား အမှတ်ရနေရပါတော့သည်။



စပ်စပ်ဆော့ဆော့နိုင်လှသော ပိုင်သည် ပန်ဇင်ဂွာ ဝတ္ထုကို ဖတ်အပြီး နတ်ဖွက်ထားတဲ့ ထိုကျွန်းကလေးကို အရှမ်း စိတ်ဝင်စားသွားသည်။

အဲဒီကျွန်းကလေးဟာ ကမ္ဘာကြီးရဲ့ ဘယ်နားလောက်မှာ ရှိနိုင်မလဲ‥တကယ်ပဲ ဂြိုဟ်တုတွေ‥ရေဒါတွေကတစ်ဆင့် ကျွန်းကလေးရဲ့ တည်နေရာကို မသိရှိနိုင်ဘူးလား‥။ ဒီကျွန်းကလေးဟာ တကယ်ပဲ လူတိုင်းနဲ့ မထိုက်တန်တဲ့ နတ်ဖွက်ထားတဲ့ ကျွန်းကလေးပဲလား‥။

ထိုသို့ ပန်ဇင်ဂွာနှင့်ပတ်သက်ပြီး ရှုးသွပ်နေစဉ်၊ အဓိပတိကြီး၏ လူကြီးစီး အာကာသယာဉ် မစ်ရှင်ကြီးမှာ လည်း ဖိအားတစ်ခုလို ပိုင့်ဘဝထဲ ရောက်လာခဲ့ပြန်သည်။

“တစ်ချက်ခုတ်‥နှစ်ချက်ပြတ်ပေါ့‥မောင်ပိုင်ရယ်”

အဓိပတိကြီးရဲ့စကားကို သချ်ာသမား အလေးအနက် တွေးတောရင်းမှ နောက်တစ်ချက်ပါပြတ်ဖို့ ထည့်ခုတ်ရန် အကြောင်းဖန်လာတော့သည်။

မှန်ပါသည်။

ထို တစ်ချက်က မိမိသွားလိုသည့် ပန်ဇင်ဂွာကို မိမိကိုယ်စား အဓိပတိကြီးကို ထည့်လွှတ်လိုက်ဖို့ပင် ဖြစ်သည်။

ပန်ဇင်ဂွာဟာ နှလုံးမှာစက်ထည့်ထားရတဲ့ ဒယ်ဒီ့အတွက် အကောင်းဆုံးရိပ်မြုံကလေးတစ်ခုပါ။

ဒယ်ဒီအသက်ကြီးပြီ‥။ ငါ ‘စွဲ’ လျော့သင့်ပြီ‥အေးအေးလူလူ နားနားနေနေ နေဖို့ကောင်းပြီ။ အင်း‥ဒီကလူတွေ လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်လှပြီ။ လူတွေကိုကြည့်လိုက်ရင် ကားစီးဖို့ ဖုန်းကိုင်ဖို့၊ မြေကွက်ဝယ်ဖို့ တစ်ယောက်ကိုတစ်ယောက် လူပေါ်လူဇော်လုပ်လျက်ရှိချေသည်။ ဒယ်ဒီ့ခေတ်မှာ မြေလှုပ်တယ်၊ ကားလှုပ်တယ်။ ဖုန်းလှုပ်တယ်ဆိုတဲ့ ဂယက်ဟာ ၉.၉ ရစ်ချ် တာစကေးရှိတဲ့ ငလျင်လှုပ်တာထက် ပိုဆိုးဦးမည်ထင်ပါသည်။

ထိုခေတ်ထိုအခါက ကားလောကဟာလည်း သိုင်းလောကနှင့်မခြား ငွေကြေးသံတချင်ချင်မြည်လျက်ရှိသည်။ ဟင်နရီဖို့ဒ်(Henry Ford)မြင်လျှင် ငုတ်တုပ်မေ့လဲသွားနိုင်မည့် ဘော်ဒီပြောင်းထားသည့် အလုံးချိန်းကားဆိုတာကလည်း တစခန်းထ လိုက်သေးသည်။

ဆိုပါစို့..။ ဆန်နီပစ်ကပ်အင်ဂျင်မှာ တောင်းအေ့(စ်) ကားဘော်ဒီလာတပ်ထားသလိုမျိုး စက်မှုမာယာသဲကိုးဖြာတွေ ဒယ်ဒီ့ခေတ်မှာ အလွန်ခေတ်စားခဲ့သည်။ အချို့ပြည်တွင်းက ကားထုတ်လုပ်ရေးလုပ်ငန်းရှင်များကလည်း ထော်လာဂျီကိုပင် ပါရာဒိုဘော်ဒီပြောင်းပစ်ရန် မဟာဉာဏ်တော်များနှင့် အကြံထုတ်လျက်ရှိချေသည်။

ပိုင်သည် ကားလောကမှ ခါးရေးပြမှုများကို အခြေခံကာ တာဝေးပစ်ဒုံးကျည်ကို အာကာသယာဉ်ဟု အလုံးချိန်းပစ်လိုက်သည်။

သိပ္ပံဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပိုင်လုပ်ဆောင်နိုင်ခဲ့သော်လည်း နတ်ဖွက်ထားသည့် ပန်ဗင်ဂျာကို မူ ပိုင်တွေ့အောင် မရှာနိုင်ခဲ့ပါ။



သိပ္ပံပညာနှင့် မစွမ်းဆောင်နိုင်သည့် ကိစ္စရပ်များကို ဝိဇ္ဇာပညာနှင့်စွမ်းဆောင်နိုင်မည်လား ပိုင်စဉ်းစားကြည့်သည်။

ထိုအချိန်မှာပင်..သက်ငြိမ်တိုင်းပြည်ကို ရောက်ရှိစဉ်က မိမိအား ကားနှင့်ဝင်တိုက်ခဲ့သည့် ရုပါဗေဒင်ဆရာကြီး ဒေါက်တာ ကြံ့အာကာမိုကို ပိုင် ပြေးသတိရလိုက်သည်။

မှန်ပါသည်...။

ပိုင့်ရဲ့ လူကြီးစီးအာကာသယာဉ်ကြီးမှာ သိပ္ပံပညာရှင် သချာ်သမားဒေါက်တာနှင့် ဝိဇ္ဇာပညာရှင်ဗေဒင်ဆရာ ဒေါက်တာတို့ နှစ်ဦးပေါင်းစပ်ပြီးမှ အောင်မြင်စွာတီထွင်ခဲ့နိုင်ခြင်း ဖြစ်သည်။

ဒေါက်တာ ကြံ့အာကာမိုသည် ပန်ဗင်ဂျာ၏ တည်နေရာကို ကောင်းကင်က နက္ခတ်သွားရာလမ်းကြောင်းတို့နှင့် တွက်ချက်ပြီး အံ့မခန်းလောက်သည့်အဖြေကို ထုတ်ပေးနိုင်ခဲ့သည်။

တာဝေးပစ်ဒုံးကျည်ထွက်ခွာမည့်အချိန်၊ နေရာ၊ သွားရာလမ်းကြောင်းတို့ကိုလည်း နဂါးဦးခေါင်းလှည့်ဇယားနှင့် မင်္ဂလာအခါတော်ပေးနိုင်ခဲ့ပြန်သေးသည်။

ထို့အပြင် ခုနစ်ရက်သားသမီးများ အေးချမ်းစွာနေထိုင်ရန် အဓိပတိကြီးဂြိုဟ်သက်နှင့်တွက်ချက်ပြီး ဒုံးကျည်မပစ်လွှတ်ခင် ဒုံးကျည်ထိပ်ဖူးကို သပြေခက်နှင့် ခုနစ်ချက်ရိုက်ကာ ယတြာချေပေးလိုက်သေးသည်။

ဗေဒင် ယတြာ မင်္ဂလာအခါတော်ပေးများကို သက်ဝင်ယုံကြည်မှုရှိသည့် အဓိပတိကြီးမှာလည်း တိုင်းပြည်အတွက် ယတြာချေခြင်းကို သူ့အတွက် ယတြာချေသည်အထင်နှင့် Si-

www.burmeseclassic.com

www.burmeseclassic.com



lent 3 ထဲ မိန့်မိန့်ကြီးဝင်ရောက်ကာ တံခါးကို ဂျိတ်ကာနဲ့ပိတ်ပစ်ပါလေတော့သည်။

အဆုံးသတ်မှာတော့ အဓိပတိကြီးသည် အာကာသ တွင်း ၁၃ရက်ကြာ မလှည့်လည်လိုက်ရဘဲ ပန်ဗင်ဂျွာသို့ တန်းတန်းကြီး ဝင်ရောက်သွားပါတော့၏..။

## အခန်း (၂၅)

"ဖွတ်..ဘုန်း.."

"ဘာတုံးဟ..."

လေယာဉ်၏ အပေါ်ဘက်တံခါးကို ဖောက်ထွက်ကာ ပိုင်းလော့ထိုင်ခုံတစ်ခုလုံး မိုးပေါ်မြင့်တက်သွားသဖြင့် အဓိပတိကြီး လန့်ဖျတ်သွားသည်။

ဟင်..အာကာသလည်း ဟုတ်ဘဲနဲ့...။

အသည်းထဲမှာတော့ အေး..ကနဲ.."

အိုး..လှလိုက်တာ..။ တိမ်စိုင်တွေ..၊ ထိုးထိုးထောင်ထောင်ထွက်နေတဲ့ ကျွန်းဆွယ်တွေနဲ့ အဆုံးမရှိ ရေပြင်ကျယ်ကြီးတွေ..။

အို..ငါဘာဖြစ်သွားပါလိမ့်..။ ဆိုဖာကြီးပဲ ပျံနေတယ်။ ငါ့လေယာဉ်ကော..။ ဒါ..ငါသွားနေတဲ့ အာကာသခရီးစဉ်လား..။ ဘယ်လိုကြီးလဲ..။

ထိုသို့ ဇဝေဇဝါဖြစ်နေစဉ်...

www.burmeseclassic.com

www.burmeseclassic.com



"ဟ..ဟ.."

အသက်ကယ်ခါးပတ်များ ပြုတ်ထွက်သွားကာ နောက်ကျောမှ လေထီးပွင့်သွားပြီး မိုးမြင့်ထက် ဝုန်းကနဲခုန်တက်ပြီးကာမှ ကျွန်းကလေးဆီ တအိအိကျဆင်းလာစဉ်၊ ကံကြမ္မာအချိုးအကွေ့တစ်ခုက မြေပြင်မှ ထပ်မံစောင့်ဆိုင်းနေပြန်ပါသေးသည်။

"ဒုတ်..."

"အို..."

မြေပြင်ပေါ်သို့ မကျခင်ကလေး သစ်ပင်ကြီးတစ်ပင်၏အကိုင်းအခက်တစ်ခုနှင့် ဝင်ဆောင့်မိပြီး အမိပတိကြီး အတိတ်မေ့ရောဂါရရှိသွားလေသည်။ (ထို အတိတ်မေ့ရောဂါမှာ အတိတ်ကို လုံးလုံးလျားလျားကြီး မေ့ပျောက်သွားတာမျိုးမဟုတ်ဘဲ၊ ပြတ်တောင်းပြတ်တောင်းမေ့သွားသည့် အနုစားအတိတ်မေ့ရောဂါဖြစ်လေသည်)

ဆိုလိုသည်မှာ..သူသည် နိုင်ငံတစ်နိုင်ငံ၏ အကြီးအကဲခေါင်းဆောင်ကြီးဖြစ်သည်ဆိုသည်ကို အမှတ်ရသည်။ သို့သော်မည်သည့်နိုင်ငံကို အုပ်ချုပ်နေသည်ကိုမူ မမှတ်မိတော့။ အာကာသယာဉ်ဖြင့်လိုက်ပါလာမှန်း အမှတ်ရသေးသည်။ သို့ သော်ခရီးစဉ်မှာ အာကာသ,တင်လား၊ လကမ္ဘာပေါ်လား ပလူတိုဂြိုဟ်အထိလား စဉ်းစားမရ..။

မိမိနိုင်ငံမှ သိပ္ပံပညာရှင်ကလေး ပိုင်နှင့်သူ၏ဘောတိုက်သွား အကူလာဇော်ကန်လန့် ရေငုပ်သဘောကို သတိရသေးသည်။ သို့သော် မိမိ၏ လူကြီးစီးအာကာသယာဉ်၏ ယာဉ်



သွားနှုန်းပုံစံကို သိန်းငှက်တစ်ကောင်၏ ပျံသန်းပုံအတိုင်း၊ သို့မဟုတ် တစ်တီတူး၊ ရွှေပြည်စိုး၊ နံ့ပြည်စုတ်တစ်ကောင်၏ ပျံသန်းပုံအတိုင်း တီထွင်ဖို့ လျှာရှည်ခဲ့လေသလား သတိမရ တော့..။

အခုတော့ဖြင့်..ဂြိုဟ်တစ်ဂြိုဟ်ပေါ်မှာလား..မိမိတို့ကမ္ဘာပေါ်မှာလား မှန်းဆရခက်သည့် ကုန်းမြေတစ်ခုပေါ်ရောက်ခဲ့ရပြီ..။

အဲဒီနောက်မှာတော့ ပန်ဗင်ဂျွာနေစွဲများသည် အမိပတိကြီးအတွက်တော့ တကယ့်ကို ကမောက်ကမတွေပင်..။

"တကယ်တော့ ငါဟာ တိုင်းပြည်တပြည်ကို အုပ်ချုပ်မင်းလုပ်ခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဖြစ်တယ်"

လေးနှစ်အရွယ် ကျွန်းသူလေးတစ်ယောက်က ခေတ္တစဉ်းစားလိုက်ပြီး ခိုးခိုးခစ်ခစ်ပြန်လည် ရယ်မောလိုက်ကာ ထက်ခြမ်းခွဲထားသည့် အုန်းနုနုသားကို ကမာခွံနှင့်ခြစ်ကာ စားနေ သည်။

"လောလောဆယ် မင်းတို့ကို ကြည့်ရတာ ငါသိပ်မျက်စိနောက်နေတယ်..ငါးယောက်တစ်စု စုစမ်း...။ တစ်စုကို လူငါးယောက်ထက်မပိုစေနဲ့ လူငါးယောက်ထက်ပိုပြီး စုဝေးတာဟာ ငါ့ကို ပုန်ကန်တာပဲ...။ ဒါ..ငါ့အမိန့်..."

ရောက်လာခဲ့သမျှ ဘုရားသခင်ရဲ့ လက်ဆောင်တော်တွေထဲမှာ ဒီအဘိုးကြီး အဆီအငေါ်မတည့်ဆုံးဟု ကျွန်းသူ၊ ကျွန်းသားများက သတ်မှတ်ထားပုံပေါ်သည်။

ကျွန်းသူ၊ ကျွန်းသားများအတွက်ကတော့ ပန်ဗင်ဂျွာကို ရောက်လာကြသည့် ဘုရင်မင်းမြတ်ဖြစ်စေ၊ သူဖုန်းစားဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ ဘုရားသခင်ပစ်ချပေးတဲ့ ကောင်းကင်ယံက လက်ဆောင်တော်တွေချည်းပါပဲ‥။

"ကဲ‥မင်းတို့ သေသေချာချာနားထောင်‥။ အုပ်ချုပ်မှုမှာ ငါဟာ မင်းတို့ထက်ပိုပြီး ကျွမ်းကျင်တယ်။ နိုင်ငံရေး ကိုသိုသိုသိပ်သိပ်ကစားတတ်တယ်။ ပင်လယ်ပြင်ထွက်ပြီး အစာရှာဖို့၊ ဒီထက်ပိုကောင်းတဲ့ ဝတ်စုံတွေ ချုပ်လုပ်ဖို့၊ ဒီကျွန်းက စမ်းချောင်းတချို့မှာ တံတားဆောက်၊ လမ်းဖောက်ဖို့ ကတ္တူ အသီးသီးခွဲခြားရတော့မယ်။"

"အေး‥တကကတ္တူဆီမှာလည်း တာဝန်ယူကြီးကြပ်ပေးမယ့် ဝန်ကြီးတစ်ဦးစီလိုအပ်ပြန်ရော ဒါကြောင့် မင်းတို့ထဲက အရည်အချင်းရှိတဲ့ လူကြီးပိုင်းတွေကို ငါ့လက်အောက်မှာ ဝန်ကြီးခန့်ဖို့၊ အဲဒီဝန်ကြီးတွေကို အုပ်ချုပ်မယ့် ဝန်ကြီးချုပ်ခန့်ဖို့ ငါသင်တန်းတစ်ခုတော့ ပို့ချရလိမ့်မယ်"

ကျွန်းသားတွေအတွက်တော့ ဒီလူကြီးပြောသမျှဟာ ရယ်စရာတွေချည်းပါပဲ‥။ ဒီနေရာဟာ လောဘမရှိ၊ ဒေါသမရှိ၊ မာန်မာနမရှိ၊ ရန်ညှိုးဖွဲ့ အမုန်းမရှိ အထက်ဖားအောက်ဖိတွေမရှိ၊ လုပ်ကွက်နဲ့ပါမစ်လည်းမရှိ။ သမိုင်းဒဏ်ရာတွေလည်း မရှိသည့်နေရာ ‥‥။

ရောက်ခါစကတော့ အဘိုးကြီးနှင့် ပန်ဗင်ဂွျာသည် ထိုသို့ အဆီအငေါ်မတည့်ကြပါ။ ပန်ဗင်ဂွျာတစ်ခုလုံးကို သိမ်းပိုက်ပစ်လိုက်ဖို့ကလည်း အဘိုးကြီးခမျာ နောက်လိုက်ဗိုလ်ပါက မရှိ ဒက်ဒက်ဒက်နဲ့ ဒိုင်းသြောင့်ကလည်း မရှိ။ ဦးနှောက်တစ်ခုသာ



ရှိသည့်အတွက် အဆင်မပြေလှ‥။

ထိုသို့ အဘိုးကြီးဘက်က ပန်ဗင်ဂွျာအပေါ် စိတ်ကူးနှင့် အကွက်တွေရွှေ့နေပေမယ့် ပန်ဗင်ဂွျာကလူတွေကတော့ အဘိုးကြီးအပေါ် လုံးဝဖြူစင်နေတော့သည်။

ကျောက်ပုစွန်ကင်များ၊ ပင်လယ်ငါးကွမ်းရှပ်ကင်များ လာပို့တဲ့သူကပို့၊ သစ်သီးဝလံများ ယူတဲ့လူက ယူလာ၊ အဝတ်အထည်ချုပ်လုပ်တဲ့သူက ချုပ်လုပ်ပေး၊ သစ်ထွင်းအိမ်ဆောက်တဲ့သူက ဆောက်ပေးနဲ့‥။

ဒီလိုနဲ့‥‥။ ဒီလိုနဲ့‥‥။

www.burmeseclassic.com

www.burmeseclassic.com

**S.O.S**

**Mr.President**

**(Unknown country)**

## အခန်း (၂၆)

ညက ဒီရေတက်လာသဖြင့် သောင်ပြင်မိုမိုကလေးမှာ ပျက်စီးသွားတဲ့စာတန်းကို ဒုတ်ကလေးတစ်ချောင်းနှင့် ခြစ်ကာ အဘိုးကြီးက ရေးနေသည်။

ထိုသဲသောင်ပြင်မှာ ကျယ်ပြန့်ပြီး ကုန်းမိုမိုကလေး ဖြစ်နေသည်မို့ ဝေဟင်က လေယာဉ်ကော၊ ရေပြင်က သင်္ဘောက ပါ ထိုစာတန်းကြီးကို မြင်နိုင်သည်။

S.O.S ဆိုတာကတော့ လူတိုင်းသိကြတဲ့အတိုင်း အကူ အညီတောင်းခံသည့် Save Our Saut ရဲ့ အတိုကောက်..။

ဘယ်သူက အကူအညီတောင်းခံတာလဲ..။

အဘိုးကြီးဟာ ဘယ်ဆီဘယ်ဝယ်ကရောက်လာမှန်း မသိရသေးတဲ့ အကူအညီပေးမယ့်သူကို မိမိဟာ သာမန်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



ည တစ်ယောက်မဟုတ်ကြောင်း သိစေလို၍ Mr. President (နိုင်ငံတော်အကြီးအကဲ(သမ္မတ)ဟု ပိုပိုသာသာလေး ရေးလိုက်ပြန်သည်။

အဲဒီမှာ ပြဿနာလေးတစ်ခုက ရှိနေပြန်သည်။

မိမိအုပ်ချုပ်ခဲ့သည့် နိုင်ငံဟာ ဘယ်နိုင်ငံမှန်းလည်းမသိ။

တော်ကြာ အထင်တကြီးနဲ့ ရောက်လာမယ့် ကယ်တင်ရှင်ကို၊ ကိုယ်အုပ်ချုပ်ခဲ့တဲ့ တိုင်းပြည်ရဲ့နာမည် မပြောနိုင်ပါက အထင်သေးပြီး ပစ်ထားခဲ့မှာလည်း စိုးရိမ်ရပြန်သေးသည်။

ထို့ကြောင့် အခုကတည်းက ဝေးဝေးကနေ ကြိုကြိုတင်တင် ရှင်းရှင်းလင်းလင်း နားလည်စေရန် Unknown Country (အမည်မသိ တိုင်းပြည်)ဟု တစ်ခါတည်း ဖြောင့်ချက်ပေးလိုက်သည်။

(လူကြီးသူမတွေဟာ တချို့ကိစ္စတွေမှာ မလိုအပ်ဘဲ တိုင်ပတ်ပြီး ကိုယ့်ဇာတ်ကိုယ်ရှုပ်နေတတ်မှန်း သင်တို့လည်း သိသင့်သလောက် သိပါလိမ့်မည်)

တစ်ရက်မှာတော့ အဘိုးကြီးဟာ လုပ်နေကြအတိုင်း သဲသောင်ပြင်ပေါ် စာရေးကောင်းနေတုန်း ရင်ဘတ်ထဲစူးစူးအောင့်အောင့် ခံစားလိုက်ရကာ ချွေးများထွက်လာပြီး မူးခနဲမိုက်ကနဲဖြစ်သွားသည်။

ဘုရား‥ဘုရား‥

မိစ္ဆာတစ်ကောင်က ငါ့နှလုံးသားတစ်ခုလုံးကို အားပြင်းပြင်းနဲ့ ဖျစ်ညှစ်ပစ်လိုက်သလိုပါပဲလား‥။ ငါအသက်ရှုလို့မဝတော့ဘူး…

ငါ‥ငါ‥သေရတော့မှာလား…

ဟင်‥သေခြင်းတရား…

ဟာ…။

အခုချိန် ငါဗြုန်းစားကြီး သေသွားခဲ့ရင်…။

ရုပ်ရှင်တွေ၊ ပြဇာတ်တွေထဲကလို ယမမင်းကြီးဟာ သံခရင်းခွကြီးကိုင်ပြီး ငါ့ကို နတ်ပြည်ပဲပို့ရမှာလား၊ ငရဲပြည် ပဲပို့ရမှာလား စစ်ဆေးဦးမှာလား…။

ယမမင်းကို လာဒ်ထိုးရမယ့် တံစိုးလက်ဆောင်ကဘာလဲ…။

အို…။ မသက်သာမှုတိုင်းကို ဘာပုဒ်မ၊ ညာပုဒ်မတပ်ပြီး ငါ လူတော်တော်များများကို ဖမ်းဆီးထောင်ချခဲ့ဖူးတယ်။ တချို့လည်း ထောင်ထဲမှာ သေကုန်ကြတယ်။ တချို့လည်း အခုအချိန်ထိ ရောဂါဘယတွေနဲ့ ထောင်ထဲမှာ ရှိနေတုန်းပဲ‥။ သူတို့တွေလွတ်ကြပြီလား‥။ ငါသူတို့ကို လွှတ်ပေးချင်လိုက်တာ‥။

ငါ့ကြောင့် မိသားစုတွေ ဝေးကွာခဲ့ကြရတယ်။ နာကျင်ခဲ့ကြရတယ်။ ပန်းဗင်ဂျာမှာ သမိုင်းဒဏ်ရာတွေ မရှိဘူး။ ငါ့တိုင်းပြည်မှာ သမိုင်းအမာရွတ်တွေ အများကြီးပဲ‥။

အို‥။ ဒီလိုတော့လည်း ဘယ်ဟုတ်ဦးမလဲ‥။ ငါ့ကြောင့်တချို့မိသားစုတွေလည်း ချမ်းသာကြီးပွားခဲ့ကြတာပဲ။ ယမမင်းကိုတွေ့ရင် ငါပြောမယ်‥။ ငါဟာ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်၊ လက်မှုလယ်ယာကနေ စက်မှုလယ်ယာ

www.burmeseclassic.com

www.burmeseclassic.com



စနစ်ကို ပြောင်းပေးခဲ့နိုင်တယ်။ ဒါ့ကြောင့် ငါဟာ နတ်ပြည် နဲ့ ထိုက်တန်တယ်။

အို..ငါ ဘာတွေတွေးနေတာလဲ..။ ငါ မသေရသေးဘူး။ မသေရဘူး..။

အဘိုးကြီးမှာ ထိုသို့ ဓာသုံးတန်ပြန်ရင်း ယောင်တိယောင်ကန်း တွေးနေစဉ် မိမိခန္ဓာကိုယ်ထဲ စက်ထည့်ထားရမှန်း ရေးရေးကလေး မှတ်မိလာသည်။

သို့သော် ထုံးစံအတိုင်း ဘယ်နားထည့်လို့ထည့်ထားမှန်းမသိ..။

ဦးနှောက်မှာလား..။ တင်ပဆုံထဲမှာလား..၊ နံရိုးထဲမှာလား..။ အဆုတ်ထဲအသည်းထဲမှာလား..။ အို..ဘယ်နေရာမှာ စက်ထည့်ထားရပါလိမ့်..။

စဉ်းစားရကျပ်လာပြီး မှုးဝေနောက်ကျိကာ သောင်ပြင်ပေါ် အရုပ်ကြိုးပြတ်လဲတော့မည့်ဆဲဆဲ၊ ကျွန်းသားတစ်ယောက်က အဘိုးကြီးကို ညင်သာစွာပွေ့ပိုက်လိုက်ပြီး အငြိမ်းချမ်းဆုံး စကားတစ်ခွန်း ဆိုလိုက်သည်။

"အဘိုး..အရမ်းပင်ပန်းနေပြီ..ကျွန်တော်တို့ တတ်နိုင်သလောက် ဆေးကုပေးပါ့မယ်"

## အခန်း (၂၇)

ပန်ဗင်ဠာရဲ့ ရိုးရှင်းတဲ့ ကုထုံးတွေကတော့ တကယ့်ကို အံ့မခန်းလောက်အောင်ပါပဲ..။

မြို့ပြမှာလို ရောဂါတစ်ခုတဲ့ပေ့ဆိုရင် နားကြပ်ထောက် စမ်းသပ်၊ လေဆာရောင်ခြည်စက်ထဲဖြတ်ပြီး ငွေကြေးနဲ့အသက် ဆက်ရတာမျိုးမဟုတ်..။

"လောဘ၊ ဒေါသ၊ မောဟ၊ ကောက်ကျစ်စဉ်းလဲမှုတွေ မရှိတဲ့နေရာမှာ မြက်တစ်ပင်၊ နွယ်တစ်ပင်ကအစ အစွမ်းထက်တယ်ဆိုရင် အဘိုးယုံမလား.."

ဆေးဆရာဟာ စမ်းချောင်းထဲက ကျောက်တုံးပုဝိုင်းဝိုင်းကလေးတွေ စိမ်ထားတဲ့ရေတစ်ခွက်တိုက်ပြီး အရိုးသားဆုံး စကားကို ဆိုသည်။

အခုဆိုရင် အဘိုးကြီးဟာ လူကောင်းပကတိလို ပေါ့ပါးသွက်လက်၊ အမောခံနိုင်၊ အလုပ်လုပ်နိုင်လာပြီ။ စိတ်တွေလည်း စင်ကြယ်လာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးရောဂါဟာ သက်သာရုံတင်မကဘူး၊ လုံးဝကို ပျောက်သွားပြီး၊ တဖြည်းဖြည်းနဲ့အဘိုးရဲ့ မှတ်ဉာဏ်ချို့ယွင်းတဲ့ ရောဂါဟာ ပျောက်သွားလိမ့်မယ်။ စိတ်ကိုစင်စင်ကြယ်ကြယ် အေးအေးချမ်းချမ်းနဲ့ နေကြည့်ပါ အဘိုး..အဘိုးဘယ်ကလာ တယ်ဆိုတာ သတိရလာလို့ အကူအညီပေးမယ့်သူတွေ ရောက် လာခဲ့ရင် အဘိုးလိုက်ချင်လိုက်သွားပေါ့...။ ပန်ဗင်ဂျာဟာ ဘယ်သူ့ကိုမှ လက်ယက်မခေါ်သလို၊ ဘယ်သူ့ကိုမှ ဆွဲမထား ပါဘူး.."

တကယ်ပဲ လအနည်းငယ်ကြာလာတော့ အဘိုးကြီးရဲ့ မှတ်ဉာဏ်ဟာ လူကောင်းပကတိလို ပြန်ဖြစ်သွားခဲ့သည်။

ငါဟာ တိုင်းပြည်ရဲ့အကြီးအကဲ သက်ငြိမ်နိုင်ငံက လာခဲ့တယ်။ Silent 3 ကို ငါ့ရဲ့ အတ္တမာနကို ကမ္ဘာကိုချပြဖို့ မိုက်မဲစွာစီးခဲ့တယ်။

"ဒီမှာတော့ ငွေကြေး၊ အာဏာ၊ မြို့ပြစည်းစိမ် ဘာတစ်ခုမှ မရှိဘူး။" ထို့အတူ၊ လောဘ၊ မောဟ၊ ဒေါသ၊ ဝေဒနာ၊ ရောဂါ အို...ဘာတစ်ခုမှ မရှိဘူး..အဘိုး.."

အေးချမ်းလိုက်တဲ့စကား မြင့်မြတ်လိုက်တဲ့ စကား..။

အခုနေများ လေယာဉ်ပျံတစ်စီးဖြစ်ဖြစ်၊ သင်္ဘောတစ် စင်းဖြစ်ဖြစ်၊ ရောက်လာခဲ့ရင် ငါ လိုက်သွားဖို့ဆိုတာ သေချာ ဦးမှာလား..။

သေခြင်းတရားဆိုတာ မနက်ဖြန်လား..သဘက်ခါလား ဆိုတာ ငါမသိ..။



ငါဟာ မဟာလူသားဆိုတာ သေချာရဲ့လား..။ သေခြင်းတရားနဲ့ မျက်နှာချင်းဆိုင် ရင်ဆိုင်လိုက်ရချိန်မှာ အသက် ကို ဝဝတောင် ငါရှူသွင်းခဲ့နိုင်လို့လား..။

ငါ့ရဲ့ အုပ်ချုပ်မှုကာလတွေမှာ ငါ့နိုင်ငံကလူတွေ ပန်ဗင်ဂျာက လူတွေလောက် ငြိမ်းချမ်း၊ အေးချမ်းခဲ့ကြရဲ့လား..။

ကြည့်စမ်း..ဒီနေရာဟာ မိုးမျှော်တိုက်တာတွေ မရှိ တာတော့ ဟုတ်တယ်။ ပင်လယ်ပြင်မှာ ထီးထီးမားမားရပ်တည် နေတဲ့ ကျွန်းကြီးတွေရဲ့ မာကျောမှုထုထည်ဟာ ခွန်အားတစ်ခုလို ငါ့နှလုံးသားကို မစီးဆင်းစေဘူးလား..။

အဆုံးမရှိ ကျယ်ပြန့်လှတဲ့ ကောင်းကင်ပြင်ကြီးဟာ ငါ့စိတ်တွေကို မရှင်းလင်းစေဘူးလား။

ခြောက်နှစ်အရွယ်ကလေးငယ်တစ်ယောက်ရဲ့ မပီကလာ ပီကလာ တီးမှုတ်ကျူးရင့်သံတွေဟာ ငါ့နှလုံးသား ကို မအေးမြစေဘူးလား..။

ကျွန်းသားအချင်းချင်း လောဘမရှိ၊ ပကတိရိုးရှင်းတဲ့ ဆက်ဆံရေးက ငါ့စိတ်တွေကို ပီတိမဖြစ်စေဘူးလား..။

တခါတခါ ရောက်လာတတ်ကြတဲ့ မုန်တိုင်းကြမ်း ကြမ်းတွေဟာ၊ ငါတို့ဟာ ခွန်အားနည်းတဲ့လူပိစိကွေးလေးတွေ ဖြစ်တယ်ဆိုတဲ့ တရားကို မပြသနိုင်ဘူးလား။

လောဘ၊ ဒေါသ၊ မောဟ၊ ကောက်ကျစ်စဉ်းလဲမှုတွေ မရှိတဲ့နေရာမှာ မြက်တစ်ပင်၊ နွယ်တစ်ပင်ကအစ အစွမ်းထက် တယ်ဆိုတာ အဘိုးယုံမလား..။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အို..ဟုတ်တယ်..ငါယုံရတော့မယ်..။ ငါယုံရလိမ့် မယ်၊ ငါယုံတယ်။

ယန္တဖင်ဘွာကျွန်းသားတွေဟာ မြက်တစ်ပင်ရဲ့သိက္ခာက အစ တန်ဖိုးထားကြတယ်။ ငါကကော ငါ့နိုင်ငံက လူတစ်ဦး ချင်းဆီရဲ့ သိက္ခာကို တန်ဖိုးထားခဲ့ရဲ့လား..။

ငါ့နိုင်ငံမှာ ပျောက်ကင်းအောင် ကုသလို့မရတဲ့ ရောဂါ ဝေဒနာတွေဟာ ဒီကျွန်းကလေးမှာမှ ဘာကြောင့်ပျောက်ကင်း သွားရတာလဲ..။

ငါ ရှာဖွေနေတာ..၊ စက်မှုထွန်းကားတဲ့နိုင်ငံတွေက လူသားတွေ ရှာဖွေနေတာ ဘာလဲ..!။ ဘာလဲ..! ။ ဘာလဲ..!။

တကယ်တော့ ငါတို့တွေ လိုအပ်နေကြတာတစ်စက္ကန့် တိုင်း၊ တစ်စက္ကန့်တိုင်းကို ပီတိ၊ ငြိမ်းချမ်းအေးမြမှု သောကကင်းဝေး မှု၊ ရောဂါဘယကင်းရှင်းမှုတွေနဲ့ ဖြတ်သန်းဖို့ပဲ မဟုတ်လား..။ ဒီထက် ငါတို့ဘာများ ပိုပြီး လိုအပ်ဦးမှာလဲ..။

အဘိုးကြီးက တွေးခေါကောင်းနေတုန်း ကျွန်းသားလေး တစ်ယောက် အဘိုးကြီးနားကပ်ပြီး စကားတစ်ခွန်းဆိုလိုက်သည်။

"အဘိုး...မြင်မလား...အဘိုးရေးထားတဲ့ S.O.S ကို မြင်သွားလို့နဲ့ တူတယ် ကောင်းကင်မှာ လေယာဉ်တစ်စီးဝဲနေတာ ကြာပြီ..."

"ဟော....."

www.burmeseclassic.com

www.burmeseclassic.com

တစ်ခေတ်တခါက ဘုန်းမီးနေလတောက်ပခဲ့သော အဘိုးကြီးကို (ကျွန်ုပ်၏ ဇာတ်ကောင်ဖြစ်လင့်ကစား) လွတ်လပ်စွာ ဆုံးဖြတ်နိုင်စေရန်၊ စာရေးသူသဘောနှင့် ဇာတ်ကို မသိမ်းတော့ဘဲ ဝတ္ထုကို ဤနေရာတွင် ရပ်တန့်လိုက်သည့်အတွက် သင်တို့ စိတ်ဆိုးကောင်းဆိုးကြပါလိမ့်မည်။

ပုံဝတ္ထုတွေ၊ ပြဇာတ်တွေ(ဥပမာ- ခင်ဒရဲလား၊ စနိုးဝှိုက်)ထဲတွင် ဇာတ်ကောင်၏ စိတ်ရင်းအတိုင်း၊ ပျော်ရွှင်သော အဆုံးသတ်ဇာတ်သိမ်း ရရှိမှုကြောင့် ပရိသတ်များ နှစ်ခြိုက်သွားပေးမှုကို စာရေးသူက ရရှိပါသည်။

သို့သော်…။

ပြင်ပလောကတွင်မူ အချို့ကိစ္စ၊ အချို့ကဏ္ဍများမှာ လှပပျော်ရွှင်စွာ ဇာတ်သိမ်းသွားလေသတည်းဟု မှတ်ချက်ချရန် ခေါ်လှန်းနေတတ်ပြီး၊ သတိနဲ့ အချိန်ကာလမဲ့ စောင့်ကြည့်နေရသည်က များပါသည်။

We are never deceived; we deceived ourselves.

GOETHE

ကျွန်ုပ်တို့သည် မည်သည့်အခါမှ အလိမ်မခံရ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ လိမ်ညာနေခြင်း ကြောင့် ဖြစ်သည်။

ဂိုးထေး

ညေး
(၂၁.၈.၁၂)(၁၂း၂၂)
nyayyy@gmail.com
www.facebook.com/Nyay Nyay

BURMESE CLASSIC .com

www.burmeseclassic.com